မြဝတီ နေ့စဉ်

အမှားအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မိမိထက် အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါး တို့သည် တိုးပွားကုန်၏။ **ဓမ္မပဒ**

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၅၅)

၁၃၈၆ ခုနှစ်၊ နတ်တော်လကွယ်နေ့
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်၊ တနင်္ဂနွေနေ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနှုန်းကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်း

စာ - ၇ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အင်းတိုင်တပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်းများမှ ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား သွားရောက်တွေ့ဆုံအမှာစကားပြောကြား

နိုင်ငံတော်နှင့်တပ်မတော်က ယုံကြည်အားကိုးရသည့် နိုင်ငံ့သားကောင်းများ၊ မိသားစုက လေးစားတန်ဖိုးထားရသည့် ပြည်သူ့သားကောင်းများအဖြစ် ကြိုးစားနေထိုင်သွားကြရန်လို



နေပြည်တော် ဒီဇင်ဘာ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းတိုင်တပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်းများမှ ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ★

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်)

ပြင်ဦးလွင်မှာအပန်းဖြေစရာ ကန်တော်ကြီးနှစ်တစ်ရာ

ပြင်ဦးလွင်မြို့သည် လွန်စွာအေးချမ်းသာယာ၍ ကြည်နူးဖွယ်အလွန်ကောင်းသည့် မြို့များတွင် ထိပ်ဆုံးက ပါဝင်သည်။ ရာသီဥတုမျှတသည့်အတွက် နေရထိုင်ရသည်မှာ စိတ်လက်ချမ်းသာကိုယ်ကျန်းမာရှိလှသည်။ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များ အများဆုံးလာရောက်လည်ပတ်သည့်နေရာများတွင် ပြင်ဦးလွင် ဒေသလည်းပါဝင်သည်။ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ယခုအခါ နှစ်(၁၀၀)ပြည့်မြောက် ခဲ့ပြီဖြစ်သည်။ အမျိုးသားကန်တော်ကြီး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်(၁၇)ကြိမ်မြောက် ပန်းပွဲတော်ကို **ဒီဇင်ဘာလ ၁၄ ရက်မှ ၂၀၂၅ ခုနှစ်ဇန်နဝါရီလ ၁၂ ရက်အထိ**ကျင်းပလျက်ရှိရာ လာရောက်လည်ပတ် သူများနှင့် စည်ကားလျက်ရှိသည်။

ပြင်ဦးလွင်သည် နိုင်ငံအတွက်အလှများစွာဖန်တီးပေးလျက်ရှိရာတွင် သဘာဝအလှများသာမက နိုင်ငံတော်ကိုစဉ်ဆက်မပြတ်အကျိုးပြုမည့် နိုင်ငံ့သားကောင်းများကိုလည်း မွေးထုတ်ပေးလျက်ရှိသည်။ အဆိုပါနိုင်ငံ့သားကောင်းများမှာ နိုင်ငံတော်၏ ပစ္စုပ္ပန်နှင့်အနာဂတ်အတွက် အားကိုးအားထားပြုရမည့် "နောင်တစ်ခေတ်၏အောင်စစ်သည်" အရာရှိများနှင့် "ကျင့်ဝတ် တီထွင် စွမ်းအားရှင်" ဆိုသည့် အင်ဂျင်နီယာ အရာရှိများဖြစ်သည်။ ပြင်ဦးလွင်ကို ယခင်ကမေမြို့ဟုခေါ်တွင်ခဲ့သည်။ မေမြို့ဆိုသည်မှာ အင်္ဂလိပ်တို့မှည့်ခေါ် ခဲ့သည့်အမည်ဖြစ်ပြီး ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်တွင် ပြင်ဦးလွင်ဟုပြောင်းလဲခဲ့သည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ပြင်ဦးလွင်၏အထိမ်းအမှတ်များစွာထဲမှ ထင်ရှားသောအထိမ်း အမှတ်တစ်ခုဖြစ်သည်။ အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ၁၉၂၄ ခုနှစ်တွင် ဧက ၂၄၀ ရှိပြီး သစ်တော ဦးစီးဌာနမှ မေမြို့ရုက္ခဗေဒဥယျာဉ်ကြိုးဝိုင်းဟုစတင်သတ်မှတ်ခဲ့သည်။ ထိုအချိန်မှစ၍ မြေဧရိယာတိုးချဲ့ ခြင်း၊အပင်များတိုးချဲ့စိုက်ပျိုးပြီး ပုံစံများအဆင့်ဆင့်ပြောင်းလဲလုပ်ဆောင်ခဲ့သည်။ လက်ရှိအချိန်တွင် ရေပြင်ဧရိယာ ဧက ၇၀ အပါအဝင် အမျိုးသားကန်တော်ကြီးဥယျာဉ်၏အကျယ်အဝန်းမှာ ၄၃၆ ဧကကျော်ရှိ သည်။ ၂၀၀၁ ခုနှစ်မှစတင်ကာ ဥယျာဉ်အဆင့်မြှင့်တင်ခြင်းများဆောင်ရွက်ခဲ့ပြီး အမျိုးသားကန်တော်ကြီး ဥယျာဉ်အဖြစ် အမည်ပြောင်းခဲ့သည်။ အဆိုပါဥယျာဉ်ကြီးတွင် ပန်းပွဲတော်ကိုနှစ်စဉ်နှစ်တိုင်း တစ်နှစ်နှင့် တစ်နှစ်မတူအောင်၊ ပိုမိုလှပပြီးကြည့်ရှုချင်စဖွယ်ဖြစ်အောင်ဆောင်ရွက်ခဲ့ရာ ယခုနှစ်သည် အမျိုးသား ကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့်နှင့်ပန်းပွဲတော်မှာ (၁၇)ကြိမ်မြောက်သို့ရောက်ရှိပြီဖြစ်သည်။

ယခုနှစ်တွင်မြင်ကွင်းကျယ်ပန်းစိုက်ပျိုးပြသထားရာ လာရောက်လည်ပတ်ကြသည့် ဧည့်သည်များ အနေဖြင့် ပန်းခင်းအကျယ်ကြီးများကိုတွေ့မြင်ခံစားပြီး အလှဓာတ်ပုံများရိုက်ကူးကြသည်။ မြင်သူတွေ ကြည်နူးစေဖို့ ပန်းအရေအတွက်အနေဖြင့် နှစ်သိန်းခွဲမှသုံးသိန်းအကြား စိုက်ပျိုးပြသထားသည်။ မျိုးစိတ်အနေဖြင့် ပြည်တွင်း၊ ပြည်ပမျိုးစိတ် ၄၀ ကျော်ရှိပြီး နှစ်စဉ်နှစ်တိုင်း ထူးခြားသည့်ပန်းအမျိုး အစားများကို ပြသလေ့ရှိသည်။ ယခုနှစ်တွင် နှင်းဆီပြကွက်အဖြစ် နှင်းဆီပန်းဥယျာဉ်ငယ်ကို အရေအတွက်အများအပြားဖြင့် စိုက်ပျိုးပြသထားသည်။ နှင်းဆီမှာလည်း ရနံ့မွေးသည့်နှင်းဆီများကို စိုက်ပျိုးထားခြင်းဖြစ်၍ မျက်စိပသာဒအားဖြင့်လည်းကောင်း၊ ရနံ့မွေးပျံ့သည့်ခံစားချက်အရလည်း ကောင်းဧည့်သည်များကိုစိတ်ကြည်နူးမှုပေးနိုင်သည့် ပြကွက်တစ်ခုဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သည် ပြင်ဦးလွင်မြို့အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် သုမဂ်လာစျေးတည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် **"အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် (၁၇)ကြိမ်မြောက်ပန်းပွဲတော်သို့လာရောက်အပန်းဖြေကြမည့်သူများ များပြားနိုင်သဖြင့် လိုအပ်သည်များကိုပြည့်စုံစွာ ဆောင်ရွက် ပေးထားရန် လိုကြောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ပြင်ဦးလွင်မြို့၏ အထိမ်းအမှတ်နေရာ(Land Mark)တစ်ခုဖြစ်သဖြင့် ရေရှည်တည်တံ့စေရေးနှင့်ခရီးသွားများအမြဲမပြတ် လည်ပတ်နိုင်စေရေး စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း"**လမ်းညွှန်ခဲ့သည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်ဖွင့်လှစ်ထားခြင်းမှာ လာရောက်လည်ပတ်သူများအတွက် အပန်းဖြေ သက်သာမဟုတ်ဘဲ သစ်တောသစ်ပင်မျိုးစေ့များကို မျိုးမသုဉ်းအောင်ကာကွယ်စောင့်ရှောက်ရန်၊ သုတေသနလုပ်ငန်းများကို အထောက်အကူပြုရန်နှင့် လေ့လာလည်ပတ်ရန် အများပြည်သူနှင့်သက်ဆိုင်သော ဥယျာဉ်တစ်ခုဖြစ်ရန် ရည်ရွယ်တည်ဆောက်ဖွင့်လှစ်ခြင်းဖြစ်သည်။နှစ်(၁၀၀)ပြည့်ပြီး ပန်းများစုံလင် လှသည့် ပွဲတော်အချိန်အခါအခွင့်ကောင်းမှာ ကြုံတောင့်ကြုံခဲသည့်အခွင့်အရေးတစ်ခုဖြစ်သည်။ ပြင်ဦးလွင်မြို့သည် တောင်ပေါ်အပန်းဖြေမြို့တော်၊ ချယ်ရီမြို့တော်၊ ပန်းမြို့တော်၊ ကော်ဖီမြို့တော်ဟု ခေါ်ဆိုကြသည်နှင့်အညီ ပန်းချယ်ရီနှင့်စတော်ဘယ်ရီများ၊ အရောင်အသွေးနှင့်ဒီဇိုင်းလှပသည့် သိုးမွေး ဆွယ်တာများ၊ တောရိုင်းစံပယ်နှင့်ပန်းရိုင်းနေကြာများတို့မှာ ပြင်ဦးလွင်၏အလှများဖြစ်သည်။ အမျိုးသား ကန်တော်ကြီးဥယျာဉ်မှာ မြန်မာတို့၏နှစ်သစ်ကူးမဟာသင်္ကြန်အခါတော်ရက်များအတွင်း လာရောက်အနားယူ အပန်းဖြေသူများနှင့် ပြည့်နေသည့်နေရာဖြစ်သည်။ ထို့ကြောင့် မိသားစုအလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အမျိုးသားကန်တော်ကြီးဥယျာဉ်နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်နှင့်(၁၇)ကြိမ်မြောက် ပန်းပွဲတော်သို့သွားရောက် အပန်းဖြေကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှု များကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတ သော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည် ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရန် အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်ရေး။

၅။ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြင့်တင်ရေးတို့ အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်း ဖော်ဆောင်ရေး။

မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းများဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၈

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် Mother International School ကိုယ်ပိုင်ကျောင်း၌ ဒီဇင်ဘာလ ၂၇ ရက် မွန်းလွဲပိုင်းတွင် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်း၊ ဘေးကင်းလွတ်မြောက် ရာသို့ထွက်ခွာခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းများကို ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါမီးဘေးလုံခြုံရေးအသိပညာပေးဟောပြော ရာတွင် ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးရာဇာမင်းမြတ်က မီးဘေးအန္တရာယ် ကြုံတင်ကာကွယ်ရေးအတွက် မီးဘေးအန္တရာယ်ဆိုင်ရာများကို သတိရှိစေရန်နှင့် အရေးပေါ်ဆက်သွယ်ရမည့် ဖုန်း နံပါတ်များ၊ မီးလောင်မှုအခြေခံသဘောတရားများ၊ မီးငြိမ်းသတ်ခြင်းစနစ်များ၊ လျှပ်စစ်မီးလောင်မှုဖြစ်စေ သည့် အဓိကအကြောင်းရင်းများ၊ ဘေးကင်းလွတ် မြောက်ရာသို့ အန္တရာယ်ကင်းစွာစနစ်တကျထွက်ခွာ ခြင်းများ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မီးသတ် ဆေးဘူးအသုံးပြုနည်းများအား အသိပညာပေးပြော ကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ် တပ်ဖွဲ့ဝင်များက ဘေးကင်းလွတ်မြောက်ရာသို့ ထွက် ခွာခြင်းအား ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ရိုးရိုးမီး၊ ဆီမီး၊ Gas မီးလောင်မှုများကို လက်တွေ့ငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူး၊ မီးသတ်ပိုက်ဖြင့် လက်တွေ့မီးငြိမ်း သတ်သရုပ်ပြသ၍ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်စေကြောင်း သိရသည်။ (၄၁၃)

သဇင် (FM) အသံလွှင့်အစီအစဉ်

၂၉-၁၂-၂၀၂၄(တနင်္ဂနွေနေ့)

၁။	၀၈:၀၀ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ	၃။	၁၃:၅၀ Music Crazy
၂။	၁၀:၄၀ နိပါတ်တော်လာ သိမှတ်စရာ	၄။	၁၄:၅၅ Sporty Zone
		၅။	၁၆:၅၅ Relaxing Moment
		၆။	၂၁:၄၀ အသံလွှင့်ဇာတ်လမ်း

မြဝတီ ခုနှစဉ် Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်လမ်းကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာ၀နံခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာ၀နံခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

တောင်ကြီးမြို့၌ သူနာပြု - သားဖွား ဒီပလိုမာအောင်လက်မှတ်ပေးအပ်ပွဲကျင်းပ

တောင်ကြီး ဒီဇင်ဘာ ၂၈

တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြဖို့ခိုင်ရေးအတွက် လူတိုင်းကျန်းမာသည့် လူဘောင်အဖွဲ့အစည်းဖြစ်လာစေရန် နိုင်ငံတော်အစိုးရအနေဖြင့် ဦးတည်ချက်ရည်မှန်းချက်များကိုချမှတ်ပြီး အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သူနာပြု-သားဖွားဒီပလိုမာအောင်လက်မှတ်ပေးအပ်ပွဲကို ဒီဇင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့မြို့တော်ခန်းမ၌ကျင်းပသည်။



အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ၂၀၂၄ ပညာသင်နှစ်တွင် သူနာပြုသင်တန်းကျောင်း တောင်ကြီးစာစစ်ဌာန၌ ဒီပလိုမာလက်မှတ်ရစာမေးပွဲကို သူနာပြုသင်တန်းကျောင်းမှ ၅၄ ဦးနှင့် သားဖွားသင်တန်းကျောင်းမှ ၅၃ ဦး၊ လွိုင်ကော်မြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းမှ ၂၉ ဦး စုစုပေါင်းဖြေဆိုသူ ၃၃၆ ဦးရှိပြီး ရာနှုန်းပြည့် ဖြေဆိုအောင်မြင်သည်ကို သိရကြောင်း၊ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဂုဏ်ပြုငွေပေးအပ်ရာ သူနာပြု/သားဖွားသင်တန်းကျောင်းအုပ်ဆရာမကြီးများက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒီပလိုမာအောင်လက်မှတ် ရယူကြမည့်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြကြောင်း သိရသည်။ **မောင်မောင်သန်း၊ (၄၀၅)**

အရာတော်မြို့နယ်၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၀၂၄ ကေစိုက်ပျိုးပြီးစီး သီးနှံစျေးနှုန်းများ အထိုက်အလျောက်ကျဆင်းလာစေပြီး ဒေသခံပြည်သူများ သက်သာချောင်ချိမှု ဖြစ်ပေါ်စေနိုင်

အရာတော် ဒီဇင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၃၄၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၁၀၂၄ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန် အရာတော်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၃၄၆ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ၁၀၂၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ လျာထားဧကထက် ပိုစိုက်ပျိုးနိုင်တယ်။ မုန်ညင်း၊ ငရုတ်၊ ဟင်းခတ်အမွှေး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ်သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို တောင်သူတွေကို ဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်”ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်ကပြောသည်။

ယခုနှစ်အရာတော်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်ပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အရာတော်မြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင့်ဆေးပြုလုပ်သုံးစွဲရေးအသိပညာပေးလျက်ရှိသည်။

ဟင်းသီးဟင်းရွက်များ အောင်မြင်အောင် စိုက်ပျိုးနိုင်ပါက ဒေသစျေးကွက်အတွင်း သီးနှံစျေးနှုန်းများ အထိုက်အလျောက် ကျဆင်းလာမည်ဖြစ်ပြီး ဒေသခံပြည်သူများ၏သက်သာချောင်ချိရေးကို အထောက်အကူပြုစေမည်ဖြစ်သည့်အတွက် မိမိဒေသနှင့်ကိုက်ညီသည့် ဟင်းသီးဟင်းရွက်သီးနှံများကို စိုက်ပျိုးသွားသင့်ကြောင်း သိရှိရသည်။

(၄၀၉)

ကျွန်းလှမြို့နယ်၌ ဌာနပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲကျင်းပ



ကျွန်းလှ ဒီဇင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ (၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဌာနပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် ရွှေကျွန်းမြေ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ဌာနအသီးသီးမှ ပြိုင်ပွဲခြောက်သင်း၊ အားကစားသမား ၇၂ ဦးဖြင့် ဒီဇင်ဘာလ ၂၈ ရက်မှ ၃၀ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း၊ ပထမနှင့် ဒုတိယဆုရ အားကစားအသင်းများအား (၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနား၌ ဆုများပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

မြတ်နိုးဖွယ်ရာ မြန်မာကဗျာ

ဗုဒ္ဓစကား

* သူတစ်ထူး၏
ကျေးဇူးရှိလျက်၊ ကျေးဇူးဖျက်ကာ
အမျက်ကြီးမောက်၊ မီးသို့တောက်၍
ကောက်ကွေ့ကာ၊ မာန်မာနနှင့်
ဝါဒအယူ၊ ပျက်စီးမူ
သူယုတ်မာဟု ခေါ်ထိုက်သူ။
သူ့မယားၭ
ပြစ်မှားလွန်ကျူး၊ ရမ္မက်ဆူးတို့
စူးရှသွေးဆူ၊ မိတ်သိမ့်မူ
သူယုတ်မာဟု ခေါ်ထိုက်သူ။

* အမိအဖ၊ ယောကျ္ဘမနှင့်
နှမအစ်ကို၊ စသည်ကိုလျှင်
ဆဲဆိုရိုက်ခတ်၊ ညှဉ်းဆဲတတ်လျက်
လေးမြတ်အယူ၊ မရှိမူ
သူယုတ်မာဟု ခေါ်ထိုက်သူ။

* မိမိကိုယ်ကို
မြှောက်ဆိုချီးပ၊ မော်ကြွားလှလည်း
နှိမ့်ချပြစ်မှား၊ သူတစ်ပါးအား
စော်ကားငြူစူ၊ ကဲ့ရဲ့မူ
သူယုတ်မာဟု ခေါ်ထိုက်သူ။

* အိုကြီးအိုမ၊ မိန္ဒန့်ဖကို
တုပ်ကွလုပ်ကျွေး၊ အခွင့်ပေးလည်း
လုပ်ကျွေးသမှု၊ ဘယ်မပြုဘဲ
ဥပေက္ခာပြု၊ နေစိမ့်မူ
သူယုတ်မာဟု ခေါ်ထိုက်သူ။

* အမျိုးဇာတ်ကြောင့်
သူမြတ်ပိုင်ပိုင်၊ မဖြစ်နိုင်တည့်။

* အမျိုးဇာတ်ကြောင့်
ဂုဏ်ဒြပ်နုံချာ၊ သူယုတ်မာဟု
သေချာဒိဋ္ဌ၊ ဆိုမရတည့်။

* လောကကမ္ဘာ၊ လူတို့ရွာဝယ်
သူငါရှေးရှု၊ ပြုသောမှုကြောင့်
လူ့ဂုဏ်’ယုတ်’ ‘မြတ်’၊ ဖြစ်တည်အပ်ဟု
သိမှတ်သင့်ကြောင်း၊ ဆိုးအကောင်းကို
လမ်းကောင်းညွှန်ပြ၊ မိန့်မြွက်ဟသည်
ဗုဒ္ဓစကား ထိုတရား။ ။
(သုတ္တနိပါတ်၊ ပါဠိတော် ဥရဂဝဂ်)....မှ

မြင်းမူမောင်နိုင်မိုး

တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ပထမကဏ္ဍ (ဖေသိန်း)

လူတစ်ယောက်သည် စုံထောက်မင်းကြီးထံ အလုပ်လျှောက်ထားသည့်အခါ မင်းကြီးသည် ထိုလူ၏ဥပဓိရုပ်ကိုသဘောကျသည်နှင့် ၎င်း၏အရည်အချင်းကို စမ်းသပ်၍ သင့်တော်လျှင် ရာထူးခန့်ထားလိုသောအကြံ ဖြစ်၏။ သို့ဖြစ်၍ မင်းကြီးသည် မိမိသိလိုသောပုဂ္ဂိုလ်တစ်ဦး၏အမည်၊ နေရပ်နှင့်အလုပ်အကိုင်တို့ကို ပြောပြပြီးလျှင် ထိုပုဂ္ဂိုလ်အား မျက်စိအောက်မှ အပျောက်မခံဘဲ နေ့ရော ညပါ အရိပ်သဖွယ်တွယ်ကပ်လိုက်ပါလျက် ၎င်းပြောသမျှ၊ လုပ်သမျှအလုံးစုံကို မိမိထံသို့ အစီရင်ခံစာတင်ပို့ရမည့်အကြောင်း ပြောပြလေ၏။ အလုပ်လျှောက်ထားသောလူသည် မင်းကြီးသိလိုသောပုဂ္ဂိုလ်နှင့် မိတ်ဆွေလည်းမဟုတ်၊ ရန်သူလည်း မဟုတ်လေရကား ထိုပုဂ္ဂိုလ်ပြောသမျှ၊ လုပ်သမျှတို့ကို မိမိမြင်ရသည့်အတိုင်း၊ ကြားရသည့်အတိုင်း တိကျမှန်ကန်စွာ ရေးသားအစီရင်ခံရပေလိမ့်မည်။ မကောင်းသောအခြင်းအရာများကို ဖုံးဖိခြင်းလည်းမရှိ၊ ကောင်းသောအခြင်းအရာများကို ချဲ့ထွင်ခြင်းလည်းမပြု၊ ချီးမြှောက်ခြင်းလည်း မပြု၊ ချောက်တွန်းခြင်းလည်းမရှိ၊ မိမိ၏အမြင်အကြားအတိုင်း ရိုးသားစွာအစီရင်ခံပေလိမ့်မည်။

ထိုနည်းတူစွာ ကျွန်ုပ်မှာလည်း မိမိအကြောင်းကို ရေးသားရာတွင် အထက်ပါစုံထောက်လောင်းကဲ့သို့ သဘောထား၍ အသားလည်းမယူ၊ ရုက်လည်းမရှုက်၊ ဟုတ်မှန်သမျှကို 'အရင်းအတိုင်း' ရေးသားဖော်ပြရန် ကြံရွယ်ပါသည်။ စုံထောက်လောင်းသည် ထိုပုဂ္ဂိုလ်၏စိတ်အကြံများကို သိနိုင်ခွင့်ရှိမည်မဟုတ်ပေရာ ကျွန်ုပ်မှာမူ မိမိအကြံအစည်နှင့် စိတ်ကူးများကိုပါ သိရသည်ဖြစ်၍ စုံထောက်၏အစီရင်ခံစာထက် ပြည့်စုံနိုင်ခွင့်ရှိပါသည်။ မည်သူမဆို နှိုက်နှိုက်ချွတ်ချွတ် စစ်ဆေးလိုက်သည့်အခါ အကောင်းချည်းလည်းမဖြစ်နိုင်၊ အဆိုးချည်းလည်းမဖြစ်နိုင်၊ အကောင်းနှင့်အဆိုး (အနည်းနှင့်အများ) ရောပြွမ်းလျက်ရှိခြင်းကိုသာ တွေ့ရပေလိမ့်မည်။ ကျွန်ုပ်ကိုယ်၌လည်း ဤနည်းအတူ အကောင်းနှင့်အဆိုး ရောနှောလျက်ရှိရမည်သာဖြစ်ရာ ကောင်းသောအချက်အလက်များကို ဖော်ပြသည့်အလှည့်တွင် ဂုဏ်ယူသည် သို့မဟုတ် ကြွားဝါသည်ဟူ၍ သူတစ်ပါးစွပ်စွဲမည်ကိုလည်း မကြောက်၊ မကောင်းသောအချက်အလက်များကို ဖော်ပြသည့်အလှည့်တွင် 'တယ်ရော်တဲ့လူပဲ' ဟူ၍ သူတစ်ပါးကဲ့ရဲ့မည်ကိုလည်းမရှက်၊ ကောင်းလျှင် ကောင်းသလောက်၊ မကောင်းလျှင် မကောင်းသလောက် ရိုးသားစွာတင်ပြလိမ့်မည်ဖြစ်ပါသည်။



ဤမှတ်တမ်းကို ရေးသားရာ၌ ကျွန်ုပ်၏ရည်ရွယ်ချက်မှာ ကောင်းသောအခြင်းအရာများအတွက် သူတစ်ပါးတို့၏ အထင်ကြီးခြင်းကို ခံလိုသောကြောင့်လည်းမဟုတ်၊ မကောင်းသောအခြင်းအရာများကို ဖော်ထုတ်ဝန်ခံလိုသောကြောင့်လည်းမဟုတ်၊ ကောင်းသောအခြင်းအရာများသည် ကျွန်ုပ်အတွင်းသို့ အဘယ်အကြောင်းကြောင့်ရောက်လာသည်၊ မကောင်းသောအခြင်းအရာများသည်လည်း ကျွန်ုပ်၏အဖျစ်တွေသန္ဓာန်သို့ ဘယ်ပုံဘယ်နည်းရောက်လာသည်ဆိုခြင်းကို (လူ့သဘာဝ လေ့လာခြင်းအနေဖြင့်) ထင်ရှားအောင် ဖော်ပြလိုသောကြောင့်မျှသာဖြစ်ပါသည်။ ကျွန်ုပ်၏လက်တွေ့အရဆိုပါမူ လူဆိုသည် ဘဝသံသရာအဆက်ဆက်မှပါခဲ့သည့် ဥဉ်ကလေးများ၊ ဝါသနာအထုံကလေးများကားတစ်ဖက်၊ ပတ်ဝန်းကျင်က ပြုပြင်ခြင်းခံရချက်များကားတစ်ဖက် ရောနှောပေါင်းစပ်လျက်ရှိရာ ကျွန်ုပ်အဖို့ရာ၌ မည်သည်ကားအတိတ်၏ဖန်တီးချက်ဖြစ်သည်၊ မည်သည်ကား ပစ္စုပ္ပန်ဘဝ၏ပြုပြင်မှုဖြစ်သည်ဆိုခြင်းကို (ဉာဏ်မီသလောက်) ပိုင်းခြားဝေဖန်၍ တင်ပြလိုခြင်းဖြစ်ပါသည်။ လိုရင်းအချုပ်၌ ကျွန်ုပ်အကြောင်းကို ကျွန်ုပ်ရေးသားဖော်ပြခြင်းဖြစ်စေကာမူ (အမျိုးသမီးစာရေးဆရာတစ်ဦးက ဝေဖန်ဖူးသည့်အတိုင်း) ငါတည်းဟူသောစိတ်ထားမပါဘဲ အပြင်လူတစ်ယောက် အနေဖြင့် ရေးသားဖို့ကြိုးစားမည်ဖြစ်ပါသည်။ ကျွန်ုပ်၏စာ၌ ငါသဘော (ပလွားလိုသောသဘော) မည်မျှလောက် ကင်း၊ မကင်းကိုမူ စာဖတ်သူတို့ဆုံးဖြတ်ကြရန်ဖြစ်ပါသည်။

ကျွန်ုပ်၏အဖြစ်အပျက်များမှာ အထွာပွတ္တိရိုးရိုးအနေဖြင့် ရေးသားဖော်ပြမည်ဆိုပါက ခပ်ရွှန်းရွှန်း ရေးတတ်သူမဟုတ်ခဲ့လျှင် (ရေးတတ်သူလည်းရှားသည်။) ခြောက်ကပ်ငြီးငွေ့ဖွယ်သောအကြောင်းအရာများ ပါရှိတတ်သည်ဖြစ်သောကြောင့် အဖြစ်အပျက်သက်သက်မျှမက အတွေးအခေါ်များလည်း သက်ဆိုင်ရာနေရာများတွင် ထည့်သွင်းဖော်ပြရပါသည်။ ကျွန်ုပ်၏အတွေးအခေါ်များမှာလည်း (မှန်ကန်ခြင်း၊ မမှန်ကန်ခြင်းကိုအပထား၍) အစဉ်အလာပညာရှိများ၏အယူအဆများနှင့် ကွဲလွဲမှုများရှိလိမ့်မည်ဖြစ်ရာ မည်သည်က သဘာဝကျ၊ မကျကို စာဖတ်သူတို့ စဉ်းစားစရာရရှိခြင်းအားဖြင့် စိတ်ဝင်စားဖွယ်ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ရှေးဦးစွာ မှတ်မိသောအရာ

အခြားတစ်နေရာ၌ ကျွန်ုပ်သည် လူဖြစ်လာသည်မှစ၍ ရှေးဦးစွာ မှတ်မိသောအခြင်းအရာမှာ မေးစေ့ကွဲ၍ တစ်သက်ပတ်လုံးထင်ရှားသော အမှတ်အသားတစ်ခုဖြစ်ရလောက်အောင် အမာရွတ်ထင်ခြင်းအကြောင်းကို ရေးသားခဲ့ဖူးရာ ထိုနောက်တွင် ထပ်မံ၍ စေ့စေ့တွေးပြန်သောအခါ၌ ၎င်းထက်အရင်ကျသော အဖြစ်အပျက်တစ်ခုကို သတိရမိပါသည်။ ကျွန်ုပ်မှာ သားဦးဖြစ်၍ ဒုတိယမွေးဖွားသည့် ကျွန်ုပ်၏ နှမသည် ကျွန်ုပ်ထက် သုံးနှစ်ခန့်ငယ်ရာ အနောက်တိုင်းပြည်များ၌ ခုနစ်လ၊ ၁၀ လမျှသာ မိခင်၏နို့ကို တိုက်ကျွေးကြသည်ဆိုသော်လည်း ကျွန်ုပ်မှာ နှစ်နှစ်ကျော်မျှ နို့စို့ခွင့်ရပါလျက်နှင့်ပင် မိဘများသည် ကျွန်ုပ်အား 'နို့မျက်သား' ကလေးဟုဆိုကာ အထူးဂရုစိုက်၍ အကောင်းဆုံးဆိုသောစားစရာများကို ကျွေးမွေးကြသည်။ (ထိုစဉ်က နို့ဘူးတိုက်သော အလေ့အထရှိကြသေးဟန်မတူပေ။) ပုစွန်တုပ်ကြော်၊ ဝက်သားကင်၊ ကြက်ပေါင်ကြော် စသောစားစရာများသည် ကျွန်ုပ်အတွက်ဖြစ်၍ မိဘများမူကား ကြက်ရိုးနှင့် ဝက်ဆီဝက်ခေါက်လောက်သာစားကြသည်။ ဖခင်၏နှမများ၊ မိခင်၏ညီမများသည် ကျွန်ုပ်တို့ နေအိမ်သို့ တစ်ယောက်တစ်လှည့်လာရောက်၍ ကျွန်ုပ်အားထိန်းရန်အတွက် အတူတကွနေထိုင်ကြရာ အိမ်တွင် ကျွန်ုပ်၏အရီးတစ်ယောက်ယောက်ဖြစ်စေ၊ အဒေါ်တစ်ယောက်ယောက်ဖြစ်စေ၊ ဘယ်အခါမှ ပြတ်တော့သည်မရှိချေ။ တစ်ခါတစ်ရံ နှစ်ယောက်၊ သုံးယောက်ပင်ရှိတတ်ကြ၏။ ၎င်းတို့သည် ကျွန်ုပ်အား အထက်ပါစားစရာကောင်းများကို ဝါး၍ခွံ့ကြရ၏။ နှမကလေးမွေးပြီး၍ ကျွန်ုပ်သုံးနှစ်သားအရွယ် ကျော်ကျော်ရှိသည်တွင် ကျွန်ုပ်သည် စားစရာများဝါးခွံ့သော အရီးများ၊ အဒေါ်များကို သဘောမကျတော့ဘဲ မိခင်ခွံ့ရမည်ဟု တစာစာပူဆာခြင်းကို မှတ်မိသည်။

ကျွန်ုပ်ကြီးပြင်းလာသောအခါ တစ်နေ့သ၌ မိခင်က စကားစပ်မိသည်နှင့် 'မောင်ဖေသိန်းတို့များအစားတော့ သွားမစမ်းလေနဲ့၊ ဝါးခွံ့တဲ့အရွယ်ကတည်းက သူ့အရီးတွေ၊ အဒေါ်တွေခွံ့တာကိုမကြိုက်ဘူး၊ ငါကိုယ်တိုင် ဝါးခွံ့ရတယ်။ ဟုတ်လည်းဟုတ်မှာပေါ့။ ကောင်မလေးတွေကတော့ ဝါးပြီး အချိုရည်တချို့ကို မျိုချကြမှာကိုး၊ အစားအသောက်များတော့ ငယ်ကတည်းက ဒီလောက်နားလည်တဲ့အကောင်ပဲ' ဟု ပြောဖူးရှာသည်။ ကျွန်ုပ်သည် အချိုရည်မျိုချခြင်းအတွက်ကြောင့် အရသာညံ့သွားခြင်းဟူ၍ ငယ်စဉ်က မသိသော်လည်း မိခင်ဝါးခွံ့ခြင်းနှင့် အရီးများခွံ့ခြင်းတို့၏ခြားနားခြင်းကို ငယ်ငယ်ကတည်းကသိကြောင်း မှတ်မိသေးသည်။ ကျွန်ုပ်စဉ်းစားမိသည်ကား 'လျှာ' သည် အရသာသိခြင်းနှင့် စကားပြောခြင်းတည်းဟူသော အလုပ်နှစ်မျိုးလုပ်တတ်ရာတွင် ကျွန်ုပ်၏ 'လျှာ' ကား ပထမအလုပ်၌ ကျွမ်းကျင်လွန်း၍ ဒုတိယအလုပ်ဘက်၌ လျော့နေဟန်တူ၏။ အချို၊ အချဉ်၊ အငန်၊ အစပ်၊ အဆိမ့်၊ အခါးမှစ၍ ကောင်း၊ မကောင်းအရသာအမျိုးမျိုးတို့ကို ကျွန်ုပ်သည် သူတစ်ပါးတို့ထက် အသေးစိတ်သိတတ်၏။ အနောက်တိုင်းပြည်များ၌ ဝိုင်ကုမ္ပဏီကြီးများသည် 'လျှာ' အစွမ်းထက်သော လူများကို Wine Taster အဖြစ်နှင့် လခထောင်သောင်းပေး၍ ငှားထားကြသည်ဆိုရာ ကျွန်ုပ်၏ 'လျှာ' အစွမ်းမှာ ထိုကဲ့သို့ တစ်ဖက်တစ်လမ်းတွင် အသုံးမချနိုင်ဘဲ စကားမပြောတတ်ခြင်းသာလျှင် အဖတ်တင်လျက်ရှိသောကြောင့် တစ်နည်းအားဖြင့် 'လူဖြစ်ရှုံးသည်' ဆိုရမည်လောမပြောတတ်ပေ။

ဆက်လက်ဖော်ပြပါမည်။

ထားဝယ်ခရိုင်၌ ယခုနှစ်တွင် ပြည်ပဈေးကွက်ဝင်ကော်ဖီကို ဧက ၄၇၀ စိုက်ပျိုးနိုင်ပြီး လာမည့်နှစ်တွင် တိုးချဲ့စိုက်ပျိုးရန်လျာထား

ထားဝယ် ဒီဇင်ဘာ ၂၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးရှိ ယခုနှစ်တွင် ထားဝယ်ခရိုင်အတွင်း ပြည်ပဈေးကွက်ဝင် ကော်ဖီဧက ၄၇၀ ကို စိုက်ပျိုးနိုင်ပြီး လာမည့်နှစ်တွင် တိုးချဲ့စိုက်ပျိုးရန်လျာထားကြောင်း ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထားဝယ်ခရိုင်အတွင်း ကော်ဖီစိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးတက်ကောင်းမွန်စေရန်နှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ထားဝယ်ခရိုင်အတွင်း အများဆုံးစိုက်ပျိုးထားသော ကွမ်းသီးပင်များကြားတွင် သီးညှပ်အဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ထားဝယ်ခရိုင်မှာ တိုင်းဒေသကြီးအစိုးရရဲ့စီမံချက်နဲ့ ပြီးခဲ့တဲ့နှစ်ကစပြီး ကော်ဖီပင်တွေကို ပျိုးထောင်ပြီးတော့ ဒီနှစ်မှာ စစိုက်တာပါ။ ထားဝယ်ခရိုင်မှာ ကွမ်းသီးပင်တွေကပေါတော့ တောင်သူအများစုက ကွမ်းသီးပင်တွေကြားမှာ သီးညှပ်စိုက်ကြပါတယ်။ ကွမ်းသီးတွေကနေလည်း ဝင်ငွေရမယ်၊ ကော်ဖီတွေကနေလည်း ဝင်ငွေရမယ်ဆိုတော့ တောင်သူတွေအတွက် ပိုပြီးအကျိုးရှိတာပေါ့" ဟု ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုနှစ်တွင် ထားဝယ်ခရိုင်အတွင်း ကော်ဖီစိုက်ပျိုးရာတွင် ထားဝယ်မြို့နယ် ၌ ၅၁ ဧက၊ လောင်းလုံးမြို့နယ်၌ ၁၃၂ ဧက၊ သရက်ချောင်းမြို့နယ်၌ ၁၆၄ ဧကနှင့် ရေဖြူမြို့နယ်၌ ၁၂၃ ဧက စုစုပေါင်း ဧက ၄၇၀ စိုက်ပျိုးနိုင်ခဲ့သည်။

လာမည့်နှစ်တွင်လည်း ထားဝယ်ခရိုင်အတွင်း ကော်ဖီစိုက်ဧက ၂၅၀ ထပ်မံတိုးချဲ့စိုက်ပျိုးရန်လျာထားပြီး ထားဝယ်မြို့နယ်၌ ၇၅ ဧက၊ လောင်းလုံးမြို့နယ်၌ ဧက ၅၀၊ သရက်ချောင်းမြို့နယ်၌ ဧက ၅၀၊ ရေဖြူမြို့နယ်၌ ဧက ၅၀ နှင့် ကလိန်အောင်မြို့နယ်၌ ၂၅ ဧက စိုက်ပျိုးမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုတွင် စိုက်ပျိုးရေးကဏ္ဍသည် အဓိကကျလျက်ရှိရာ အဆိုပါကဏ္ဍမှ နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်သည့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းကို ရေရှေ့ရာသီဥတုနှင့် ကိုက်ညီသည့်ဒေသများ၌ စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောင်းဦး

မြန်မာနိုင်ငံစာရေးဆရာအသင်း မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ငွေကျပ်သိန်း ၁၀၀ နှင့် ၁၂၆ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည်များလှူဒါန်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ လှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀ နှင့် ၁၂၆ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည်များအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က လက်ခံရယူစဉ်။

ရန်ကုန် ဒီဇင်ဘာ ၂၈

မြန်မာနိုင်ငံစာရေးဆရာအသင်း ၁၃၈၆ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ငွေကျပ်သိန်း ၁၀၀ နှင့် ၁၂၆ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည်များအား ပေးအပ်လှူဒါန်းသည်။

သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး လှုမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကန်တော့ခံသက်ကြီးစာပေပညာရှင် ဆရာကြီး၊ ဆရာမကြီးများ၊ မြို့နယ်စာရေးဆရာအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ထံမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ နှင့် ၁၂၆ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည်များအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က လက်ခံရယူသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ငွေကျပ် ၂၅ သိန်းအား ပုံနှိပ်ပတ်သက်ပြီး တန်ဖိုးထားအလေးထားပါကြောင်း၊ (၇၅)ကြိမ်မြောက် စိန်ရတု အမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ငွေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁)တွင် နိုင်ငံတော်အဆင့်ကျင်းပခဲ့ပြီး စာပေပညာရှင်ကြီးများအား နိုင်ငံတော်က ချီးမြှင့်သလို နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း သီးခြားချီးမြှင့်ပေးခဲ့ပါကြောင်း။

အခက်အခဲအကျပ်အတည်းအမျိုးမျိုးကြားမှ နှစ်စဉ်မပျက် သက်ကြီးစာပေပညာရှင်ကြီးများကို ပူဇော်ကန်တော့ပွဲကျင်းပပေးနေသည့် မြန်မာနိုင်ငံစာရေးဆရာအသင်းသည် စာပေကျေးဇူးအထူးထူးကို ရည်စူးပူဇော်ကန်တော့ပွဲများ ကျင်းပပေးနေသည့်အတွက် မင်္ဂလာတရားနှင့် ပြည့်စုံနေပါကြောင်း၊ ယခုလို အစဉ်အလာကောင်းများကို ဆက်လက်ထိန်းကျောင်းမြဲတင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က နှုတ်ခွန်းဆက်စကားပြောကြားပြီး အလှူရှင်စာရင်းကို မြန်မာနိုင်ငံစာရေးဆရာအသင်း ဘဏ္ဍာဌေးဂျာဖွေရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး အမျိုးသားစာပေ တစ်သက်တာဆုရ ဦးညွှန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က ဖတ်ကြားသည်။

ထို့နောက် ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများအား ပြည်ထောင်စုဝန်ကြီးနှင့်အခမ်းအနားသို့ တက်ရောက်လာကြသူများက ကန်တော့ချိုးဖြင့်လက်အုပ်ချီမိုးကန်တော့ကြပြီး ပစ္စည်းနှင့်ငွေများပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများကိုယ်စား သိပ္ပကျော်စွာဘွဲ့ရ စာရေးဆရာကြီး ပါမောက္ခ ဒေါက်တာမြသိန်းဟန်က သြဝါဒစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများနှင့် စာပေပညာရှင်ကြီးများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့သည်။

ယနေ့တွင်သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့က ငွေသားကျပ်သိန်း ၁၀၀၊ အမျိုးသား ၂၄၁ ဦးအတွက် အက်ဂျီလက်ရှည် (Smart) များ၊ ပုဆိုး (ရွှေလွန်းပျံ) ၂/၈၀ နှင့် Smart လက်ဆွဲအိတ်များ တန်ဖိုးငွေကျပ် ၁၀၇၀၀၄၀၀ နှင့် အမျိုးသမီး ၃၅ ဦးအတွက် ခြံုပဝါများ၊ ပါတိတ်ဝမ်းဆက်နှင့် Smart လက်ဆွဲအိတ်များ တန်ဖိုးငွေကျပ် ၁၉၆၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၆၀၄၀၀ အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည်ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့တို့မှစာပေပညာရှင်များကို ဥဏ်ပူဇော်ခများ ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ခြင်းအခမ်းအနားသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဥဏ်ပူဇော်ခများနှင့် ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ခြင်းအခမ်းအနားသို့တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများနှင့် စာပေလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၅၀၀)



မြန်မာနိုင်ငံစာရေးဆရာအသင်း မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲ ကျင်းပစဉ်။

လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်ရှိသွေးကြောများ သွေးလည်ပတ်မှုကောင်းစေသည်။

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြေသားတင် သဲဖြုန်းလမ်းသစ်ဖွင့်ပွဲကျင်းပ

နမ့်စန် ဒီဇင်ဘာ ၂၈

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လွယ်ဆိုင်း(အနောက်) ကျေးရွာ၌ ကျေးရွာတွင်း မြေသားတင် သဲဖြုန်းလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်မြင့်သောင်းနှင့် နမ့်စန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးနေမျိုးထွန်းတို့က အဖွင့်အမှာစကားများပြောကြားကြသည်။

ဆက်လက်၍ နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးက လွယ်ဆိုင်း(အနောက်)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် မြေသားတင် သဲဖြုန်းလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ကျေးရွာရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက ကျေးရွာမြေသားတင် သဲဖြုန်းလမ်းသစ်မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါမြေသားတင်သဲဖြုန်းလမ်းသည် အရှည် ပေ ၂၈၀၀၊ အကျယ် ၁၂ ပေ၊ မြေသားထု ၁ ပေ၊ သဲဖြုန်း ၉ လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေ ငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၃ ဒသမ ၁၈ သန်းကိုအသုံးပြုကာ ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **စိန်လွင်(ကျေးလက်)**



စည်ပင်သာယာမြို့မဈေးကြီးနှင့် တမွဝတီဈေးသစ်တို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေးခြင်းများဆောင်ရွက်


ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ဒီဇင်ဘာလ ၂၇ ရက်က မြို့မစည်ပင်သာယာဈေးကြီးနှင့် တမွဝတီဈေးသစ်တို့၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးအရာရှိ ဦးသန်းမြင့်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သည့်အစီအစဉ်များနှင့် မီးလောင်မှုဖြစ်ပွားပါက ပြည်သူများအနေဖြင့် မှန်ကန်သည့်သတင်းအချက်အလက်များဖြင့် ကူညီကြရန်လိုအပ်ကြောင်းတို့ကို အသိပညာပေးပြောကြားသည်။

ယင်းနောက် မီးသတ်ဆေးဘူးအသုံးပြုနည်းနှင့် မီးလောင်ရာတွင် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်းများကို ဈေးတာဝန်ရှိသူများ၊ ဈေးသူ၊ ဈေးသားများ လက်တွေ့ပါဝင်ဆောင်ရွက်စေခြင်းနှင့် မီးသတ်ကားဖြင့် မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက မြို့မစည်ပင်သာယာဈေးကြီးနှင့် တမွဝတီဈေးသစ်အတွင်း ဈေးဆိုင်ခန်းများ၌ မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**



သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) ၌ အဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

စစ်ကိုင်း ဒီဇင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ အဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာလ ၂၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီက တက္ကသိုလ်မှ စီးပွားရေးနှင့် ICT ပညာရပ်အပြင် လူမှုရေးစိတ်ဓာတ်နှင့် ပူးပေါင်းဆောင်ရွက်တတ်သော သဘောတရားများ၊ အလိုအပ်ဆုံးသောအခြေခံကောင်းများကို သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများကို ယှဉ်ပြိုင်နိုင်သော စွန့်ဦးတီထွင်လုပ်ငန်းရှင်များဖြစ်အောင် ကြိုးစားကြရန်၊ ယနေ့မောင်မယ်တို့သည် ရိုးသားဖြောင့်မတ်သော၊ အများအကျိုးဆောင်လိုသော၊ တိုးတက်ကြီးပွားလိုသော စိတ်ကောင်းများဖြင့် ဘက်စုံကဏ္ဍစုံမှ နိုင်ငံတော်ကို လက်တွေ့အကျိုးပြုကြရန်လိုကြောင်း၊ နိုင်ငံတော်မှအားထားရသော တာဝန်ယူတတ်သည့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်စွမ်းဆောင်ရှင်များ ဖြစ်ကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် မဟာဘွဲ့ခုနစ်ဦး၊ စီးပွားရေးသိပ္ပံဘွဲ့ ၂၂၁ ဦး၊ Dip HRM ဒီပလိုမာတန်း ၂၅ ဦးရှိပြီး တက်ရောက်ဘွဲ့ယူသူ ၂၁၀ ဦး၊ အဝေးရောက်ဘွဲ့ယူသူ ၄၅ ဦးတို့ကို သက်ဆိုင်ရာဘွဲ့လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

ကျိုက်လတ်မြို့နယ်၌ ဒေသထွက်တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး စိုက်ပျိုးသူများအဆင်ပြေ

ကျိုက်လတ် ဒီဇင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ဒေသထွက်တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး စိုက်ပျိုးသူများ အဆင်ပြေနေကြောင်း ကျိုက်လတ်မြို့နယ် ကုန်စိမ်းဈေးမှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မိုးမိုး၏ပြောပြချက်အရ သိရသည်။

ကျိုက်လတ်မြို့နယ် ကုန်စိမ်းဈေးကွက်၌ ဒေသထွက်တိုင်ထောင်ပဲသီးများသည် ဒီဇင်ဘာလဒုတိယပတ်မှစ၍ တစ်ရက်လျှင် ပိဿာ ၂၅၀ မှ ၄၀၀ အထိ အရောင်းအဝယ်ပြုလုပ်နေရကြောင်း သိရသည်။

''ဒေသထွက် တိုင်ထောင်ပဲသီးတွေကို တခြားမြို့နယ်တွေက ဝယ်လိုအားများနေတယ်။ လက်ရှိ တစ်ရက်ကို တိုင်ထောင်ပဲသီးပိဿာ ၄၀၀ အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက်ကုန်တွေအများအပြားစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးလာနိုင်ပါတယ်။ အခုလို ဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေ အခွင့်အလမ်းပိုမိုရရှိလာပါတယ်"ဟု ဒေါ်မိုးမိုး ကပြောသည်။

ကျိုက်လတ်မြို့နယ်၌ လက်ရှိ ဒေသထွက်ရာသီကုန် ဟင်းသီးဟင်းရွက်များထွက်ပေါ်နေသည့်အချိန်ဖြစ်ပြီး တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းကာ အရောင်းသွက်လာသည့်အတွက် စိုက်ပျိုးသူများ မိသားစုအပိုဝင်ငွေရရှိကြောင်း သိရသည်။ **သုတကျော်**

သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၇၂/၂၀၂၄)
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည်အောက်ပါပြစ်မှုအမျိုးအစားများနှင့်သက်ဆိုင်စေရမည်-

(က) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့် ပြစ်မှုများ၊

(ခ) နိုင်ငံဖြတ်ကျော်ကျူးလွန်သည့် မှုခင်းများနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊

(ဂ) ဤဥပဒေနှင့်သက်ဆိုင်သည်ဟု ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခါအားလျော်စွာ သတ်မှတ်သည့် ပြစ်မှုများ။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပစ္စည်း** ဆိုသည်မှာ ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့် ပုံစံဖြင့်မဆိုတည်ရှိသော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါပစ္စည်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်းစာရွက်စာတမ်းအမှတ်အသား၊ အီလက်ထရောနစ် နည်းလမ်းဖြင့် အဆိုပါပစ္စည်းကိုအသုံးချ၍ ဆောင်ရွက်ရာမှရရှိသည့် အကျိုးအမြတ်၊ အခွင့်အရေး၊ အစုပေါ်အမြတ်၊ ပိုင်ဆိုင်ခွင့်နှင့် အခြားဝင်ငွေများလည်း ပါဝင်သည်။

(ခ) **တိရစ္ဆာန်** ဆိုသည်မှာ လူမှတစ်ပါး အခြားသက်ရှိသတ္တဝါအားလုံးကိုဆိုသည်။

(ဂ) **သက်သေခံပစ္စည်း** ဆိုသည်မှာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ခုခုဖြင့် သိမ်းဆည်းထားသော သို့မဟုတ် ဝရမ်းကပ်ထားသော သို့မဟုတ် ချိပ်ပိတ်ထားသောပစ္စည်း သို့မဟုတ် တိရစ္ဆာန်ကို ဆိုသည်။

(ဃ) **တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ယင်းပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းကိုရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း သို့မဟုတ် ချိပ်ပိတ်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများကိုဆိုသည်။

(ဇ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသော သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုကော်မတီကိုဆိုသည်။

(စ) **ဒေသဆိုင်ရာကော်မတီ** ဆိုသည်မှာ ဗဟိုကော်မတီကဖွဲ့စည်းသော တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကိုဆိုသည်။

(ဆ) **သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံး** ဆိုသည်မှာ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရန်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်များတွင် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် ရုံးများကိုဆိုသည်။

(ဈ) **ခံဝန်ချုပ်ဖြင့်အပ်နှံခြင်း** ဆိုသည်မှာ သက်သေခံပစ္စည်းများ ပျက်စီးပျောက်ဆုံးမှုမရှိစေရန်နှင့် တန်ဖိုးယုတ်လျော့မှုမရှိစေရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက သက်သေခံပစ္စည်း၏ပိုင်ရှင်သို့မဟုတ် လက်ရှိဖြစ်သူ သို့မဟုတ် ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူဟု ယုံကြည်ရသူတစ်ဦးဦးအား ခံဝန်ချုပ် ချုပ်ဆို၍ အပ်နှံခြင်းကို ဆိုသည်။

(ဈ) **ပစ္စည်းထိန်း** ဆိုသည်မှာ မရွှေ့မပြောင်းနိုင်သည့် သက်သေခံပစ္စည်းများ၊ သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော သက်သေခံပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် အခကြေးငွေပေး၍ တာဝန်ပေးအပ်ခံရသူကိုဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် တရားရုံးများက ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းမှုဖြစ်စေ၊ စုံစမ်းစစ်ဆေးမှုဖြစ်စေ၊ စစ်ဆေးစီရင်မှုဖြစ်စေ ဆောင်ရွက်ဆဲကာလအတွင်း သိမ်းဆည်းထားသည့် သက်သေခံပစ္စည်းများဆုံးရှုံးမှုမရှိစေရေးနှင့်တန်ဖိုးယုတ်လျော့မှုမရှိစေရေးအတွက် စနစ်တကျစီမံထိန်းသိမ်းရန်၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူ့ပယောဂကြောင့်ဖြစ်စေ သက်သေခံပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးအတွက် သက်သေခံပစ္စည်းများကို စနစ်တကျစီမံထိန်းသိမ်းရန်၊

(ဂ) သဘာဝအလျောက် တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများကို တရားရုံး၏အမိန့်နှင့်အညီ စီမံခန့်ခွဲနိုင်ရန်၊

(ဃ) နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ထားသော သက်သေခံပစ္စည်းများကို အလွဲသုံးစားမှုမဖြစ်စေဘဲ နိုင်ငံတော်၏ ဘဏ္ဍာငွေတိုးပွားစေရေးအတွက် စနစ်တကျစီမံခန့်ခွဲရန်။

အခန်း(၃)
ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(၂) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(၃) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(၄) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၅) ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(၆) ဒုတိယဝန်ကြီး အဖွဲ့ဝင်
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၇) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

(၈) ဒုတိယဝန်ကြီး အဖွဲ့ဝင်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန

(၉) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၁၀) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(၁၁) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သစ်တောဦးစီးဌာန

(၁၂) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

(၁၃) ရဲချုပ် အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(၁၄) ဌာနကြီးမှူး တွဲဖက်အတွင်းရေးမှူး
မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ခ) ဗဟိုကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က)ပါသတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊ မူဝါဒနှင့်အညီ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ခ) မိမိ၏လုပ်ငန်းတာဝန်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာကော်မတီများကိုဖွဲ့စည်းခြင်း၊ ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) ဒေသဆိုင်ရာကော်မတီများနှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) သက်သေခံပစ္စည်းများကို စီမံထိန်းသိမ်းရေး၊ စီမံခန့်ခွဲရေးနှင့် စပ်လျဉ်း၍ ဒေသဆိုင်ရာကော်မတီများ၏ တင်ပြချက်များအပေါ် ဆုံးဖြတ်ချက်ပေးခြင်း၊

(င) တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့် ချမှတ်ခွင့်ရှိသည့် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့် ချမှတ်ထားသောမြေနှင့် မရွှေ့မပြောင်းနိုင်သော သက်သေခံပစ္စည်းများကို စီမံခန့်ခွဲနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(စ) တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့် ချမှတ်ခွင့်ရှိသည့် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့် ချမှတ်ထားသော ရွှေ့ပြောင်းနိုင်သည့် သက်သေခံပစ္စည်းများအား လေလံတင်ထုခွဲရောင်းချရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို ညွှန်ကြားခြင်း၊

(ဆ) တရားရုံးသို့ တရားစွဲဆိုတင်ပို့ရာတွင် ပါဝင်ခြင်းမရှိသည့် အမှုမှ သက်သေခံပစ္စည်းများအားလည်းကောင်း၊ တရားစွဲဆိုတင်ပို့နိုင်ခြင်းမရှိသည့်အမှုမှ သက်သေခံပစ္စည်းများအားလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို ညွှန်ကြားခြင်း၊

(ဇ) သက်သေခံပစ္စည်းများထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများအတွက် သုံးစွဲရန်လိုအပ်သည့်အသုံးစရိတ်ကို ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံခြင်း၊

(စျ) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း ဆိုင်ရာဆောင်ရွက်ချက် အစီရင်ခံစာများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ လစဉ်တင်ပြခြင်း၊

(ည) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

အခန်း(၄)
ဒေသဆိုင်ရာကော်မတီများဖွဲ့စည်းခြင်း

၇။ ဗဟိုကော်မတီသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဥက္ကဋ္ဌ
တိုင်းဒေသကြီး သို့မဟုတ်
ပြည်နယ်အစိုးရအဖွဲ့

စာမျက်နှာ ၈ သို့ ❍

❍ **စာမျက်နှာ ၇ မှအဆက်**

(၂) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(၃) အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၄) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(၅) အခွန်ဦးစီးဌာနမှူး အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
ပြည်တွင်းအခွန်များဦးစီးဌာန

(၆) တိုင်းဒေသကြီး သို့မဟုတ်
ပြည်နယ်ဥပဒေအရာရှိ အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး

(၇) တာဝန်ခံအရာရှိ အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
ရှေးဟောင်းသုတေသနနှင့်
အမျိုးသားပြတိုက်ဦးစီးဌာန

(၈) ဦးစီးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၉) ဦးစီးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

(၁၀) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်သစ်တောဦးစီးဌာန

(၁၁) ဒုတိယအထွေထွေမန်နေဂျာ အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

(၁၂) တပ်ဖွဲ့ခွဲမှူး သို့မဟုတ်
ကြီးကြပ်သူအရာရှိ အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(၁၃) ရဲတပ်ဖွဲ့မှူး အတွင်းရေးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့

(ခ) ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) နေပြည်တော်ကောင်စီ၊ အဖွဲ့ဝင်(၁) ဥက္ကဋ္ဌ
ပြည်ထောင်စုနယ်မြေ

(၂) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပြည်ထောင်စုနယ်မြေ

(၃) အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုနယ်မြေ

(၄) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထောင်စုနယ်မြေ

(၅) အခွန်ဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
ပြည်ထောင်စုနယ်မြေ

(၆) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(၇) တာဝန်ခံအရာရှိ အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့်
အမျိုးသားပြတိုက်ဦးစီးဌာန
ပြည်ထောင်စုနယ်မြေ

(၈) ဦးစီးမှူး အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
ပြည်ထောင်စုနယ်မြေ

(၉) ဦးစီးမှူး အဖွဲ့ဝင်
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
ပြည်ထောင်စုနယ်မြေ

(၁၀) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
သစ်တောဦးစီးဌာန
ပြည်ထောင်စုနယ်မြေ

(၁၁) ဒုတိယအထွေထွေမန်နေဂျာ အဖွဲ့ဝင်
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ပြည်ထောင်စုနယ်မြေ

(၁၂) တပ်ဖွဲ့ခွဲမှူး အဖွဲ့ဝင်
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
နေပြည်တော်

(၁၃) ရဲတပ်ဖွဲ့မှူး အတွင်းရေးမှူး
နေပြည်တော်ရဲတပ်ဖွဲ့
ပြည်ထောင်စုနယ်မြေ

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မခွဲ(ခ)ပါသတ်မှတ်ချက်များနှင့်အညီ နေရာဒေသအလိုက် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဗဟိုကော်မတီကချမှတ်သည့် မူဝါဒများအားအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက သက်သေခံပစ္စည်းများကို ခံဝန်ချုပ်ဖြင့်အပ်နှံခြင်း၊ ပစ္စည်းထိန်းအားတာဝန်ပေးအပ်ခြင်းတို့နှင့် စပ်လျဉ်း၍ တင်ပြချက်ကို ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးခြင်း၊

(ဂ) သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော သက်သေခံပစ္စည်းများကို သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးသို့ အပ်နှံခြင်းနှင့် စပ်လျဉ်း၍ အချိန်ကာလသတ်မှတ်ပေးခြင်း၊

(ဃ) တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်း အမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ်အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာသိမ်း အမိန့်ချမှတ်ထားသော ရွှေ့ပြောင်းနိုင်သည့် သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရန်ဗဟိုကော်မတီမှ တာဝန်ပေးအပ်လာပါက သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) တရားရုံးသို့ တရားစွဲတင်ပို့ရာတွင် ပါဝင်ခြင်းမရှိသည့် အမှုမှ သက်သေခံပစ္စည်းများကိုလည်းကောင်း၊ တရားစွဲဆိုတင်ပို့နိုင်ခြင်းမရှိသည့်အမှုမှ သက်သေခံပစ္စည်းများကို လည်းကောင်း ဗဟိုကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ စီမံခန့်ခွဲခြင်း၊

(စ) နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ထားသော သက်သေခံပစ္စည်းများအနက် ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများကို ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် ရောင်းချခြင်းမှရရှိသော ငွေကြေးများကို သက်ဆိုင်ရာဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းခြင်း၊

(ဆ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက ထိန်းသိမ်းထားသည့် သက်သေခံပစ္စည်းများအား လစဉ်စစ်ဆေးကြပ်မတ်ခြင်း၊

(ဇ) မိမိ၏လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန်ရုံးအဖွဲ့ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဈ) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ ဆောင်ရွက်ချက် အစီရင်ခံစာများကို ဗဟိုကော်မတီသို့ လစဉ်တင်ပြခြင်း၊

(ည) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သော သက်သေခံပစ္စည်းများစီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ဗဟိုကော်မတီသည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) အလုပ်အမှုဆောင်ကော်မတီဝင်(၁)ဦး ဥက္ကဋ္ဌ
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ်
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ သို့မဟုတ်
ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၂) ခရိုင်ဦးစီးဌာနမှူး အဖွဲ့ဝင်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(၃) ခရိုင်တာဝန်ခံအရာရှိ အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(၄) မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ်
ခရိုင်အခွန်ဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန

(၅) ခရိုင်ဥပဒေအရာရှိ အဖွဲ့ဝင်
ခရိုင်ဥပဒေရုံး

(၆) ခရိုင်ဦးစီးမှူး အဖွဲ့ဝင်
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

(၇) ခရိုင်ဦးစီးမှူး အဖွဲ့ဝင်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၈) ခရိုင်ဦးစီးမှူး အဖွဲ့ဝင်
သစ်တောဦးစီးဌာန

(၉) တာဝန်ခံအရာရှိ အဖွဲ့ဝင်
မြန်မာ့ကျောက်မျက်ရတနာ
ရောင်းဝယ်ရေးလုပ်ငန်း

(၁၀) ဒေသရဲကွပ်ကဲမှုအဖွဲ့မှူး သို့မဟုတ်
ခရိုင်ရဲတပ်ဖွဲ့မှူး အတွင်းရေးမှူး

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က)ပါသတ်မှတ်ချက်များနှင့်အညီ နေရာဒေသအလိုက်ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံး ကြီးကြပ်ကွပ်ကဲသူအရာရှိ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ခ) မရွှေ့မပြောင်းနိုင်သည့် သက်သေခံပစ္စည်းကိုဖြစ်စေ၊ သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသောသက်သေခံပစ္စည်းကိုဖြစ်စေ ခံဝန်ချုပ်ဖြင့် အပ်နှံခြင်း သို့မဟုတ် ပစ္စည်းထိန်းအားတာဝန်ပေးအပ်ခြင်းတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ခြင်း၊

(ဂ) သက်သေခံပစ္စည်းဖြစ်သော တိရစ္ဆာန်များကိုထိန်းသိမ်းရန် ပစ္စည်းထိန်းအား တာဝန်ပေးအပ်ခြင်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် အပ်နှံခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) သဘာဝအလျောက် တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများကို ပျက်စီးဆုံးရှုံးမှုမရှိစေရန် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအား တရားစွဲဆိုတင်ပို့ခြင်းမပြုမီ တရားရုံးအမိန့်ဖြင့် ထုခွဲရောင်းချစေပြီး ရရှိသော ငွေကြေးကို သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ငွေစာရင်းတွင်ထိန်းသိမ်းထားပြီး စစ်ဆေးစီရင်မှုပြီးဆုံးသည့်အခါ တရားရုံး၏ အမိန့်နှင့်အညီဆောင်ရွက်ခြင်း၊

(င) တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ပါက အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရမည့်ရက်ကျော်လွန်သည့်အခါ အဆိုပါသက်သေခံပစ္စည်းများကို စီမံခန့်ခွဲနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် သို့မဟုတ်ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ ဆောလျင်စွာတင်ပြခြင်း၊

စာမျက်နှာ ၉ သို့ ❍

❍ **စာမျက်နှာ ၈ မှအဆက်**

(စ) ထိန်းသိမ်းထားရှိသော သက်သေခံပစ္စည်းများကို ပျက်စီးမှုနှင့် ပျောက်ဆုံးမှုမရှိစေရေး လစဉ်စစ်ဆေးကြပ်မတ်ခြင်း၊

(ဆ) သက်သေခံပစ္စည်းများ ရွှေ့ပြောင်းခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကျမည့် အသုံးစရိတ်များနှင့် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံး၏ အသုံးစရိတ်များကိုတွက်ချက်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်ပြတောင်းခံခြင်း၊

(ဇ) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး ဆောင်ရွက်ချက် အစီရင်ခံစာကို သက်သေခံပစ္စည်းစာရင်းများနှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(စျ) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးအား ကြီးကြပ်ကွပ်ကဲခြင်း၊

(ည) သက်သေခံပစ္စည်းအဖြစ်ထိန်းသိမ်းထားသော ယာဉ်အမျိုးမျိုး၊ စက်ယန္တရားများနှင့်အခြားသက်သေခံပစ္စည်းများအား မပျက်စီးစေရန်စီမံခြင်း၊

(ဋ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက အခါအားလျော်စွာပေးအပ်သောသက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

အခန်း(၅)

သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံး တည်ထောင်ခြင်းနှင့် ရုံးဝန်ထမ်းခန့်အပ်တာဝန်ပေးအပ်ခြင်း

၁၁။ ပြည်ထဲရေးဝန်ကြီးဌာနသည်-

(က) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်များတွင် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးကို တည်ထောင်ပေးရမည်။

(ခ) သက်သေခံပစ္စည်းစီမံထိန်းသိမ်းရေးရုံးအတွက် လိုအပ်သော ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးအပ်ရမည်။

(ဂ) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးကို ကြီးကြပ်ကွပ်ကဲရန်ရဲမှူးအဆင့်အောက်မနိမ့်မသော ရဲအရာရှိတစ်ဦးကို ကြီးကြပ်ကွပ်ကဲသူအရာရှိအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရမည်။

အခန်း(၆)

တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ တာဝန်

၁၂။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးသို့ အပ်နှံရမည်။

၁၃။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများကို သက်ဆိုင်ရာ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးသို့အပ်နှံရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ အခြားဓာတုပစ္စည်းများ၊ လက်နက်ခဲယမ်းမီးကျောက်များ သို့မဟုတ် ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်ပြီး ခန့်မှန်းကာလတန်ဖိုးကျပ် ၁၀ သန်းနှင့်အထက်ဖြစ်ပြီး တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် ပစ္စည်းဖြစ်ပါက နီးစပ်ရာသက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးသို့ ၄၈ နာရီအတွင်း သယ်ယူပို့ဆောင်အပ်နှံခြင်း၊

(ဂ) သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော ပစ္စည်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက သတ်မှတ်သည့်အချိန်ကာလအတွင်း သယ်ယူပို့ဆောင်အပ်နှံခြင်း။

၁၄။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများကို သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးသို့အပ်နှံရာတွင် အောက်ပါတို့ကို ပူးတွဲပေးအပ်ရမည်-

(က) သက်သေခံပစ္စည်းတစ်ခုချင်းစီ၏ အရေ၊ အနောက်၊ ဘေး ဝဲ၊ ယာနှင့် လိုအပ်ပါက အပေါ်နှင့် အောက်တို့အား ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ၊

(ခ) ယာဉ်အမျိုးမျိုး သို့မဟုတ် စက်ယန္တရားများဖြစ်ပါက ကနဦး ယာဉ်စစ်ဆေးချက်ပုံစံနှင့်အတူ ယာဉ် သို့မဟုတ် စက်ယန္တရားများ၏ အတွင်းနှင့်အပြင်အခြေအနေများအား ပေါ်လွင်အောင် ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ၊

(ဂ) အဆောက်အဦဖြစ်ပါက ယင်းအဆောက်အဦအတွင်းနှင့် အပြင်အခြေအနေများအား ပေါ်လွင်အောင်ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ၊

(ဃ) ရှာဖွေပုံစံ သို့မဟုတ် ပစ္စည်းသိမ်းပုံစံမိတ္တူ၊ ကျွမ်းကျင်သူ၏ စစ်ဆေးတွေ့ရှိချက် မှတ်တမ်းများ။

၁၅။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် တရားရုံးသို့ တရားစွဲဆိုတင်ပို့ရာတွင်-

(က) ထိန်းသိမ်းရန်လွယ်ကူသည့် သက်သေခံပစ္စည်း သို့မဟုတ် ရွှေ၊ ငွေ၊ ရတနာနှင့် အဖိုးတန် သက်သေခံပစ္စည်းများကို သက်ဆိုင်ရာ တရားရုံးသို့ တစ်ပါတည်းတင်ပြရမည်။

(ခ) တရားရုံးသို့ တင်ပို့ရန်မလွယ်ကူသော သက်သေခံပစ္စည်းများဖြစ်ပါက အဆိုပါသက်သေခံပစ္စည်းများကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း သို့မဟုတ် မည်ကဲ့သို့စီမံခန့်ခွဲထားကြောင်း အထောက်အထားဖြင့် တရားရုံးသို့တင်ပြရမည်။

အခန်း(၇)

သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်း

၁၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက တရားစွဲဆိုတင်ပို့ခြင်း မပြုမီ လာရောက်အပ်နှံသော သက်သေခံပစ္စည်းများကို အောက်ပါအတိုင်း စီမံခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းပြုနိုင်သည်-

(က) ထိန်းသိမ်းရန်လွယ်ကူပြီး တန်ဖိုးနည်းသက်သေခံပစ္စည်းများကို သက်ဆိုင်ရာရဲစခန်းတွင် ထိန်းသိမ်းစေခြင်း၊

(ခ) ဘဏ်လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများ၊ အဖိုးတန်စာတမ်းအမှတ်အသားများ၊ ရွှေ၊ ငွေ၊ ရတနာနှင့် အဖိုးတန်ပစ္စည်းများကို သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်၌ သတ်မှတ်ချက်များနှင့်အညီ အပ်နှံထိန်းသိမ်းစေခြင်း၊

(ဂ) အစိုးရနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများသို့ စာရင်းဇယားနှင့်အတူ လွှဲပြောင်းပေးအပ်ထိန်းသိမ်းစေခြင်း၊

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် မရွှေ့မပြောင်းနိုင်သောသက်သေခံပစ္စည်းများ သို့မဟုတ် သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသည့် သက်သေခံပစ္စည်းများကို ထိန်းသိမ်းရန် ပစ္စည်းထိန်းအားတာဝန်ပေးအပ်ခြင်း၊

(င) ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများကို သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးတွင် ထိန်းသိမ်းခြင်း၊

(စ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် သိမ်းဆည်းရမိသည့်တိရစ္ဆာန်များကို ထိန်းသိမ်းရန် ပစ္စည်းထိန်းအား တာဝန်ပေးအပ်ခြင်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် အပ်နှံခြင်း။

အခန်း(၈)

သက်သေခံပစ္စည်းများ စီမံခန့်ခွဲခြင်း

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်း အမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသည် သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာသိမ်းရန် အမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက သိမ်းဆည်းထားသည့် သဘာဝအလျောက်တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၁၈။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည် သဘာဝအလျောက် တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများကို တရားစွဲဆိုတင်ပို့ခြင်းမပြုမီ ထုခွဲရောင်းချခွင့်ပြုရန် သက်ဆိုင်ရာတရားရုံးသို့ လျှောက်ထားပြီး တရားရုံး၏ အမိန့်နှင့်အညီ ဆောင်ရွက်ရမည်။

၁၉။ တရားရုံးသည်-

(က) အမှုဖြင့်တင်ပြထားသော သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်မှု မပြီးဆုံးမီဖြစ်စေ၊ ပြီးဆုံးသည့်အခါတွင်ဖြစ်စေ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်သေခံပစ္စည်းစီမံခန့်ခွဲသည့်အမိန့်ကို သက်ဆိုင်ရာ ဒေသဆိုင်ရာကော်မတီသို့ အကြောင်းကြားရမည်။

(ခ) ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားစွဲဆိုသည့်အမှုမှ သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေ အခန်း ၄၃၊ ပစ္စည်းများကို စီမံခန့်ခွဲခြင်းအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။

(ဂ) ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ(၇)အရ အစိုးရကစီမံခန့်ခွဲသည့် သို့မဟုတ် စီမံခန့်ခွဲပြီးဖြစ်သည့် ပစ္စည်းဖြစ်ပါက ယင်းပစ္စည်း၏ ပိုင်ရှင်အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၉ အရ ပြန်လည်ပေးအပ်ခြင်းမပြုလျှင် သို့မဟုတ် ဝရမ်းစွဲကပ်သည့်နေ့မှ နှစ်နှစ်အတွင်း ယင်းပစ္စည်း၏ပိုင်ရှင်သည် တရားရုံးရှေ့သို့ လာရောက်ခြင်းမရှိလျှင် သို့မဟုတ် ယင်းပစ္စည်း၏ ပိုင်ရှင်အား ဖမ်းဆီးရမိခြင်းမရှိလျှင် အဆိုပါပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူသည့်အမိန့် ချမှတ်ရမည်။

၂၀။ ဒေသဆိုင်ရာကော်မတီသည် သဘာဝအလျောက် တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်မှု ပြီးဆုံးသည့်အခါ တရားရုံး၏အမိန့်နှင့်အညီ ဆောင်ရွက်ရမည်။

၂၁။ (က) တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်း အမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသည် သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာသိမ်းရန် အမိန့်ချမှတ်ပါက ယင်းအမိန့်ကို သက်ဆိုင်ရာဒေသဆိုင်ရာကော်မတီသို့ အကြောင်းကြားရမည်။

(ခ) ဒေသဆိုင်ရာကော်မတီသည် ပုဒ်မခွဲ(က)အရ အကြောင်းကြားသည့်အမိန့်ကို ဗဟိုကော်မတီသို့ ဆောလျင်စွာတင်ပြရမည်။

၂၂။ တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်း အမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသည် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးက ထိန်းသိမ်းထားသောမြေနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများမှအပ အခြားသက်သေခံပစ္စည်းကို နိုင်ငံ့ဘဏ္ဍာသိမ်းရန် အမိန့်ချမှတ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရမည့်ရက်ကျော်လွန်လျှင် သတ်မှတ်ချက်များနှင့်အညီ လေလံတင်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်းကို ဗဟိုကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၃။ ဗဟိုကော်မတီသည် တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်သည့် သက်သေခံပစ္စည်းများအနက် မြေနှင့်အဆောက်အဦကဲ့သို့သော မရွှေ့မပြောင်းနိုင်သည့် သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၂၄။ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးက ထိန်းသိမ်းထားရှိသည့် ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများရောင်းချခြင်းမှ ရရှိသောငွေများကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(ခ) ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၂၅။ တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်း အမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသည် သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးက သိမ်းဆည်းထားသော သက်သေခံပစ္စည်းလက်ဝယ်ရရှိထိုက်သူအား ပြန်လည်ပေးအပ်ရန်အမိန့်ချမှတ်ပါက ယင်းပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ကုန်ကျသည့်စရိတ်ငွေများကို **စာမျက်နှာ ၁၀ သို့** ❍

❍ **စာမျက်နှာ ၉ မှအဆက်**

သက်သေခံပစ္စည်းလက်ဝယ်ရရှိထိုက်သူအား ပြန်လည်ပေးသွင်းစေပြီး ယင်းသက်သေခံပစ္စည်းကို ပြန်လည်ပေးအပ်ရမည်။

၂၆။ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး ကော်မတီသည် သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးတွင်ထိန်းသိမ်းထားသော သက်သေခံပစ္စည်းကိုဖျက်ဆီးရန် တရားရုံးမှအမိန့်ချမှတ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် သို့မဟုတ်ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသို့တင်ပြပြီး လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

အခန်း(၉)

စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခြင်း၊ အရေးယူခြင်းနှင့် အယူခံခြင်း

၂၇။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ထိန်းသိမ်းထားသော သို့မဟုတ် ဝရမ်းကပ်ထားသော သက်သေခံပစ္စည်းများပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် သို့မဟုတ် သတင်းရရှိလျှင် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းအကြောင်းအရင်းကို စုံစမ်းစစ်ဆေးနိုင်ရန် သတ်မှတ်ချက်နှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၂၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ သည် မိမိ၏ ကော်မတီအဖွဲ့ဝင်တစ်ဦးဦးအား ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်စေပြီး သင့်လျော်သည့်ဌာနများမှ ကိုယ်စားလှယ် ၂ ဦးအပါအဝင် အနည်းဆုံး အဖွဲ့ဝင် ၃ ဦးပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၂၉။ ပုဒ်မ ၂၈ အရ ဖွဲ့စည်းတာဝန်ပေးအပ်ထားသော စုံစမ်းစစ်ဆေးရေးအဖွဲ့သည်-

(က) သက်ဆိုင်သည့်ပုဂ္ဂိုလ်များကို စုံစမ်းစစ်ဆေးပြီး လိုအပ်သည့် သက်သေခံချက်များ ရယူနိုင်သည်။

(ခ) စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို သက်သေခံချက်များ၊ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ သဘောထားမှတ်ချက်များနှင့်အတူ သတ်မှတ်ချက်နှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

(ဂ) စုံစမ်းစစ်ဆေးသည့် ကိစ္စရပ်အသီးသီးကို လျှို့ဝှက်ထားရမည်။

၃၀။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် သက်သေခံပစ္စည်းများ ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးလျက်ရှိကြောင်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှ တစ်ဆင့် ဗဟိုကော်မတီနှင့် ယင်းသက်သေခံပစ္စည်းနှင့် သက်ဆိုင်သော အမှုကို စစ်ဆေးနေသောတရားရုံးသို့ ဆောလျင်စွာ တင်ပြရမည်။

၃၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည်စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေသက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသို့ ဆက်လက်တင်ပြရမည်။

၃၂။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီများ၏ အကြံပြုချက်များအရ-

(က) သက်သေခံပစ္စည်းများ ထိန်းသိမ်းရန် တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် လက်ခံထားသူ၏ ပေါ့လျော့မှု၊ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ သဘာဝဘေးအန္တရာယ်တစ်မျိုးမျိုးကြောင့် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို သက်သေခံပစ္စည်းများစာရင်းမှ ပယ်ဖျက်ခွင့်ပြုရန် သက်ဆိုင်ရာ တရားရုံးသို့ တင်ပြရမည်။

(ခ) သက်သေခံပစ္စည်းများ ထိန်းသိမ်းရန်တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် လက်ခံထားသူ၏ ပေါ့လျော့မှု၊ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတို့ကြောင့် သက်သေခံပစ္စည်းများ ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်လျှင် ထိုသူကို ပစ္စည်းတန်ဖိုး ပြန်လည်ပေးလျော်စေရန် အမိန့်ချမှတ်ပြီး ယင်းအမိန့်ကို သက်ဆိုင်ရာ တရားရုံးသို့ တင်ပြရမည်။

(ဂ) သက်သေခံပစ္စည်းများ ထိန်းသိမ်းရန်တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် လက်ခံထားသူက သက်သေခံပစ္စည်းကို အခြားပစ္စည်းတစ်ခုခုဖြင့် လဲလှယ်ခြင်း၊ အတုပြုလုပ်အစားထိုးခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် ရောင်းချခြင်းပြုလုပ်ပါက ဤဥပဒေအရ အရေးယူရန် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီအား ညွှန်ကြားရမည်။

၃၃။ ပုဒ်မ ၃၂ ပုဒ်မခွဲ(ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက ချမှတ်သော ဆုံးဖြတ်ချက်ကိုကျေနပ်မှုမရှိသူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ အယူခံနိုင်သည်။

၃၄။ ဗဟိုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

၃၅။ ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့် အတည်ဖြစ်စေရမည်။

အခန်း(၁၀)

တားမြစ်ချက်များ

၃၆။ သက်သေခံပစ္စည်းများ ထိန်းသိမ်းရန်တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် လက်ခံထားသူ မည်သူမျှ သက်သေခံပစ္စည်းများကို အခြားပစ္စည်းတစ်ခုခုဖြင့် လဲလှယ်ခြင်း၊ အတုပြုလုပ်အစားထိုးခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

၃၇။ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆောင်ရွက်သည့် တာဝန်ရှိသူ မည်သူမျှ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိရ။

၃၈။ မည်သူမျှ ဒေသဆိုင်ရာကော်မတီ၏ စီမံထိန်းသိမ်းမှုအောက်ရှိ သက်သေခံပစ္စည်းကို ခိုးယူခြင်း သို့မဟုတ် ဖျက်ဆီးခြင်းမပြုရ။

အခန်း(၁၁)

ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၉။ သက်သေခံပစ္စည်းများထိန်းသိမ်းရန် တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် လက်ခံထားသူ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံးငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ်သိန်းငါးရာမှ အများဆုံးကျပ်သိန်းတစ်ထောင်အထိ ငွေဒဏ်ချမှတ်ရမည်။

၄၀။ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆောင်ရွက်သည့် တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၃၇ ပါတားမြစ်ချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်သိန်းတစ်ရာမှ အများဆုံး ကျပ်သိန်းငါးရာအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၁။ မည်သူမဆို ပုဒ်မ ၃၈ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးငါးနှစ်မှ အများဆုံးဆုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ်သိန်းငါးရာမှ အများဆုံးကျပ်သိန်းတစ်ထောင်အထိ ငွေဒဏ်ချမှတ်ရမည်။

၄၂။ မည်သူမဆို ဤဥပဒေပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ အားထုတ်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၄၃။ ဤဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ပါက ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

အခန်း(၁၂)

အထွေထွေ

၄၄။ ဤဥပဒေနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများသည် တရားရုံးသို့တင်ပို့ရန်အတွက် သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော သက်သေခံပစ္စည်းများဖြစ်ပါက ယင်းသက်သေခံပစ္စည်းများကို မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးသို့ သက်သေခံပစ္စည်းများ တင်ပြဘိသကဲ့သို့ မှတ်ယူ၍ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့်အမိန့် ချမှတ်ရမည်။

၄၅။ တရားရုံးသည် ဤဥပဒေနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုနိုင်သော သက်သေခံပစ္စည်းများကို စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စစ်ဆေးစီရင်ခြင်းပြုလုပ်သည့် ကာလအတွင်း သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးက ထိန်းသိမ်းထားရန် အမိန့်ချမှတ်နိုင်သည်။

၄၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၄၇။ ဤဥပဒေအရ ပေးအပ်သောလုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သော မည်သူ့ကိုမဆို ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ။

၄၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ပုဒ်မ ၃၂ ပုဒ်မခွဲ (ခ)အရ ပစ္စည်းတန်ဖိုး ပြန်လည်ပေးလျော်စေရန် ပျက်ကွက်သူထံမှ ရရန်ရှိသောငွေများကို အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဒေသဆိုင်ရာကော်မတီဥက္ကဋ္ဌသည် သင့်လျော်သည့် မိမိ၏ကော်မတီအဖွဲ့ဝင်တစ်ဦးဦးအား ကော်လိတ်တော်အရာရှိအဖြစ် တာဝန်ပေးအပ်နိုင်သည်။

၄၉။ ဒေသဆိုင်ရာကော်မတီသည်-

(က) ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများ စီမံခန့်ခွဲရာတွင် တရားရုံးကချမှတ်သောအမိန့်ကို အယူခံ သို့မဟုတ် ပြင်ဆင်မှု တင်သွင်းရမည့်ရက် ကျော်လွန်သည်အထိ စောင့်ဆိုင်းပြီး တရားရုံးအမိန့်နှင့်အညီ စီမံခန့်ခွဲရမည်။

(ခ) ပုဒ်မခွဲ(က)အရ သက်သေခံပစ္စည်းများ အပြီးသတ်စီမံခန့်ခွဲပြီးစီးကြောင်း အစီရင်ခံစာကို သက်ဆိုင်ရာတရားရုံးသို့ ပြန်လည်တင်ပြရမည်။

၅၀။ ဗဟိုကော်မတီသည်တရားရုံး သို့မဟုတ်ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာသိမ်း အမိန့်ချမှတ်ထားသော သက်သေခံပစ္စည်းများအနက် ရွှေ့ပြောင်းနိုင်သည့် သက်သေခံပစ္စည်းများကို အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရမည့်ရက်ကျော်လွန်ပြီး တစ်နှစ်အတွင်း စီမံခန့်ခွဲနိုင်ရေး ကြပ်မတ်ညွှန်ကြားရမည်။

၅၁။ ဗဟိုကော်မတီနှင့်သက်ဆိုင်သည့် ရုံးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆောင်ရွက်ရမည်။

၅၂။ ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီ တရားရုံးတွင် ထိန်းသိမ်းထားရှိသော သက်သေခံပစ္စည်းများသည် ဤဥပဒေနှင့် အကျုံးဝင်ခြင်း မရှိစေရ။

၅၃။ ပုဒ်မ ၂ ပါပြစ်မှုများနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရာတွင် တည်ဆဲဥပဒေများ၌ မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရသာ လိုက်နာဆောင်ရွက်ရမည်။

၅၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်-

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

မြတ်နိုးထိန်းသိမ်းစေချင်
သဘာဝပတ်ဝန်းကျင်

မြန်မာပြည်အလယ်ပိုင်းက အိုအေစစ်ရပ်ဝန်း



ဘက်ခြေရင်းတွင် ကပ်လျက်တည်ရှိသည်။ ပေပေါင်း ၂၄၀၀ ကျော်မြင့်ပြီး

ကမ္ဘာကြီး တဖြည်းဖြည်းပူနွေးလာပြီဟု ပညာရှင်များက ဆိုကြသည်။ ကုစားရမည့် နည်းလမ်းအဖုံဖုံကိုလည်း စေ့ငုရှာဖွေနေကြသည်။ ဘယ်လိုမှ မယွင်းမှားနိုင်သော အကြောင်းတစ်ရပ်မှာ သစ်တောသစ်ပင်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းပင်ဖြစ်ပါ၏။ ထပ်မံစိုက်ပျိုး၍ ရှင်သန်ဖြစ်ထွန်းအောင် ပြုစုအားထုတ်ကြခြင်းပင်ဖြစ်ပါ၏။

စာရေးသူတို့နိုင်ငံမှာ သစ်တောသစ်ပင်များ ဧရိယာထက်ဝက်မျှဖုံးလွှမ်းတည်ရှိနေသော နိုင်ငံဖြစ်သည်။ သဘာဝကပေးအပ်ထားသော လက်ဆောင်မွန်ကောင်းတစ်ခုကို ပိုင်ဆိုင်ထားခြင်းပင်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသအများစုမှာ ပူပြင်းခြောက်သွေ့သောအရပ်ဖြစ်လင့်ကစား သဘာဝရေမြေတောတောင်တို့ဖြင့် စိမ်းလန်းစိုပြည်လျက်ရှိသော ဝန်းကျင်ကောင်းတစ်ခုရှိသည်ဆိုပါလျှင် မိတ်ဆွေတို့အနေဖြင့် အညာဒေသ၏ အိုအေစစ်ဖြစ်သော ပုပ္ပားတောင်မကြီးနှင့် တောင်ကလပ်တည်ရှိရာ ဝန်းကျင်တစ်ခွင်ကို ပြေးမြင်မိကြလိမ့်မည်ထင်ပါသည်။

ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၆ ရက်တွင် ဘူမိနယ်မြေ ၁၅ ခုဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံးသော အမျိုးသားအဆင့်ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ကြေညာခဲ့ပြီးဖြစ်သည်။ ဥယျာဉ်ကြီးအတွင်း ဘူမိရုပ်သွင်ကြွယ်ဝခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်တည်ရှိခြင်းနှင့် ခရီးသွားကဏ္ဍာဖွံ့ဖြိုးခြင်းတို့ကြောင့် ကမ္ဘာလုံးဆိုင်ရာဘူမိဥယျာဉ်ကြီးတစ်ခုအဖြစ်ပေါ်ထွန်းရန် အလားအလာကောင်းလျက်ရှိသည်။

ပုပ္ပားတောင်သည် ကျောက်ပန်းတောင်းမြို့နယ်၏ အရှေ့မြောက်ဘက် ၁၁ မိုင်ခန့်အကွာ၊ ကျောက်ပန်းတောင်း-တောင်သာ-မြင်းခြံသွားကားလမ်းမတွေးတွင်တည်ရှိပြီး အလယ်ရိုးမမြောက်ဖျားပိုင်းတွင် ထီးထီးကြီးတည်ရှိနေသော တောင်ကြီးဖြစ်သည်။

ပုပ္ပားတောင်မကြီးမှာ ပေပေါင်း ၅၀၀၀ ခန့်မြင့်ပြီး တောင်ထိပ်တောင်ကုန်းပေါင်း ၃၀ ကျော်ဝန်းရံနေသည်။ တောင်ကလပ်မှာမူ တောင်မကြီး၏ အနောက်ဘက်သားကျောက်စိုင်များဖြင့် ကလပ်သဏ္ဌာန်တည်ရှိနေခြင်းဖြစ်သည်။

ပုပ္ပားတောင်၏ မီးတောင်ကတော့ဝမှာ တောင်၏ မြောက်ဘက်ပိုင်းတွင် အနောက်သို့ အနည်းငယ်ယွန်း၍ နိမ့်သယောင်ရှိသော်လည်း အရှေ့ဘက်၊ အနောက်ဘက်နှင့် တောင်ဘက်ပိုင်းတို့တွင် ပို၍မြင့်မားသည်။ ပုပ္ပားတောင်ကို အနောက်ဘက်မှကြည့်လျှင် တောင်ထွတ်တစ်ခုမြင်ရ၍ မြောက်ဘက်မှကြည့်လျှင် တောင်ထွတ်တစ်ခုကိုသာ မြင်ရလေသည်။ အမှန်အားဖြင့် ပုပ္ပားတောင်မှာ စာရေးသူတို့ထင်သလို တောင်ထွတ်တစ်ခုတည်းသာ ရှိသည်မဟုတ်ဘဲ စပါးပုံတောင်၊ ရေတွင်းတောင်၊ မောင်းထောင်ငုတ်တို့ တောင်၊ လပို့တောင်၊ မှန်တောင်၊ ဆေးပွင့်တောင် စသည်ဖြင့် တောင်သွယ်များစွာ ဝန်းရံနေသော တောင်ဖြစ်သည်။

ပုပ္ပားတောင်တွင် ရေထွက်ပေါင်း ၉၉ ခုရှိသည်ဟု အဆိုရှိကြ၏။ ကြို့ချောင်းရေထွက်၊ ငဝစမ်းရေထွက်၊ ရေငယ်ရေထွက်၊ ခြင်းမရေထွက် စသည်ဖြင့် အထင်ကရ နေရာများ များစွာရှိသည်။

ပုပ္ပားမီးတောင်ထိပ်ဝကို ခြုံးမတွင်းချောက်ဟု ခေါ်သည်။ ထိုနေရာတစ်ဝိုက်တွင် ကမ္ဘာပေါ်၌ မြန်မာတစ်နိုင်ငံတည်းမှာသာတွေ့ရှိရသည့် မျောက်မျက်ကွင်းဖြူ ခေါ် မျောက်ဇီးကွက်များ အကောင်ရေ ၈၀၀ ခန့်၊ ကျက်စားနေထိုင်လျက်ရှိသည်။ အခြားသော မျောက်ဖင်နီမျောက်များကိုလည်း အများအပြားတွေ့နိုင်သေးသည်။

ပုပ္ပားတောင်တွင် သစ်ပင်ပန်းမန်များလည်း အမျိုးအစားစုံလင်စွာ ပေါက်ရောက်ရှင်သန်လျက်ရှိသည်။ အထူးသဖြင့် သစ်ခွအမျိုးအစားများ စုံလင်လှသည်။ သစ်ခွပညာရှင်များ စာရင်းပြုစုထုတ်ပြန်ထားသည်ကပင် အမျိုးအစားပေါင်း ၅၂ မျိုးရှိကြောင်း သိရှိမှတ်သားရသည်။ မျှစ်၊ မှိုအမျိုးမျိုး၊ သမုန်းဖူး၊ ကျောက်သားကျောက်စိုင်များဖြင့် ကလပ်သဏ္ဌာန် တည်ရှိနေခြင်းဖြစ်သည်။

ပုပ္ပားတောင်၏ မီးတောင်ကတော့ဝမှာ တောင်၏ မြောက်ဘက်ပိုင်းတွင် အနောက်သို့ အနည်းငယ်ယွန်း၍ နိမ့်သယောင်ရှိသော်လည်း အရှေ့ဘက်၊ အနောက်ဘက်နှင့် တောင်ဘက်ပိုင်းတို့တွင် ပို၍မြင့်မားသည်။ ပုပ္ပားတောင်ကို အနောက်ဘက်မှကြည့်လျှင် တောင်ထွတ်တစ်ခုမြင်ရ၍ မြောက်ဘက်မှကြည့်လျှင် တောင်ထွတ်တစ်ခုကိုသာ မြင်ရလေသည်။ အမှန်အားဖြင့် ပုပ္ပားတောင်မှာ စာရေးသူတို့ထင်သလို တောင်ထွတ်တစ်ခုတည်းသာ ရှိသည်မဟုတ်ဘဲ စပါးပုံတောင်၊ ရေတွင်းတောင်၊ မောင်းထောင်ငုတ်တို့ တောင်၊ လပို့တောင်၊ မှန်တောင်၊ ဆေးပွင့်တောင် စသည်ဖြင့် တောင်သွယ်များစွာ ဝန်းရံနေသော တောင်ဖြစ်သည်။

ပုပ္ပားတောင်တွင် ရေထွက်ပေါင်း ၉၉ ခုရှိသည်ဟု အဆိုရှိကြ၏။ ကြို့ချောင်းရေထွက်၊ ငဝစမ်းရေထွက်၊ ရေငယ်ရေထွက်၊ ခြင်းမရေထွက် စသည်ဖြင့် အထင်ကရ နေရာများ များစွာရှိသည်။

ပုပ္ပားမီးတောင်ထိပ်ဝကို ခြုံးမတွင်းချောက်ဟု ခေါ်သည်။ ထိုနေရာတစ်ဝိုက်တွင် ကမ္ဘာပေါ်၌ မြန်မာတစ်နိုင်ငံတည်းမှာသာတွေ့ရှိရသည့် မျောက်မျက်ကွင်းဖြူ ခေါ် မျောက်ဇီးကွက်များ အကောင်ရေ ၈၀၀ ခန့်၊ ကျက်စားနေထိုင်လျက်ရှိသည်။ အခြားသော မျောက်ဖင်နီမျောက်များကိုလည်း အများအပြားတွေ့နိုင်သေးသည်။

ပုပ္ပားတောင်တွင် သစ်ပင်ပန်းမန်များလည်း အမျိုးအစားစုံလင်စွာ ပေါက်ရောက်ရှင်သန်လျက်ရှိသည်။ အထူးသဖြင့် သစ်ခွအမျိုးအစားများ စုံလင်လှသည်။ သစ်ခွပညာရှင်များ စာရင်းပြုစုထုတ်ပြန်ထားသည်ကပင် အမျိုးအစားပေါင်း ၅၂ မျိုးရှိကြောင်း သိရှိမှတ်သားရသည်။ မျှစ်၊ မှိုအမျိုးမျိုး၊ သမုန်းဖူး၊ တမာ၊ သကြားစက်၊ မာလာဖူး စသည့် ရာသီစာများလည်းပေါများသည်။ ကျေးလက်နေပြည်သူများအတွက် ဟင်းတစ်ခွက်ဖြစ်စေနိုင်သည့် ဒေသအစားအစာများပင် ဖြစ်သည်။ ထို့ပြင် တစ်ပင်တိုင်မြနန်း၊ တောင်တန်ကြီး၊ တောင်တန်လေး၊ မယားနင်း၊ တောရှောက်၊ ဝံအူနီ၊ ဝံအူဖြူ၊ သမ္ဘားဥ စသည့် ဆေးဖက်ဝင်သစ်မြစ်သစ်ဥများကိုလည်း တွေ့နိုင်ပါသေး၏။

ကမ္ဘာပေါ်တွင် နိုင်ငံအလိုက် အရင်းအမြစ်များအပေါ်မူတည်၍ ခရီးသွားလုပ်ငန်းအမျိုးမျိုးရှိသည်ဟု ဆိုကြပါသည်။ ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ ခရီးသွားလုပ်ငန်း၊ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးဆိုင်ရာခရီးသွားလုပ်ငန်း၊ စွန့်စားသွားလာခြင်းဆိုင်ရာ ခရီးသွားလုပ်ငန်း စသည်ဖြင့်...။ ၎င်းတို့အထဲတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါ၏။

စာရေးသူတို့၏ ပုပ္ပားတောင်ရပ်ဝန်းဒေသမှာ ခရီးသွားလုပ်ငန်းများကို သဘာဝအခြေခံအားဖြင့် ဆွဲဆောင်ဖမ်းစားနိုင်သည့် ရင်းမြစ်ကြွယ်ဝသော အခွင့်အလမ်းကောင်းများကို ပိုင်ဆိုင်လျက်ရှိနေပါသည်။

ဆိုရသော် သစ်ခွမျိုးစိတ်၊ လိပ်ပြာမျိုးစိတ်များအပါအဝင် ဆေးဖက်ဝင်သစ်မြစ်၊ သစ်ဥများ၊ သဘာဝပေါက်ပင်များ အစရှိသော ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ကြွယ်ဝဝရှင်သန်ဖြစ်ထွန်းလျက် စမ်းကျရေထွက်များနှင့်တကွ စိုပြည်စိမ်းလန်းနေသော ပုပ္ပားတောင်ဒေသမှာ ခရီးသွားလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုကြီးမားစေမည့် အညာဒေသ၏ ချမ်းမြေ့ကြည်နူးဖွယ် အိုအေစစ်ရပ်ဝန်းတစ်ခုဖြစ်ပါကြောင်း ဂုဏ်ပြုဩဇာနှင့်ဆိုလိုက်ရပါသည်။ ။

ကျေးလက်ညိုမောင်

လူ့ဘဝများ ဆို့ပေးစာ

ရိုးရိုးသားသား ပွေ့ဖက်



ဖေဖေတို့လူမှုဝန်းကျင်မှာ "ရိုးသားမှု" ဆိုတာ "နုံအမှု" နဲ့ ဆွေမျိုးရင်းချာတော်စပ်သယောင် ထွေးရောယှက်တင်ပြောကြလေ့ရှိတယ်။ အမှန်တော့ ရိုးသားခြင်းမှာ ကိုယ်ပိုင်ဂုဏ်၊ ကိုယ်ပိုင်အရည်အချင်းအပြည့်အဝရှိပါတယ်။

ရိုးသားမှုဟာ အရည်အချင်းအားလုံးရဲ့ ရေသောက်မြစ်လို့တောင် ပြောနိုင်ပါတယ်။ ရိုးသားမှုမရှိရင် ပညာရှာရာမှာ အဟန့်အတားဖြစ်စေနိုင်တယ်။ ကိုယ်မသိတာကို သိယောင်ပြု၊ ကိုယ်မတွေ့သေးတာကို တွေ့ယောင်ပြုတယ်ဆိုတာ မရိုးသားမှုဘဲလေ။ ဒီအကြောင်းအချက်တွေဟာ ပညာရှာတဲ့ခရီးမှာ ခလုတ်တံသင်းတွေပါပဲ။ ရိုးသားမှုမရှိရင် အစစ်အမှန် မပျော်ရွှင်နိုင်ဘူး။ သူက ဟန်လုပ်နေရတာကိုး။ ရိုးသားမှုမရှိရင် ကိုယ်ကျင့်လည်း ကျိုးပေါက်မှာပဲ။ ကိုယ်မရသင့်တာတွေကို ရချင်လာမယ်။ သူတစ်ပါးခွေးစက်တွေကို တန်ရာတန် ကြေးပေးချေဖို့ တွန့်ဆုတ်လာမယ်။ မဟုတ်တာတွေကို လိမ်ညာပြောဆိုဖို့ လွယ်ကူလာမယ်။

ဆရာကြီးဦးအောင်သင်းက ဂျာနယ်ကျော်ဦးချစ်မောင်နဲ့ သူ့ရဲ့ "ရိုးဂုဏ်" အကြောင်းကို ဟောပြောပွဲတွေမှာ ထည့်သွင်းဟောပြောလေ့ရှိတယ်။ ဂျာနယ်ကျော်မမလေးဖြစ်လာမယ့် မတင်လှိုင်က ဦးချစ်မောင်ကို "ဂုဏ်တွေထဲမှာ ဘယ်ဂုဏ်ကို အနှစ်သက်ဆုံးလဲ" လို့မေးတော့ ဦးချစ်မောင်က "ရိုးဂုဏ်" လို့ပြန်ဖြေတဲ့အကြောင်း၊ မတင်လှိုင်က အိမ်ပြန်ရောက်တာနဲ့ "ရိုးဂုဏ်" နေရာ ကို မင်နီသားပြီး မှတ်သားထားလိုက်တဲ့အကြောင်း စသည်ဖြင့်ပေါ့။

ရိုးသားမှုမရှိသူဟာ သတ္တိမရှိနိုင်ပါဘူး။ မရိုးသားသူဟာ ဘယ်မှာသတ္တိကောင်းနိုင်ပါ့မလဲ။ လူတစ်ယောက်ဟာ မိမိရဲ့စိတ်နလုံးမှာ ရိုးသားမှုဓာတ်တွေ နှစ်နှစ်လိုလို စိမ့်ဝင်ကိန်းဝပ်နေမှသာ မိမိမသိတာကို မသိတဲ့အကြောင်း၊ မိမိနေရာမဟုတ်တာကို မဟုတ်တဲ့အကြောင်း၊ မိမိမရထိုက်တာကို မရထိုက်တဲ့အကြောင်း ရှင်းရှင်းလင်းလင်းနားလည်ပြီး တိတိပပလက်ခံကျင့်သုံးနိုင်မှာဖြစ်တယ်။ "ရိုးသားမှု" ဟာ "သတ္တိကောင်းခြင်း" နဲ့ သွေးသားတော်စပ်တယ်ဆိုတာ ဒီနည်းနဲ့ ဖေဖေတို့ သိနိုင်ပါတယ်။

သားရေ...။

ဆရာကြီးဇော်ဂျီကလည်း "ဂုဏ်အလှ" ဆိုတဲ့ကဗျာမှာ ဒီလို ရေးဖွဲ့ခဲ့ပါရဲ့။

"ရွှေဂုဏ်ငွေဂုဏ်၊ ရာထူးဂုဏ်သည်
လူ့ဘုံလောက၊ အကာမျှတည့်
သူကငြူစူ၊ မကြည်ဖြူ၍
ခွာယူလိုက ခွာ၍ရ။
ရိုးဂုဏ်ဖြောင့်ဂုဏ်၊ ယဉ်ကျေးဂုဏ်သည်
လူ့ဘုံလောက၊ နှစ်သာရတည့်
သူကငြူစူ၊ မကြည်ဖြူလည်း
ခွာယူမရ ကွာမကျ။"

လောကသဘာဝ ဘယ်သူငြူစူလို့မှ ခွာချမရတဲ့ ဂုဏ်တစ်ရပ်ဟာ ရိုးဂုဏ်ပါပဲ သား။ ရိုးသားခြင်းဟာ သားဆီကို စီးဝင်လာမယ့် ကောင်းခြင်းအဖြာဖြာအတွက်ဖွင့်ထားတဲ့ တံခါးတစ်ချပ်ပါပဲ။

သားသတိထားမိမှာပေါ့။ ဖေဖေတို့ ရွတ်ဆိုပူဇော်နေကျ မေတ္တာသုတ်ပါယောဂီအရည်အချင်း (၁၅) မျိုးထဲမှာ "ဥဇူ"၊ "သုဟုဇူ" ဆိုတဲ့ ဂုဏ်ရည်နှစ်ရပ်လေ။ "ကိုယ်စိတ်နှစ်ပါး ရိုးသားဖြောင့်မတ်သူ ဖြစ်ရမယ်"၊ "စိတ်ထဲမှာကိုက ရိုးသားဖြောင့်မတ်သူဖြစ်ရမယ်။ ရိုးတဲ့ဂုဏ်လောက်ကောင်းတာ လောကမှာဘာမှမရှိဘူး" တဲ့။

ဖေဖေတို့ ရိုးရိုးသားသားပြောဆိုကြမယ်။ ရိုးရိုးသားသား ဆက်ဆံကြမယ်။ ရိုးရိုးသားသား ပညာရှာကြမယ်။ ရိုးရိုးသားသား အသက်မွေးကြမယ်။ နောက်ဆုံးငြင်းခုံရမယ်ဆိုရင်တောင် ရိုးရိုးသားသား ငြင်းခုံကြမယ်။ ဒါဆိုရင် ရန်မဖြစ်တော့ဘူးပေါ့။ ရိုးသားသူတွေဟာ ရန်ဖြစ်ရတဲ့အဆင့်ထိ မရောက်ကြဘူးလေ။ ကိုယ်ဘက်ကမှားနေရင်လည်း မှားနေတဲ့အကြောင်း လက်သင့်ခံနိုင်တဲ့ ဂုဏ်ရည်တစ်ရပ် သူတို့မှာရှိနေကြတာကိုး။ ပဋိပက္ခဆိုတာ မရိုးသားတဲ့သူတွေဆီက စတင်ကူးစက်လာတာပါပဲ သားရယ်...။ ဟော ဒီကမ္ဘာလောကကြီးကို ရိုးသားတဲ့လက်တစ်စုံနဲ့ ပွေ့ဖက်နိုင်မယ်ဆိုရင်ပဲ ဖေဖေတို့ရဲ့ လူ့အဖြစ်ဟာ ကျေနပ်စရာပါ။ ။

ကိုရင်သွေး

ရယ်စေပြီးစေ

ဦးတိကျ

ဒေါက်တာ ။ ။ ဟဲလို... စိတ်ခိုင်ခိုင်ထားပါခင်ဗျာ... ဆေးစစ်ချက်အရ ခင်ဗျားဟာ နောက်ထပ် ၂၄ နာရီပဲ အသက်ရှင်နေနိုင်ပါတော့မယ်။

လူနာ ။ ။ အမလေး ဒေါက်တာရယ်။ မကယ်နိုင်တော့ဘူးလားဗျာ။

ဒေါက်တာ ။ ။ စိတ်မကောင်းစရာပဲဗျာ။ ကျွန်တော်လည်း ဒီသတင်းကို မနေ့ကတည်းက အချိန်မီပြောမလို့။ ရာသီဥတုမကောင်းလို့ ဖုန်းလိုင်းတွေပျက်နေတာနဲ့ အခုမှ ပြောရတယ်ဗျာ။

လူနာ ။ ။ ဟင်...ဒါ....ဒါဆို။

ဖိုးပြုံးချို

ပြည်ခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကွင်းဆင်းကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်မန်းငြိမ်းမောင်သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ပြည်မြို့နယ် ဝန်တင်ဆိပ်ကျေးရွာ၌ နဝင်းချောင်းပေါ်တွင် သဘာဝရေစီးအားသုံး ရေတင်ဒလက် (Water Wheel)ဖြင့် ဝါအထူးဇုန်ကို စိုက်ပျိုးရေပေးဝေနေမှုအား ကြည့်ရှုလေ့လာပြီး ဒေသခံဝါစိုက်တောင်သူများကို မျိုးကောင်းမျိုးသန့်ပြောင်းလဲပေးမှုနှင့် စိုက်ပျိုးရေရရှိရေးဆောင်ရွက်ပေးနိုင်သဖြင့် ဝါသီးနှံများ အထွက်နှုန်းတိုးတက်နိုင်သည့် အခြေအနေ၊ သီးထပ်စွမ်းအားတိုးတက်စေရေးဆောင်ရွက်မည့်အစီအမံများနှင့် သီးခြားလိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်မြို့နယ် သစ်ချိုပင်ကျေးရွာရှိ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံနှုတ်ခွန်းဆက်စကားပြောကြားပြီး မတ်ပဲမျိုးစေ့နှင့် သွင်းအားစုများ ချီးမြှင့်ပေးအပ်ကာ ဝါစံပြစိုက်ခင်းမှ ဝါခူးဆွတ်နေမှု၊ အထူးအထွက်နှုန်းကောင်းသည့် ငွေနှင်းမှုံမျိုးအောင်မြင်စွာစမ်းသပ်စိုက်ပျိုးထားမှုနှင့် စိုက်ပျိုးရေရရှိရေးဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်မြို့နယ် ဇီးအုပ်ကျေးရွာ တောင်သူလယ်သမားသင်တန်းကျောင်းသို့ရောက်ရှိပြီး တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးသင်တန်းအမှတ်စဉ်(၃/၂၀၂၄)သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား၍ မြို့နယ်ရှစ်မြို့နယ်မှ သင်တန်းသားတောင်သူများအတွက် စားဖိုဆောင်မျိုးစေ့များ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ပန်းတောင်းမြို့နယ် ကျွန်းမီးကျေးရွာအုပ်စု၌ မြေပဲစိုက်တောင်သူများ၊ နေကြာစိုက်တောင်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ဒေသခံတောင်သူများကို သွင်းအားစုများ ချီးမြှင့်ပေးအပ်သည်။ အဆိုပါ ကျွန်းမီးကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း မြေပဲစံပြစိုက်ခင်း ၈က ၂၀၀၀ ကို တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် မျိုးကောင်းမျိုးသန့်ဖြန့်ဝေပေးနိုင်ခဲ့မှုကြောင့် ယခင်နှစ်က မြေပဲတစ်၈ကလျှင် ၁၂၂ တင်းကျော်ထွက်ရှိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံသစ်တောကျောင်းသင်တန်းသားများ၏ တောတွင်းလက်တွေ့ကွင်းဆင်းဆောင်ရွက်မှုကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၂၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရရာရိုင် ဥတ္တရသီရိမြို့နယ်ရှိ သစ်တောသုတေသနစခန်းအမှတ် (၅) မိုးစွေသို့သွားရောက်၍ မြန်မာနိုင်ငံသစ်တောကျောင်းအမှတ်စဉ် (၁၁၈)မှ သင်တန်းသားများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးကယနေ့အချိန်အထိ ကြိုးပိုင်း/ကြိုးပြင်ကာကွယ်တော ၄၉၀၊ နိုင်ငံဧရိယာ၏ ၂၅ ဒသမ ၉၀ ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၆၁ ခု၊ နိုင်ငံဧရိယာ၏ ၆ ဒသမ ၄၃ ရာခိုင်နှုန်းဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် လမ်းဘေးဝဲယာစိမ်းလန်းစိုပြည်ရေးအတွက် ၂၀၂၄ ခုနှစ် မိုးရာသီတွင် အပင်ပေါင်းနှစ်သန်းကျော် စိုက်ပျိုးဆောင်ရွက်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ် လိုက်ကြိုးဝိုင်း အကွက်(၁၇) ရှိ (၁/၂၀၂၃)စီးပွားရေးကျွန်းစိုက်ခင်း ၈က ၁၅၀ နှင့် (၁/၂၀၂၃)စီးပွားရေးကျွန်းစိုက်ခင်း ၈က ၁၀၀ ၏ ရှင်သန်အောင်မြင်မှုကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လိုက်ကြိုးဝိုင်းအတွင်း မြန်မာနိုင်ငံသစ်တောကျောင်းသင်တန်းသားများ၏ လက်တွေ့ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် စိုက်ခင်းမီးတားလမ်းဖောက်လုပ်ခြင်း၊ နယ်နိမိတ်သတ်မှတ်ဆောင်ရွက်ရေးအတွက် GPS ကိုင်ဆောင်အသုံးပြုခြင်း၊ စိုက်ခင်းတည်ထောင်ရာတွင် မြေနေရာရွေးချယ်ရေးအတွက် မြေဆီလွှာစမ်းသပ်ခြင်းနှင့် နမူနာကောက်ယူခြင်း၊ သစ်တောသယံဇာတ စာရင်းကောက်ယူခြင်းနှင့် မြေတိုင်းတာခြင်း လက်တွေ့ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် သစ်တောသုတေသနဌာနခန္ဓာပိုင်းမျိုးပွားဌယျာဉ်၊ ရေငွေ့ထိန်းခန်းအတွင်း အဖိုးတန်သစ်မျိုးများ၏ မျိုးရိုးဗီဇများ စဉ်ဆက်မပြတ်ထိန်းသိမ်းစောင့်ရှောက်ထားရန်နှင့် မျိုးရိုးဗီဇတူညီသော မျိုးကောင်းမျိုးသန့်ပင်များ ထုတ်လုပ်ပေးရန်အတွက် ခန္ဓာပိုင်းမျိုးပွားခြင်း ဆောင်ရွက်ထားရှိမှုနှင့် ငလိုက်ကြိုးဝိုင်း အကွက် (၇၃)ရှိ ကျွန်းအနက်စင်းမျိုးရိုးဗီဇ ထိန်းသိမ်းရန်နှင့် သစ်မျိုးသန့်ပြန့်ပွားရေးအတွက် အထောက်အကူပြုရန် ရည်ရွယ်တည်ထောင်ထားသော ကျွန်းအနက်စင်းမျိုးရိုးဗီဇထိန်းသိမ်းရေးစိုက်ခင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၈

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ဇရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။ **(မိုး/၈လ)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ကျိုင်းတုံမြို့၌ နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့ ကျင်းပပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့တွင် နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့ကို ယနေ့ညနေပိုင်းတွင် အဆိုပါမြို့ရှိခရိုင်အားကစားကွင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်စိုးလှိုင်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် အာခါတိုင်းရင်းသား အဆိုရှင်များက အမျိုးသားနေ့ အဖွင့်သီချင်းအား သီဆိုကြသည်။ ၎င်းနောက် တိုင်းမှူးက နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ထံမှ ပေးပို့သောသဝဏ်လွှာအား ဖတ်ကြားတင်ပြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီးက မိန့်ခွန်းပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့အတွက် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ အာခါတိုင်းရင်းသားများက ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

မွေးမြူရေးလုပ်ငန်းတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံစီးပွားရေးမြှင့်တင်ကြပါစို့

ရေနံ့သာမောင်ကျော်ညွန့်

ကျွန်တော်မှတ်မိတဲ့ အရွယ်ငယ်ငယ်တုန်းကတော့ ကျွန်တော်တို့ရွာရဲ့ အိမ်ခြေက ခြောက်ဆယ်ကျော်လောက်ပဲရှိတယ်။ ခုကျွန်တော် ခုနစ်ဆယ်အရွယ်နားကပ်နေတဲ့ အချိန်မှာတော့ ကျွန်တော်တို့ရွာရဲ့ အိမ်ခြေက နှစ်ရာလောက်ရှိနေပြီ။ တစ်နှစ်ထက်တစ်နှစ် လူဦးရေကလည်း တိုးနေတော့တာပဲ။ လူဦးရေတိုးလာတာနဲ့အမျှ အိမ်ခြေတွေကလည်း တိုးလာတာပေါ့။ ရွာရဲ့ အကျယ်အဝန်းကလည်း ယခင်ထက်သုံးဆလောက် ကျယ်လာတယ်။

လူဦးရေတွေက ယခင်ကထက်သုံးလေးဆလောက် တိုးလာတယ်။ လူဦးရေသာ တိုးလာတာ လုပ်ကိုင်ခွင့်ရတဲ့ယာမြေက တိုးမလာဘူး။ လျော့တောင်လျော့လာသေးတယ်။ လျော့ရတာကလည်း လူဦးရေတွေတိုးပြီး အိမ်ခြေတွေတိုးလာတာက အကြောင်းတစ်ချက်ပါပဲ။ ဒီတော့ လုပ်ကိုင်ခွင့်ရသလောက်နဲ့ပဲ လုပ်ကိုင်နေကြရတယ်။ ယာကိုပဲ အားစိုက်ပြီး လုပ်ကိုင်ကြရတဲ့ ယာသမားတောင်သူတွေအနေနဲ့ အရင်လို စိုက်ပျိုးနည်းနဲ့တင် အဆင်မပြေတော့ဘူး။

ခုအချိန်က ယာလုပ်ငန်းတစ်ခုတည်း ဇောက်ချလုပ်ကိုင်ရုံနဲ့ အဆင်မပြေလှဘူး။ ယနေ့ကာလက အရာရာဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးမဟုတ်လား။ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးနဲ့အမီ လိုက်နိုင်အောင် လုံးပန်းနိုင်မှ တန်ကာကျမှာ။ အမီလိုက်နိုင်မှလည်း လူနေမှုအဆင့်အတန်းက မြင့်နေမှာပေါ့။ လူနေမှုအဆင့်အတန်းမြင့်ဖို့ဆိုတာကလည်း ဝင်ငွေတိုးနေဖို့က အဓိကပဲ။ ခုကာလမှာ စိုက်တဲ့ပျိုးတဲ့အလုပ်ကရလာတဲ့ဝင်ငွေနဲ့တင် တင်းတိမ်နေလို့မရတော့ဘူး။ စိုက်ပျိုးတဲ့အလုပ်နဲ့ တွဲဖက်လုပ်လို့ရတဲ့ ဝင်ငွေတိုးလုပ်ငန်းတစ်ခုကလည်းရှိပြီးသားလေဗျာ။ အဲဒီဝင်ငွေတိုးလုပ်ငန်းက အခြားမဟုတ်ပါဘူး။ ဒေသအလိုက်ဒေသနဲ့ ကိုက်ညီတဲ့ မွေးမြူရေးလုပ်ငန်းပါပဲ။

အင်းဝခေတ်မှာ ထင်ရှားခဲ့တဲ့ စာဆိုအကျော်ကန်တော် မင်းကျောင်းဆရာတော်ကလည်း “လယ်လုပ်ကုန်သွယ်၊ ရောင်းဝယ်မြီချ၊ တွက်ဆစိတ်ပြား၊ အပွားအရင်း၊ လတွင်း တက်တိုး၊ ထံပိုးနှစ်လီ၊ ချသည်မပြတ်၊ အိမ်ထောင်ဝတ်ဖြင့်၊ အမှတ်မြဲမြံ၊ လုပ်ကြံကြိုးစား၊ ကျွန်းဆိတ်ဝက်၊ ဝမ်းဘဲငှက်နှင့်၊ ကြက်ကမကြွင်း၊ သိမ်းမွေးပြင်းလျက်၊ များခြင်းစုံစီ၊ တန်ဖိုးယဉ်ရှောင်း၊ ထပ်ကာလောင်း၍၊ ပဲပြောင်း၊ စပါး၊ ကျီပြည့်ထားလျက်၊ ခွက်ပြားရွှေငွေ၊ ဆည်းပူးထွေဖြင့်၊ မျိုးဆွေမှီတင်းကြွယ်စေမင်း” လို့ လောကသာရပျို့ထဲမှာ ရေးဖွဲ့ပြီး နှောင်းအဆက်ဆက် လူတွေအတွက် စိုက်ပျိုးရေးလုပ်ငန်းနဲ့ မွေးမြူရေးလုပ်ငန်းကို တွဲဖက်လုပ်ကိုင်ကြဖို့ မှာကြားထားရစ်ခဲ့ပါတယ်။

အရင်တုန်းကတော့ စိုက်ပျိုးရေးလုပ်ငန်းကိုပဲ သဲသဲမဲမဲ၊ သဲကြီးမဲကြီးလုပ်ကိုင်ကြတာ။ မွေးမြူရေးလုပ်ငန်းကိုတော့ တစ်နိုင်တစ်ပိုင်လောက်ပဲလုပ်ကိုင်ကြတယ်။ ခုအခါမှာတော့ မွေးမြူရေးလုပ်ငန်းကရတဲ့ ဝင်ငွေကလည်းထိထိမိမိ၊ မြိုးမြိုးမြဲမြဲက်မြက်ရမှန်းသိလာတော့ အင်တိုက်အားတိုက်လုပ်ကိုင်လာကြပြီ။ သမားရိုးကျမွေးမြူရေးလုပ်ငန်းမဟုတ်တော့ဘူး။ မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်လာကြတယ်။ ကြက်ဆိုလည်းအုပ်လိုက်၊ ဝက်ဆိုလည်းအုပ်လိုက်၊ ဘဲဆိုလည်းအုပ်လိုက်၊ နွားဆိုလည်းအုပ်လိုက်၊ ဆိတ်ဆိုလည်းအုပ်လိုက်၊ သိုးဆိုလည်းအုပ်လိုက် မွေးမြူကြတော့တာပဲ။ ကြက်ခြံတွေ၊ ဘဲခြံတွေ၊ ဝက်ခြံတွေ၊ နွားခြံတွေ၊ ဆိတ်ခြံတွေ၊ သိုးခြံတွေက ရွာတိုင်းလိုလိုမှာရှိနေပြီ။ အရင်တုန်းကတော့ ခြံလျောင်စနစ်နဲ့ မွေးမြူကြတာမဟုတ်ဘူး။ ခုအခါမှာတော့ ခြံလျောင်ပြီး စနစ်တကျမွေးမြူနေကြပြီ။

မြစ်၊ ချောင်းအနီးအနားတွေမှာဆိုလည်း ကန်ကြီးတွေ တူးဖော်ပြီး ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေ မွေးမြူလာကြတယ်။ မြစ်၊ ချောင်းတွေ အနီးအနားမှာ မွေးမြူရေးကန်တွေ အများကြီးပဲ။ မွေးမြူရေးလုပ်ငန်းတွေကိုအများကြီး တိုးချဲ့လုပ်ကိုင်နေကြပြီ။ ခုဆိုမြန်မာ့သားငါးစွေးကွက်က နိုင်ငံတကာစွေးကွက်ထဲအထိ ရောက်နေပြီ။ မွေးမြူရေးလုပ်ငန်းကဏ္ဍာ တစ်ဆင့်မြှင့်ပြီး ထုတ်လုပ်နေကြပါပြီ။ မွေးမြူရေးကဏ္ဍာထုတ်ကုန်တွေ တိုးတက်လာအောင်လို့ ခေတ်မီနည်းစနစ်တွေကို ဖြန့်ဝေပေးနေတဲ့အပြင် မွေးမြူရေးကဏ္ဍာအတွက်လိုအပ်မယ့်မတည်ငြိမ်နိုးငွေတွေကိုလည်း နိုင်ငံတော်အစိုးရက စိုက်ထုတ်ပေးနေပါတယ်။ ယနေ့ နိုင်ငံတော် အစိုးရအနေနဲ့ တစ်မျိုးသားလုံးပညာရည်မြင့်မားရေးနဲ့ ထူးချွန်ထက်မြက်ပြီး ဗလငါးတန်ပြည့်ဝတဲ့ လူ့စွမ်းအားရင်းမြစ်များပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေပါတယ်။

❏ ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေအများစုက စိုက်ပျိုးရေးလုပ်ငန်းနဲ့ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြတဲ့သူတွေပါ။ နိုင်ငံသူနိုင်ငံသားတွေရဲ့ စားရေရိက္ခာ ဖူလုံအောင်ဖြည့်တင်းပေးနေကြတဲ့ သူတွေပါပဲ။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ တစ်ဦးချင်းစီရဲ့ လူမှုစီးပွားရေးတောင့်တင်းခိုင်မာလာတာက ထပ်တူကျပါတယ်။ တစ်ဦးချင်းစီရဲ့ လူမှုစီးပွားရေး တောင့်တင်းခိုင်မာလာလေလေ နိုင်ငံတော်ရဲ့ စီးပွားရေး ဓနအင်အားကလည်း တောင့်တင်းခိုင်မာလာတာပဲ . . .

အရင်တုန်းကတော့ စိုက်ပျိုးရေးလုပ်ငန်းကိုပဲ သဲသဲမဲမဲ၊ သဲကြီးမဲကြီးလုပ်ကိုင်ကြတာ။ မွေးမြူရေးလုပ်ငန်းကိုတော့ တစ်နိုင်တစ်ပိုင်လောက်ပဲလုပ်ကိုင်ကြတယ်။ ခုအခါမှာတော့ မွေးမြူရေးလုပ်ငန်းကရတဲ့ ဝင်ငွေကလည်းထိထိမိမိ၊ မြိုးမြိုးမြဲမြဲက်မြက်ရမှန်းသိလာတော့ အင်တိုက်အားတိုက်လုပ်ကိုင်လာကြပြီ။ သမားရိုးကျမွေးမြူရေးလုပ်ငန်းမဟုတ်တော့ဘူး။ မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်လာကြတယ်။ ကြက်ဆိုလည်းအုပ်လိုက်၊ ဝက်ဆိုလည်းအုပ်လိုက်၊ ဘဲဆိုလည်းအုပ်လိုက်၊ နွားဆိုလည်းအုပ်လိုက်၊ ဆိတ်ဆိုလည်းအုပ်လိုက်၊ သိုးဆိုလည်းအုပ်လိုက် မွေးမြူကြတော့တာပဲ။ ကြက်ခြံတွေ၊ ဘဲခြံတွေ၊ ဝက်ခြံတွေ၊ နွားခြံတွေ၊ ဆိတ်ခြံတွေ၊ သိုးခြံတွေက ရွာတိုင်းလိုလိုမှာရှိနေပြီ။ အရင်တုန်းကတော့ ခြံလျောင်စနစ်နဲ့ မွေးမြူကြတာမဟုတ်ဘူး။ ခုအခါမှာတော့ ခြံလျောင်ပြီး စနစ်တကျမွေးမြူနေကြပြီ။

မြစ်၊ ချောင်းအနီးအနားတွေမှာဆိုလည်း ကန်ကြီးတွေ တူးဖော်ပြီး ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေ မွေးမြူလာကြတယ်။ မြစ်၊ ချောင်းတွေ အနီးအနားမှာ မွေးမြူရေးကန်တွေ အများကြီးပဲ။ မွေးမြူရေးလုပ်ငန်းတွေကိုအများကြီး တိုးချဲ့လုပ်ကိုင်နေကြပြီ။ ခုဆိုမြန်မာ့သားငါးစွေးကွက်က နိုင်ငံတကာစွေးကွက်ထဲအထိ ရောက်နေပြီ။ မွေးမြူရေးလုပ်ငန်းကဏ္ဍာ တစ်ဆင့်မြှင့်ပြီး ထုတ်လုပ်နေကြပါပြီ။ မွေးမြူရေးကဏ္ဍာထုတ်ကုန်တွေ တိုးတက်လာအောင်လို့ ခေတ်မီနည်းစနစ်တွေကို ဖြန့်ဝေပေးနေတဲ့အပြင် မွေးမြူရေးကဏ္ဍာအတွက်လိုအပ်မယ့်မတည်ငြိမ်နိုးငွေတွေကိုလည်း နိုင်ငံတော်အစိုးရက စိုက်ထုတ်ပေးနေပါတယ်။ ယနေ့ နိုင်ငံတော် အစိုးရအနေနဲ့ တစ်မျိုးသားလုံးပညာရည်မြင့်မားရေးနဲ့ ထူးချွန်ထက်မြက်ပြီး ဗလငါးတန်ပြည့်ဝတဲ့ လူ့စွမ်းအားရင်းမြစ်များပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေပါတယ်။

ခုအခါမှာတော့ ခြံလျောင်ပြီး စနစ်တကျမွေးမြူနေကြပြီ။

မြစ်၊ ချောင်းအနီးအနားတွေမှာဆိုလည်း ကန်ကြီးတွေ တူးဖော်ပြီး ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေ မွေးမြူလာကြတယ်။ မြစ်၊ ချောင်းတွေ အနီးအနားမှာ မွေးမြူရေးကန်တွေ အများကြီးပဲ။ မွေးမြူရေးလုပ်ငန်းတွေကိုအများကြီး တိုးချဲ့လုပ်ကိုင်နေကြပြီ။ ခုဆိုမြန်မာ့သားငါးစွေးကွက်က နိုင်ငံတကာစွေးကွက်ထဲအထိ ရောက်နေပြီ။ မွေးမြူရေးလုပ်ငန်းကဏ္ဍာ တစ်ဆင့်မြှင့်ပြီး ထုတ်လုပ်နေကြပါပြီ။ မွေးမြူရေးကဏ္ဍာထုတ်ကုန်တွေ တိုးတက်လာအောင်လို့ ခေတ်မီနည်းစနစ်တွေကို ဖြန့်ဝေပေးနေတဲ့အပြင် မွေးမြူရေးကဏ္ဍာအတွက်လိုအပ်မယ့်မတည်ငြိမ်နိုးငွေတွေကိုလည်း နိုင်ငံတော်အစိုးရက စိုက်ထုတ်ပေးနေပါတယ်။ ယနေ့ နိုင်ငံတော် အစိုးရအနေနဲ့ တစ်မျိုးသားလုံးပညာရည်မြင့်မားရေးနဲ့ ထူးချွန်ထက်မြက်ပြီး ဗလငါးတန်ပြည့်ဝတဲ့ လူ့စွမ်းအားရင်းမြစ်များပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေပါတယ်။

တစ်ခေတ်ဆန်းလာတဲ့ ကာလပါပဲ။ တစ်ခေတ်ဆန်းလာတာနဲ့အမျှ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေရဲ့ ဝင်ငွေတိုးလာသလိုမွေးမြူရေးလုပ်ငန်းနဲ့ဆက်စပ်လုပ်ကိုင်ပေးကြရတဲ့ တစ်ဦးချင်းစီရဲ့ ဝင်ငွေကလည်းတိုးလာတာပါပဲ။ တစ်ဦးချင်းစီဝင်ငွေတိုးလာတာနဲ့အမျှ တစ်ဦးချင်းစီရဲ့စားဝတ်နေရေး ချောင်လည်လာသလို တစ်ဦးချင်းစီရဲ့ လူနေမှုအဆင့်အတန်းကလည်း မြင့်လာနေပါတယ်။ ဒါကြောင့်လည်း မွေးမြူရေးလုပ်ငန်းကို တစ်ဦးချင်းပုဂ္ဂလိကပိုင်လုပ်ကိုင်နေကြသလို သမဝါယမ စုပေါင်းစနစ်နဲ့လည်း အင်တိုက်အားတိုက်လုပ်ကိုင်နေကြပါပြီ။

နိုင်ငံတော်အစိုးရရဲ့ ကျေးဇူး၊ မွေးမြူရေးနဲ့ ကုသရေဦးစီးဌာနရဲ့ကျေးဇူးတွေကြောင့်ခြံလျောင်ပြီး စနစ်တကျမွေးတာက အရင်တုန်းက လွတ်ကျောင်းမွေးတာထက် ပိုကောင်းတာကို လက်တွေ့သိမြင်နေကြရပါပြီ။ ဒါကြောင့် ခြံလျောင်မွေးတဲ့စနစ်ကို မွေးမြူရေးလုပ်ငန်း လုပ်ဆောင်နေသူတိုင်းက လိုလိုလားလား လက်ခံကျင့်သုံးလာကြတာပါ။ မွေးမြူရေးနဲ့ ကုသရေဦးစီးဌာနမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ပညာရှင်တွေ၊ ကျွမ်းကျင်သူတွေကလည်း ကျေးရွာတွေအရောက်ကွင်းဆင်းပြီး မွေးမြူထားတဲ့ တိရစ္ဆာန်တွေကို စနစ်တကျမွေးဖို့၊ အစာကို စနစ်တကျကျွေးဖို့၊ ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ဆေးထိုးဖို့၊ ရောဂါဖြစ်ပွားလာရင်လည်း စနစ်တကျကုသဖို့ မကြာမကြာ ပညာပေးဆွေးနွေးထားတာဆိုတော့ မွေးမြူရေးနဲ့ဆိုင်တဲ့ ဗဟုသုတတွေကလည်း နားရည်ဝနေကြပြီ။ မွေးမြူရေးနဲ့ဆိုင်တဲ့ ဗဟုသုတတွေ နားရည်ဝလာတော့ အသားစားကြက်နဲ့ ဘဲအမျိုးမျိုး၊ ဥစားကြက်နဲ့ ဘဲအမျိုးမျိုး၊ အသားတိုးဝက်၊ ဆိတ်၊ သိုးအမျိုးမျိုး၊ ခိုင်းနွားအမျိုးမျိုး၊ နို့စားနွားအမျိုးမျိုးစတဲ့ ဈေးကွက်ဝင်မွေးမြူရေးလုပ်ငန်းတွေ တိုးချဲ့လုပ်ကိုင်နေကြပါပြီ။ ခုဆို စားသုံးသူလူမျိုးမရွေး နှစ်သက်ပြီး ဈေးကောင်းရတဲ့ ကြက်မည်းမျိုးတွေကို မွေးမြူနေကြပါပြီ။ ဒါ့ပြင် မွေးမြူရေးလုပ်ငန်းက ရရှိလာတဲ့ ကုန်ကြမ်းတွေကို ကုန်ချောဖြစ်အောင် ထုတ်လုပ်နိုင်တဲ့ အသေးစား၊ အလတ်စား အလုပ်ရုံ၊ စက်ရုံတွေနဲ့ ယခု(KG+12)အတန်းစဉ်မှာ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးအတွက်စီမံဆောင်ရွက်ပေးနေသလို လိုအပ်သည်များကိုလည်း ဖြည့်ဆည်းပံ့ပိုးပေးနေပါတယ်။ အလယ်တန်း အဆင့်(Grade–9) အောင်မြင်ပြီးသူများအနေနဲ့ အခြေခံပညာအထက်တန်းကျောင်းတွေ၊ ဒါမှ မဟုတ်စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်တွေ တွဲဖက်သင်ကြားပေးမယ့် အခြေခံပညာအထက်တန်းကျောင်းတွေမှာတက်ရောက်သင်ယူနိုင်တဲ့သင်ယူမှု အခွင့်အလမ်းတွေကို တိုးမြှင့်လမ်းဖွင့်ပေးထားပါတယ်။ စက်မှုပညာရှင်တွေ၊ စက်မှုပညာကျွမ်းကျင်သူတွေ၊ စိုက်ပျိုးရေးပညာရှင်တွေ၊ စိုက်ပျိုးရေးပညာကျွမ်းကျင်သူတွေ၊ မွေးမြူရေးပညာရှင်တွေ၊ မွေးမြူရေးပညာ ကျွမ်းကျင်သူတွေ ဖြစ်ပေါ်လာစေဖို့ ရည်မှန်းဆောင်ရွက်ပေးနေတာပါပဲ။ အဲ့ဒီလူငယ်မောင်မယ်တွေ လူလားမြောက်လာတဲ့အခါ စက်မှုလုပ်ငန်းတွေ၊ စိုက်ပျိုးရေးလုပ်ငန်းတွေ၊ မွေးမြူရေးလုပ်ငန်းတွေမှာ အားကိုးအားထားပြုရမယ့် လူ့စွမ်းအားရင်းမြစ်တွေပါ။ စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းတွေနဲ့ အသက်မွေးဝမ်းကျောင်းပြုပြီး နိုင်ငံတော်ကို အလုပ်အကျွေးပြုနေမယ့်သူများပါပဲ။

ယနေ့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက စီးပွားရေးဦးတည်ချက်မှာ “တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”ဆိုတဲ့ အချက်ကိုထည့်သွင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်တိုင် မွေးမြူရေးဇုန်တွေကိုသွားရောက်ပြီး လုပ်ကိုင်နေကြတဲ့ မွေးမြူရေးလုပ်ငန်းရဲ့ အောင်မြင်တိုးတက်နေမှုတွေကို လှည့်လည်ကြည့်ရှုအားပေးရင်း လိုအပ်တာတွေကို ပံ့ပိုးဖြည့်ဆည်းပေးနေတာပါ။ ၂၀၂၄ ခုနှစ် ဇွန်လ ၁၅ ရက်က မိတ္ထီလာ-သာစည်လမ်းပေါ်မှာရှိတဲ့ ဦးမြဟန်ရဲ့ဆိတ်နဲ့သိုးမွေးမြူရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုပြီး သက်ဆိုင်ရာတာဝန်ရှိသူများနဲ့ မွေးမြူရေးလုပ်ငန်းရှင်တွေကို တွေ့ဆုံကာ “မိရိုးဖလာစနစ်အတိုင်းမွေးမြူခြင်းထက် စနစ်ကျနသည့် မွေးမြူရေးလုပ်ငန်းအဖြစ်သို့လည်း အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ မွေးမြူထုတ်လုပ်သူနှင့် ဝယ်ယူစားသုံးသူတို့၏အကြားခွဲ ကြားခံအဆင့်များနေပါက အသားဈေးနှုန်းများသည်လည်း ကြီးမြင့်နေမည်ဖြစ်သဖြင့် မွေးမြူထုတ်လုပ်သူနှင့် စားသုံးသူတို့ တိုက်ရိုက်စနစ်တစ်ခုကို ဖော်ဆောင်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အကောင်လိုက်ရောင်းချခြင်းထက် အသားကိုအဆင့်မီ ထုတ်ကုန်အဖြစ် ထုတ်လုပ်၍ အေးခဲအသားများ၊ အသားခြောက်များပြုလုပ်ရောင်းချနိုင်ရေးအတွက် အသားထုတ်လုပ်မှုစက်ရုံကိုလည်း ဆောင်ရွက်သင့်ကြောင်း” မှာကြားခဲ့ပါတယ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှာကြားခဲ့တာတွေနဲ့အညီ စနစ်ကျတဲ့ မွေးမြူရေးလုပ်ငန်းများဖြစ်ပေါ်လာအောင်၊ ခေတ်နဲ့အညီ ခေတ်မီတဲ့ မွေးမြူရေးကုန်ထုတ်လုပ်ငန်းစက်ရုံအလုပ်ရုံတွေ ဖြစ်ပေါ်လာအောင်၊ မွေးမြူရေးလုပ်ငန်းစီးပွားဖြစ်တွင်ကျယ်လာအောင် နိုင်ငံတော်က ကူညီအားပေးနေသလို မွေးမြူရေးလုပ်ငန်းလုပ်ကိုင်တဲ့သူများနဲ့အတူ သက်ဆိုင်ရာတာဝန်ရှိသူများကပါ ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြမယ်ဆိုရင် မြန်မာ့မွေးမြူရေးလုပ်ငန်းထုတ်ကုန်ပစ္စည်းတွေက နိုင်ငံတကာ စားသုံးသူ ဈေးကွက်ထဲမှာနေရာရပြီး မျက်နှာပန်းလှနေမှာမလွဲပါဘူး။ စားသုံးသူတွေ အနေနဲ့လည်း သက်သာချောင်ချိတဲ့ဈေးနှုန်းနဲ့ အလွယ်တကူ ဝယ်ယူစားသုံးနိုင်မှာဖြစ်ပါတယ်။ တစ်ဦးချင်းစီမှာလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုတိုးတက်လာပြီး စီးပွားရေးတွေ ပိုမိုကောင်းမွန်လာမှာ အသေအချာပါပဲ။

ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေအများစုက စိုက်ပျိုးရေးလုပ်ငန်းနဲ့ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြတဲ့သူတွေပါ။ နိုင်ငံသူနိုင်ငံသားတွေရဲ့ စားရေရိက္ခာ ဖူလုံအောင်ဖြည့်တင်းပေးနေကြတဲ့သူတွေပါပဲ။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ တစ်ဦးချင်းစီရဲ့ လူမှုစီးပွားရေးတောင့်တင်းခိုင်မာလာတာက ထပ်တူကျပါတယ်။ တစ်ဦးချင်းစီရဲ့ လူမှုစီးပွားရေး တောင့်တင်းခိုင်မာလာလေလေ နိုင်ငံတော်ရဲ့ စီးပွားရေး ဓနအင်အားကလည်း တောင့်တင်းခိုင်မာလာလေလေပါပဲ။ ပြည်တွင်းစားသုံးဖို့ဖူလုံရုံမကပေါ်ကြွယ်ဝတဲ့ စိုက်ပျိုးရေးလုပ်ငန်းနဲ့ မွေးမြူရေးလုပ်ငန်းထုတ်ကုန်တွေက ကုန်ကြမ်းကနေ ကုန်ချောအထိ အမြောက်အမြား ထုတ်လုပ်နိုင်အောင် ကြိုးပမ်းနေကြရမှာပါ။ ဒါမှလည်း မြန်မာ့သားငါးကဏ္ဍာ ထုတ်ကုန်ပစ္စည်းတွေက ပြည်ပစားသုံးသူ ဈေးကွက်ထဲအထိ အရောက်ပို့နိုင်မှာပဲဖြစ်ပါတယ်။ ဒါမှလည်း တစ်ဦးချင်းစီရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို တစ်မျိုးသားလုံးရဲ့ စီးပွားရေးကလည်း ဖွံ့ဖြိုးတိုးတက်လာမှာပါ။ ဒါကြောင့် “တစ်မျိုးသားလုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတိုးမြှင့်ဆောင်ရွက်စို့” လို့ တိုက်တွန်းလိုက်ပါတယ်။ ။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- **၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ(၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။**
- **ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို (၃၁-၁၂-၂၀၂၄)ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။**
- **စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏** Website www.dop.gov.mm **တွင် ရယူနိုင်ပါသည်။**

အသိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၄-၁-၂၀၂၅ ရက်နေ့ ဝ၄၂၀ အချိန်တွင် အလံတင်အခမ်းအနားနှင့် ဝ၇၀၀ အချိန်တွင် နိုင်ငံတော်အလံအလေးပြုပွဲနှင့် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားအား ပြည်သူ့ရင်ပြင်၌ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ် အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကိုခေတ္တပိတ်ထားမည် ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက်မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

❖ ကျောဖုံးမှအဆက်

ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ကြက်သွန်နီကို ပိုမိုတိုးချဲ့စိုက်ပျိုးခြင်းအားဖြင့် ဒေသတွင်းစားသုံးမှုဖူလုံရေးကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုမည်ဖြစ်သည့်အပြင် ကုန်စျေးနှုန်းတည်ငြိမ်ရေးကိုလည်း အကျိုးပြုမည်ဖြစ်သည့်အတွက် ထိုဒေသနှင့် ကိုက်ညီသည့် ဟင်းသီးဟင်းရွက်သီးနှံများကို စိုက်ပျိုးသွားသင့်ကြောင်း သိရသည်။ **(၄၀၉)**

တွံတေးမြို့နယ်၌ ရှေးဦးပြုစုခြင်းအခြေခံသင်တန်းအမှတ်စဉ် (၂/၂၀၂၄) ဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ်၌ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ တွံတေးမြို့နယ် ကြက်ခြေနီအသင်း(ခွဲ)နှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းအမှတ်စဉ် (၂/၂၀၂၄)ကို ဒီဇင်ဘာလ ၂၈ ရက်တွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (မြို့မတွံတေး)ပညာရုတနာခန်းမ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ တွံတေးခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာကြီးအောင်၊ မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)ဥက္ကဋ္ဌ ဦးသန်းဝင်းလှိုင်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြို့မတွံတေး ကျောင်းအုပ်ဆရာကြီး ဦးခင်ဇော်ညွှန့်တို့က အမှာစကားအသီးသီးပြောကြားခဲ့သည်။

ယင်းသင်တန်းတွင် မြို့နယ်ကြက်ခြေနီအသင်း(ခွဲ) ဥက္ကဋ္ဌ ဦးသန်းဝင်းလှိုင်၊ တပ်ခွဲမှူးများနှင့် သင်တန်းဆရာများက ကြက်ခြေနီအကြောင်းသိကောင်းစရာ၊ ရှေးဦးပြုစုအခြေခံသဘောတရား၊ လူနာဆန်းစစ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာရှေးဦးပြုစုခြင်း၊ ဒဏ်ရာအမျိုးမျိုးနှင့် သွေးယိုစီးခြင်းကိုပြုစုခြင်း၊ အပူလောင်ခြင်းနှင့်အရည်ပူလောင်ခြင်း၊ သွေးဆုတ်သွေးလန့်ခြင်း၊ မူးမေ့ခြင်းနှင့် သတိလစ်ခြင်း၊ အဆိပ်သင့်ခြင်း၊ သတ္တဝါများကိုက်ခြင်းနှင့်တုပ်ခြင်း၊ အရိုးကျိုးခြင်း၊ အဆစ်လွဲခြင်း၊ ရိုးဆက်ကြောနှင့် ကြွက်သားများထိခိုက်မှု၊ လူနာကိုင်တွယ်ခြင်းနှင့်သယ်ဆောင်ခြင်း၊ အခြေခံအသက်ကယ်အထောက်အကူပြုနည်း စသည့်သင်ခန်းစာများကို စာတွေ့လက်တွေ့သင်ကြားပို့ချလျက်ရှိသည်။

အဆိုပါသင်တန်းတွင်သင်တန်းသား၊သင်တန်းသူ ၅၈ ဦးက ဒီဇင်ဘာလ ၂၈ ရက်မှ ၃၀ ရက်အထိ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **တွံတေးသား**

ည်လေ့မြန်မာ မျိုးမြန်မာ

* ခေတ်သမိုင်း၌၊ သိုင်းဝိုင်းစုံညီနေကြသည်တည့်၊ တိုင်းပြည်အေးချမ်းတူလျှောက်လှမ်း၍၊ စိတ်ဝမ်းမကွဲကျားမဆွဲဘဲ ယှဉ်တွဲနေလျက်ပါ။

* သွေးသမိုင်း၌၊ တုန်ခိုင်းမမီရဲခဲ့သည်တည့်၊ ယုံကြည်မျှော်မှန်းတို့လက်ကမ်း၍၊ ငြိမ်းချမ်းစေရေးအလေးထားကာ၊ စောင့်ရှောက်လာခဲ့မြန်မာပြည်လျှင် မည်တွင်၏။

* ပြည်၏သမိုင်း၊ ကြည့်လိုက်တိုင်းတွင်ကျောခိုင်းစွာမြဲ၊ စိတ်စိတ်ကွဲလျက်သင်းခွဲသပ်သျှို၊ ရန်တွေပိုကာအလိုမကျ၊ လိုလောဘနှင့်ဒေါသမျက်ကန်း စေကုန်၏။

* အို...ညီလေ့မြန်မာ၊ မျိုးမြန်မာတို့ချိန်ခါကာလ၊ ညီညွတ်မှတည့်ဆက်ရခရီး မုန်တိုင်းကြီးလည်းမည်းဆက်လက်၊ စုစည်းလျက်ဖြင့်လက်ရုံးကောင်းရည်၊ သွေးသောက်ပီစေစွမ်းရည်ထပ်ထပ်၊ ကောင်းဂုဏ်ဒြပ်နှင့်ပေးအပ်ဝန်တာ၊ ကျေပွန်စွာဖြင့်မြန်မာဂုဏ်ရည် တည်ဆောက်စို့။

* ညီညာရွက်ထမ်း တစ်စိတ်ဝမ်းဖြင့်စမ်းများလည်းဖြာ လမ်းလည်းသာစေမာလာပန်းတွေ မွှေးစေလေ့။ ။

ချမ်းမြဆောင်း(ကလော)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၁၂-၂၀၂၄ (တနင်္ဂနွေနေ့)

၁။	ဝ၆:၀၃	တရားတော်		ပြည်သူ့စကား
၂။	ဝ၇:၁၅	မေတ္တာပို့	၈။	၁၂:၀၀ ရှေးမြန်မာမင်းများ
၃။	ဝ၇:၂၅	မမွှေးဇာတေး		၏ခေါင်းဆောင်မှု
၄။	ဝ၈:၀၀	မြဝတီရုပ်မြင်သံကြား သတင်း	၉။	၁၃:၀၀ ဝေမျှဆွေးနွေး လူငယ့်အရေး
၅။	ဝ၉:၀၀	မြဝတီနေ့စဉ်သတင်း	၁၀။	၁၄:၀၀ တစ်ပတ်အတွင်း
၆။	၁၀:၀၀	တစ်ပတ်အတွင်း အားကစားသတင်း		ထိပ်တန်းရောက်ကမ္ဘာ့ သတင်းသုံးသပ်ချက်
၇။	၁၁:၀၀	ပြည်သူ့ကြားက	၁၁။	၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

နေပြည်တော် ဓာတုစယဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး၏ (၄၇)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အဖွင့်မင်္ဂလာအခမ်းအနားကျင်းပ





နေပြည်တော် ဒီဇင်ဘာ ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဧမ္မာသီရိမြို့နယ်ရှိ ဓာတုစယဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး၏ (၄၇) ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အဖွင့်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဓာတုစယဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ် အဘိသန္နဒီမာန်တော်၌ကျင်းပရာ နေပြည်တော် ဧမ္မာသီရိမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဂန္ဆဝါစကာဝဏ္ဏိတ ဘဒ္ဒန္တကေသရိန္ဒအမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ အလှူရှင်ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ မဟာဝိဇိတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသရိန္ဒထံမှ မြို့တော်ဝန်အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး အခမ်းအနားမှူးက ပဋ္ဌာန်းရောင်ခြည်တော်ဖွင့်ဂါထာကို ရွတ်ဖတ်ပူဇော်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်များထံ ပဋ္ဌာန်းကျမ်းစာအုပ်၊ ပဋ္ဌာန်းပရိတ်ပန်းအိုး၊ ပရိတ်ရေများနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကာ ဆရာတော်သံဃာတော်များ ဦးဆောင်၍ ပရိသတ်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို သုံးကြိမ်ရွတ်ဖတ်ပူဇော်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဒီဇင်ဘာလ ၂၈ ရက်မှ ဇန်နဝါရီလ ၁ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်ဧမ္မာသီရိမြို့နယ်ရှိစက်သုံးဆီအရောင်းဆိုင်အမှတ်(၀၃၅၄)မှ ပြည်တွင်းထုတ်ဓာတ်ဆီဖြန့်ဖြူးရောင်းချနိုင်ရေး ပြုပြင်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက စက်သုံးဆီအရောင်းဆိုင် ဥပဓိရုပ်ကောင်းမွန်စေရေး၊ အရောင်းဆိုင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်လှပစေရေး ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းထုတ်ဓာတ်ဆီကို နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင်များဖြစ်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တစ်ဆိုင်နှင့် မန္တလေးတိုင်းဒေသကြီးတွင် နှစ်ဆိုင် စုစုပေါင်းသုံးဆိုင်တို့မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်မှ စတင်ဖွင့်လှစ်၍လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် တစ်ဆိုင်နှင့် ရှမ်းပြည်နယ်တွင် တစ်ဆိုင်တို့အား ဇန်နဝါရီလအတွင်း ဆက်လက်ဖွင့်လှစ်၍ လည်းကောင်း အများပြည်သူသို့ ဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၈

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ်စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇော သေနတ်ပစ်ဖောက်၍ တာလွတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများ သည်ဝဏ္ဏသိဒ္ဓိအားကစားကွင်း၏သတ်မှတ်လမ်းကြောင်းများအတိုင်း ပျော်ပျော်ပါးပါး လမ်းလျှောက်ကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများနှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို စုပေါင်းလှုပ်ရှားဆောင်ရွက်ခဲ့ကြပြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူးနှင့်အာဟာရမုန့်များပေးဝေကြသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲသို့ ဗဟိုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင် စုစုပေါင်း အင်အား ၄၀၀၀ နီးပါးခန့် ပျော်ပျော်ရွှင်ရွှင် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**



မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပဉ္စမအကြိမ်ထုတ်ချေး

မိတ္ထီလာ ဒီဇင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ပျော်ဘွယ်စံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေပဉ္စမအကြိမ်ထုတ်ချေးခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံအတွင်း၌ ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းအိထွေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပျော်ဘွယ်စံပြကျေးရွာရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၇ ဦးကို ငွေကျပ် ၃၉ ဒသမ ၈ သန်း ထုတ်ချေးပေးကြောင်း သိရသည်။

(၆၀၂)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးဗိုးဝင်း အင်းတိုင်တပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်းများမှ ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

❖ နိုင်ငံတော်အလံကို မိမိလက်နှင့် ကိုယ်တိုင်ထိတွေ့ပြီး သစ္စာ(၄)ချက်ကို ရွတ်ဆိုထားသူများဖြစ်သည့်အတွက် ၎င်းသစ္စာ(၄)ချက်အပေါ်တွင် သစ္စာစောင့်သိ၊ သစ္စာရှိရန်လို၊ မိမိနိုင်ငံအပေါ်၊ မိမိနိုင်ငံသားများအပေါ်၊ မိမိတပ်မတော်သားများအပေါ်တွင် သစ္စာစောင့်သိသွားကြရန်လို . . .

❖ သင်တန်းကျောင်းမှလေ့ကျင့်သင်ကြားပေးသည့် စစ်ပညာရပ်များအပေါ် အသေးအဖွဲ ဟူ၍ သဘောမထားဘဲ အလေ့အကျင့်မှအလေ့အထဖြစ်သည်အထိ စွဲမြဲစွာလုပ်ဆောင်၊ လေ့ကျင့်သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကို တာဝန်ထမ်းဆောင်ရာတွင် လက်တွေ့ကျကျ ထိရောက်စွာအသုံးချ . . .

★ **ရွှေဖုံးမှအဆက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက အမှာစကားပြောကြားရာတွင် အချုပ်အခြာအာဏာပိုင်နိုင်ငံတိုင်းသည် မိမိနိုင်ငံကိုကာကွယ်ရန် နိုင်ငံသားအားလုံးတွင် တာဝန်ရှိကြကြောင်း၊ စစ်မှုထမ်းများသာမက အခြားသောကဏ္ဍအသီးသီးမှာလည်း နိုင်ငံတော်ကာကွယ်ရန် တာဝန်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ပြဋ္ဌာန်းထားခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့၌ အာဏာတည်စေခဲ့သည့်အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းထားရှိပြီး သတ်မှတ်အရည်အချင်းများနှင့်ပြည့်စုံသူများကိုသာ ဥပဒေနှင့်အညီ ဗဟိုအဖွဲ့မှ အတည်ပြုခန့်အပ်ပေးလျက်ရှိသည့်အခြေအနေများ၊ တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာကြသူများကိုလည်း စစ်ပညာများကို စနစ်တကျသင်ကြားပေးလျက်ရှိပြီး အဆိုပါပညာရပ်များဖြင့် အဖျက်သမားများရန်မှ ကာကွယ်သွားကြရမည့်အခြေအနေများ၊ တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့များသို့ ရောက်ရှိတာဝန်ထမ်းဆောင်ရာတွင်လည်း ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို စစ်သည်တော်ကောင်းတစ်ဦး ပီသစွာ လိုက်နာနေထိုင်သွားရန်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာကြံခိုင်မှုရှိအောင် လေ့ကျင့်နေထိုင်သွားရန်နှင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိရန်လိုအပ်သည့် အခြေအနေများ၊ သင်တန်းကျောင်းများမှ လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် စစ်ပညာများကို စနစ်တကျ လေ့ကျင့်သင်ကြားသွားရန်၊ စစ်မြေပြင်တွင် ထိထိရောက်ရောက်အသုံးချရန်နှင့် စည်းကမ်းတကျလိုက်နာနေထိုင်သွားကြရန်လိုအပ်သည့် အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် ယနေ့နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်ကြရတော့မည့်သင်တန်းဆင်းစစ်သည်တော်များနှင့် စစ်သည်တော်လောင်းများဖြစ်ရန် သင်တန်းတက်ရောက်နေသည့် သင်တန်းသားများအားလုံးတို့သည် နိုင်ငံ့သားကောင်းရတနာများဖြစ်ကြောင်း၊ သစ္စာ(၄)ချက်အား နေ့စဉ်ရွတ်ဆိုရသည့် နိုင်ငံတော်နှင့် တပ်မတော်အပေါ်၊ မိမိရဲဘော်ရဲဘက်အချင်းချင်းအပေါ်နှင့် မိမိမိသားစုဝင်များအတွက် ကတိသစ္စာပြုစောင့်ထိန်းကြသူများဖြစ်ကြ၍ မိမိကိုယ်ကို မိမိဂုဏ်ယူကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အလံကို မိမိလက်နှင့် ကိုယ်တိုင်ထိတွေ့ပြီး သစ္စာ(၄)ချက်ကို ရွတ်ဆိုထားသူများ ဖြစ်သည့်အတွက် ၎င်းသစ္စာ(၄)ချက်အပေါ်တွင် သစ္စာစောင့်သိ၊ သစ္စာရှိရန်လိုကြောင်း၊ မိမိနိုင်ငံအပေါ်၊ မိမိနိုင်ငံသားများအပေါ်၊ မိမိတပ်မတော်သားများအပေါ်တွင် သစ္စာစောင့်သိသွားကြရန်လိုကြောင်း၊ ထို့အပြင် စစ်သည်အချင်းချင်းအပေါ်တွင်လည်း ရဲဘော်စိတ်ထားရှိရန်လိုကြောင်း၊ "ရဲဘော်စိတ်" ဆိုသည်မှာ ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားများဖြစ်၍ သေအတူ ရှင်မကွာဆိုသည့်စိတ် သာအတူ နာအတူ ဆိုသည့်စိတ်ထားခံယူချက်များ ထားရှိသွားရန်လိုအပ်ကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေအရဖြစ်စေ၊ မိမိစိတ်ဆန္ဒအရဖြစ်စေ၊ တပ်မတော်တွင်းသို့ဝင်ရောက်လာကြသူများအား တပ်မတော်၌ စစ်ဆင်ရေး၊ နယ်မြေလုံခြုံရေးနှင့် နယ်မြေဖိုးမိုးရေးတာဝန်များထမ်းဆောင်ရာတွင် သိသင့်သိထိုက်သည့်၊ ရှိသင့်ရှိထိုက်သည့်စစ်ပညာရပ်များကို အခြေခံမှစ၍ လိုအပ်သလို စနစ်တကျသင်ကြားလေ့ကျင့်ပေးပြီးမှသာ တာဝန်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းများအနေဖြင့် စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်၊ လက်နက်ငယ်ဘာသာရပ် အပါအဝင် အခြားသော စစ်ပညာရပ်များကို စနစ်တကျလေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်၍ တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို စနစ်တကျအသုံးချသွားရန်လိုကြောင်း၊ အခြေခံစစ်အတတ်ပညာများကို လေ့ကျင့်သင်ကြားပေးရာတွင် စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံတတ်မှုသည် အရေးကြီးကြောင်း၊ အမိန့်နာခံမှုရှိမှသာ အထက်မှပေးအပ်သည့် ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်ရာတွင် တိကျအောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းမှ လေ့ကျင့်သင်ကြားပေးသည့် စစ်ပညာရပ်များအပေါ် အသေးအဖွဲဟူ၍ သဘောမထားဘဲ အလေ့အကျင့်မှ အလေ့အထဖြစ်သည်အထိ စွဲမြဲစွာလုပ်ဆောင်သွားကြရန်လိုကြောင်းနှင့် လေ့ကျင့်သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကို တာဝန်ထမ်းဆောင်ရာတွင် လက်တွေ့ကျကျ ထိရောက်စွာ အသုံးချသွားရန်လိုကြောင်း။

ခေတ်ကာလအဆက်ဆက် နိုင်ငံတော်

မကွေးမြို့နယ်၌ ယခုဘဏ္ဍာနှစ်အတွင်း ကျေးလက်လမ်း၊ တံတားများ အဆင့်မြှင့်တင်ပေးလျက်ရှိ

မကွေး ဒီဇင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ်တွင် မကွေးမြို့နယ်အတွင်း ကျေးလက်လမ်း၊ တံတားများ အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မကွေးမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

မကွေးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေစေရန် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်လမ်း၊ တံတားများတည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုခွင့်ပြုငွေနှင့် တိုင်းဒေသကြီးခွင့်ပြုငွေများဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

"ဒီဘဏ္ဍာနှစ်မှာဆိုရင် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၂၄၉ သန်းနဲ့ တိုင်းဒေသကြီးခွင့်ပြုငွေ ငွေကျပ် ၅၁၇ သန်း စုစုပေါင်းငွေကျပ် ၇၆၆ သန်းကျော်နဲ့ ကျေးလက်လမ်း ၁၂ လမ်း၊ ၁၂ မိုင် ၂ ဒသမ ၅ ဖာလုံ၊ ကွန်ကရစ်တံတားတစ်စင်း၊ ကွန်ကရစ် ရေကျော်သုံးစင်းနဲ့ Box Culvert ခြောက်စင်းတို့ကို အဆင့်မြှင့်တင်တည်ဆောက်ပေးနေပါတယ်"ဟု မကွေးမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်ထွန်းကျော်က ပြောသည်။

ထိုသို့ ကျေးလက်လမ်း၊ တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် မကွေးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၄၀ မှ ဒေသခံများ ရာသီမရွေးသွားလာရေး အဆင်ပြေချောမွေ့စေမည့်အပြင် အဆိုပါ ဒေသမှ စိုက်ပျိုးထွက်ရှိသော လယ်ယာထွက်ကုန်သီးနှံများကို ဈေးကွက်သို့ အချိန်မီတင်ပို့နိုင်မည်ဖြစ်ကြောင်းသိရသည်။

ဆောင်းဦး

ကို ကာကွယ်စောင့်ရှောက်လျက်ရှိကြသည့်တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရန် မိမိတို့၏စိတ်ဆန္ဒများဖြင့် ဝင်ရောက်တာဝန်ထမ်းဆောင် နေကြသူများဖြစ်ကြောင်း၊ အရပ်သားဘဝ အလွှာပေါင်းစုံမှ တပ်မတော်အတွင်းသို့ ဝင်ရောက်လာကြသူများဖြစ်သော်လည်း ယခုအခါ တူညီသော အစိမ်းရောင်ယူနီဖောင်း ဝတ်ဆင်၍ စစ်ပညာရပ်များကို အတူတူစုပေါင်း၍ သင်ကြားလေ့ကျင့်ပြီးသူများဖြစ်သည့် အတွက် အရောင်အသွေးတူ၊ အတွေးအမြင်တူ၊ ယုံကြည်ချက်၊ ခံယူချက်တူညီသူများဖြစ်လာကြပြီးဖြစ်၍ နောင်တော်တပ်မတော်သားများနှင့် လက်တွဲကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဂုဏ်ယူစွာဖြင့် ကျေပွန်စွာထမ်းဆောင်သွားကြရတော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်တပ်မတော်က ယုံကြည်အားကိုးရသည့် နိုင်ငံ့သားကောင်းများ၊ မိသားစုက လေးစားတန်ဖိုးထားရသည့် ပြည်သူ့သားကောင်းများအဖြစ် ကြိုးစားနေထိုင်သွားကြရန် လိုကြောင်း။

တပ်မတော်သားဘဝကို ရရှိခံယူထားကြပြီးသူများဖြစ်၍ နိုင်ငံတော်နှင့်တပ်မတော်တာဝန်များကို ၂၄ နာရီ တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့သားကောင်းရတနာများဖြစ်ကြောင်း၊ “Once a Soldier, always a Soldier” ဆိုသည်နှင့်အညီ တစ်ကြိမ်စစ်သားဖြစ်ပြီးပါက အမြဲတမ်းစစ်သားဖြစ်သည်ဆိုသည့် စိတ်ဓာတ်များ ခံယူထားရမည်ဖြစ်ပြီး အဆိုပါစိတ်သည် တပ်မတော်သားများ၏ မွန်မြတ်သည့်ခံယူချက်စိတ်ထားဖြစ်ကြောင်း၊ တပ်မတော်၏ မွန်မြတ်သည့် အစဉ်အလာကောင်းများကို ထိန်းသိမ်းလိုက်နာပြီး နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိရန် လိုကြောင်း။

နိုင်ငံတော်တွင် အရေးပေါ်အခြေအနေနှင့်ကြုံတွေ့ရတိုင်း နိုင်ငံတော် မပျက်မယွင်း၊ မပြိုကွဲအောင် ထိန်းသိမ်းနိုင်သည်မှာ ကျစ်လျစ်ခိုင်မာအင်အားတောင့်တင်းသည့် တပ်မတော်တစ်ရပ်ရှိနေခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် **တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းရွက်နိုင်ရန်အတွက် တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေး ပြည့်ဝခိုင်မာနေရန်အထူးလိုအပ်**ကြောင်း၊ **ယခုအခါ ပြည်တွင်း၊ ပြည်ပ အဖျက်သမားအင်အားစုများသည် တပ်တွင်းစည်းလုံးညီညွတ်မှုပျက်ပြားစေရန် ရည်ရွယ်၍ နည်းလမ်းပေါင်းစုံနှင့် ထိုးနှက်တိုက်ခိုက်နေချိန်ဖြစ်၍ မိမိတို့အနေဖြင့် ကျောချင်းကပ်၊ ရင်ချင်းအပ်သည့် စည်းလုံးညီညွတ်မှု ရှိရေးသည် အသက်တမျှအရေးကြီး**ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံသားတိုင်း မဖြစ်မနေထမ်းဆောင်ကြရမည့်တာဝန်ဖြစ်သည့်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်ခဲ့ရာ ယနေ့အချိန်အထိ သင်တန်းအမှတ်စဉ်(၆) အထိ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းဆင်း နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအနေဖြင့် တပ်ရင်း/တပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိကြရာ ပေးအပ်သည့် တာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင် နိုင်ခဲ့ကြသည့်အတွက် နိုင်ငံတော်မှချီးမြှင့်သည့် စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များရရှိလာခဲ့ကြသည်ကိုလည်း ဂုဏ်ယူဖွယ်ရာတွေ့ရှိရကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ မိမိတို့ တပ်မတော်သားတစ်ဦးချင်းသည် မည်မျှပင် နိုင်ငံတော်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ချင်သည်ဖြစ်ပါစေ ကျန်းမာရေးချို့ယွင်းချက်ရှိမည်ဆိုပါက မည်သို့မျှ လုပ်ကိုင်ဆောင်ရွက်နိုင်မည်မဟုတ်သည့်အတွက် ကျန်းမာရေးကောင်းမွန်ရန် အထူးပင်အရေးကြီးကြောင်း၊ မိမိကိုယ်ကို ကျန်းမာကြံ့ခိုင်မှုရှိအောင် စနစ်တကျနေထိုင်စားသောက်သွားရန်လိုကြောင်း၊ သင်တန်းဆင်း ပြည်သူ့စစ်မှုထမ်းများအနေဖြင့် သင်တန်းကျောင်းမှ လေ့ကျင့်သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာကို အမြဲမပြတ် လေ့ကျင့်လိုက်နာပြီး ကောင်းစွာအသုံးချသွားကြရန်နှင့် နိုင်ငံတော်၊ တပ်မတော်နှင့် မိမိမိသားစုက ဂုဏ်ယူတန်ဖိုးထားရသည့် နိုင်ငံ့သားကောင်း စစ်သည်တော်ကောင်းများဖြစ်အောင် နေထိုင်ကျင့်ကြံသွားရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သည် ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

ပင်းတယ ဒီဇင်ဘာ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပင်းတယမြို့နယ် ကန်ထောင့်ကျေးရွာအုပ်စု ကန်ထောင့်ကျေးရွာ၌ ဒီဇင်ဘာလ ၂၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးအောင်လွင်ဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာမှတာဝန်ရှိသူများနှင့်အတူ ကန်ထောင့်ကျေးရွာ၌ အနက်ပေ ၄၅၀ ရှိ ၄ လက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ မော်တာပန့်၊ ပါဝါမီတာတပ်ဆင်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အဆိုပါကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေများ ရရှိစေရန်ရည်ရွယ်ပြီး ယခုဘဏ္ဍာနှစ် ပြည်နယ်(မူလ) ခွင့်ပြုငွေ ငွေကျပ် ၄၇ ဒသမ ၀၀၈ သန်းအသုံးပြု၍ ဇွန်လစတုတ္ထပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကာရံ(ကျေးလက်)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win meets trainees of people's military service at local training schools in Indaing Station

NAY PYI TAW December 28

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win met trainees of people's military service at local training schools in Indaing Station, Yangon Region this morning.

Also present were SAC member Union Minister for Defence General Maung Maung Aye, Commander-in-Chief (Navy) Admiral Htein Win, Commander-in-Chief (Air) General Tun Aung, Yangon Region Chief Minister U Soe Thein, senior military officers from the Office of the Commander-in-Chief, Yangon Command Commander Maj-Gen Zaw Hein, and officials.



Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win meets trainees of people's military service at local training schools in Indaing Station.

In his speech General Maung Maung Aye said citizens of every sovereign country are responsible for national defence. He then explained the responsibility of other sectors for national defence, apart from military personnel, the enactment of People Military Service Law in Myanmar in November 2010 and its activation on 10 February 2024, the formation of recruitment bodies at different levels, and the central body's enlistment of only the eligible persons, systematic military trainings for the eligible persons, who will have to provide protection against terrorists with the learned military knowledge, abidance of orders and directives in serving duties at the assigned battalion/unit as good soldiers, development of mental fitness and loyalty towards the State and Tatmadaw, systematic pursuance of military knowledge taught by the training schools, effective application of the military knowledge in a battle field and observance of rules.



Vice-Senior General Soe Win greets a people's military service trainee.

The Vice-Senior General then delivered a speech, emphasizing that all graduates and trainees presently undergoing training to become future soldiers tasked with national defence responsibilities are invaluable assets to the nation. Pride should be taken in those who faithfully uphold the four oaths daily, toward the state and military, fellow soldiers, and families.

As those who have touched the national flag and recited the four oaths, we must remain loyal and devoted to them. Loyalty to our country, its citizens, and military personnel is essential. Furthermore, soldiers must cultivate a spirit of camaraderie among themselves. "The spirit of camaraderie" embodies the love, bond, and loyalty shared among comrades. It is essential

See Page - 19 ●●

●● From Page - 18

to uphold the mindset of "standing together, dying together, and suffering together."

Those who join Tatmadaw, whether under the People's Military Service Law or voluntarily, are entrusted with carrying out military operations, territorial security, and control, all of which require systematic training and education in essential military skills necessary for Tatmadaw to perform them. People military personnel have received systematic training in military disciplines such as tactics, small arms, and other relevant subjects. It is essential to effectively utilize the military skills they have developed. Strong military discipline and obedience to orders are crucial in training and teaching basic military skills. Only through strict adherence to orders can the objectives and responsibilities assigned from higher authorities be effectively and successfully achieved. It is essential to diligently apply the military skills acquired at the training school, recognizing their significance, and to utilize these skills effectively and practically in the execution of their duties.

Military personnel who have safeguarded the nation across generations are those who join the service driven by their own desire to fulfill the duty of national defence. Though they come from various backgrounds, all military personnel now wear the same green uniform and have been trained together in military skills. As a result, they have become unified, sharing the same identity, thoughts, and values. They will work alongside their predecessors to uphold their national defence responsibilities with pride. They must strive to live as honorable citizens, trusted by the state and the military, and respected and valued by their families.

They are dedicated citizens who have embraced military service and are serving the state and the military around the clock. In keeping with the saying, "Once a Soldier, always a Soldier," we must embrace the mindset that once we become soldiers, we remain soldiers for life. This mindset reflects the noble spirit of military personnel. It is essential to uphold the noble traditions of Tatmadaw and remain steadfast in loyalty to both the state and Tatmadaw.

In times of national emergency, the only way to preserve the integrity and unity of the country is through a strong and unified military. Therefore, for military personnel to effectively fulfill their national defence responsibilities, maintaining strong unity both within and outside the military is essential. At a time when both domestic and foreign destructive forces are attacking us with various tactics aimed at undermining unity within the military, it is crucial for us to maintain a strong sense of unity and mutual support.

Since the duty of defending the nation is a fundamental obligation for every citizen, people military service courses were established. To date, Course No. 6 has been successfully conducted and completed. It is a source of pride that the dedicated citizens who have graduated from training and are serving in battalions/units have excelled in their duties and have been recognized with honorary titles for their ability and courage, awarded by the state.

Regarding health, it is crucial for our military personnel to maintain good physical well-being. No matter how strong their desire to fulfill their national duties, they will be unable to carry out their responsibilities effectively if they are in poor health. To stay healthy and strong, we must live and eat in a disciplined and proper manner. The graduating people service personnel were instructed to continually practice and apply the military skills acquired at the training school. They are encouraged to strive to become good citizens and soldiers who uphold the honor of the state, the military, and their families.

Following the meeting, the Vice-Senior General presented honorariums to the people service trainees and exchanged friendly greetings. **100**

Dabayin Township reaps more than 2,000 acres of black gram this year

DABAYIN December 28

A total of 2,084 acres of black gram has been harvested in Dabayin Township of Sagaing Region, according to YeU District Agriculture Department.

In 2024-2025 monsoon season, local authorities earmarked 1,672 acres of black gram in Dabayin Township but local farmers planted 2,084 acres of crops exceeding the target cultivation. Local farmers started harvesting of black gram in September this year, yielding more than 18 baskets per acre.

U Zaw Myint Tun, Head of YeU District Department of Agriculture stated: "Local farmers planted 2,084 acres of black gram in Dabayin Township. We helped them exceed the target cultivation in addition to necessary technology, techniques for prevention of pests, and quality strains of crops. So far, they have harvested all acres of black gram."

This year, township officials provided suitable strains of crops, correct agricultural techniques, prevention of pests and making natural fertilizers for local farmers.

Moreover, the relevant township Agriculture Department cooperated with local farmers in boosting production of crops with provisions of quality strains of crops and inputs in addition to post-harvest technology.

SK

Farmers complete harvesting maize and corns in Kalay Township

KALAY December 28

Statistics of Kalay Township Agriculture Department mentioned that a total of 21,524 acres of maize and corns as monsoon crops in Kalay Township of Sagaing Region this year.

Local authorities earmarked 17,254 acres of maize and 6,028 acres of corns, totalling 23,282 acres in Kalay Township in 2024-2025 monsoon season. But, local farmers have planted 16,572 acres of maize and 6,307 acres of corns, totalling 22,879 acres, against the target cultivation. They harvested 16,572 acres of maize, yielding 67.02 baskets per acre and 4,952 acres of corns, yielding 15,000 pieces of corns.

U Naing Tun Win, Head of Kalay Township Department of Agriculture said: "This year, local farmers grew 22,879 acres of maize and corns in Kalay Township. So far, they have harvested 21,524 acres of crops with high yield of crops. We helped local farmers thrive crops and prevent pests with agricultural techniques."

This year, officials of the Township Agriculture Department conducted training courses for ensuring capacity enhancement of staff members and local farmers to grow maize and corns in the township. Moreover, the department provided techniques of prevention of pests and making natural fertilizers and pests.

In Kalay Township, maize yielded 60 baskets per acre. It needs to cost Ks-500,000 per acre. Corns yielded 15,000 pieces of corns, costing Ks-500,000 per acre.

SK

Plantation of dwarf coconut increases in this year

YANGON December 28

The number of new dwarf coconut growers has expanded and the market is expected to be thriving again when the harvest season falls.

"The number of dwarf coconut growers has been large recently. Plantations are located mostly in Twantay and around the Yangon-Mandalay Expressway. The production will be large over the next three years. Now, it is the beginning of the growing season. It is expected that the market will be fine again when fruits are produced at the same time," said a dwarf coconut grower in Twantay Township.

Including Twantay Township and Yangon-Mandalay Expressway, dwarf coconuts are grown in Taikkyi and Hlegu townships and some plantations even stretch acreage of trees.

In April this year, raw dwarf coconuts grown in Myanmar were exported to Thailand, according to coconut farms. Dwarf coconut can be made into finished products and the domestic market is likely to develop if packaging improves, and raw materials produced from the coconut can be used in making jelly and juice.

SMK

Black gram plantation acres expand in this year

YANGON December 28

This year, black gram plantation acres expanded, along with an increase in black gram farmers.

Farmers grew other beans in addition to black gram in previous years, but black gram is the main crop this year.

Farmers in the whole western Bago Region mainly grew black gram this year.

"Black gram plantation acre expanded this year. Farmers grew other beans such as mung bean, lablab bean, soybean and eyebrow peas last year. Now, they paused them but only in black gram. Farmers in the whole western Bago Region grew black gram alone this year," said an official from Naing Maha black gram wholesale trading centre in Letpadan Township.

Abnormal weather conditions encouraged farmers to restart black gram plantation, he said.

SMK

Trump urges Supreme Court to delay TikTok ban

WASHINGTON December 28

U.S. President-elect Donald Trump has urged the Supreme Court to delay the TikTok ban in order to allow time for a negotiated solution, according to a legal document filed Friday.

The document was filed by John Sauer, whom Trump nominated to serve as Solicitor General, a position typically responsible for representing the U.S. government in appellate courts such as the Supreme Court.

The document states that Trump opposes the immediate ban of TikTok in the United States and hopes to resolve the issue through political means after taking office. And Trump is skilled in negotiation and has the political will to reach a solution through talks, one that would address the government's national security concerns while saving the platform.

Trump has recently suggested that he may allow TikTok to continue operations in the United States.

At an event hosted by the conservative organization Turning Point USA in Phoenix, Arizona, on Sunday, Trump said that the popular video-sharing app may have helped reach some key voters in the presidential election, and expressed the possibility of keeping TikTok around "for a little while."

In April, U.S. President Joe Biden enacted the law that gives ByteDance only 270 days to sell TikTok, citing unfounded national security concerns. If the company fails to comply, the law will require app store operators such as Apple and Google to remove TikTok from their platforms.

In May, TikTok sued the U.S. government to block the potential ban, which has drawn widespread criticism.

In early December, the U.S. Court of Appeals in Washington, D.C. dismissed TikTok's claim that the ban is unconstitutional.

On December 16, TikTok and its parent company ByteDance asked the Supreme Court to temporarily pause the law. TikTok argued that the potential ban would shutter one of America's most popular speech platforms the day before a presidential inauguration, and "silence the speech of Applicants and the many Americans who use the platform to communicate about politics, commerce, arts, and other matters of public concern."



On December 18, the Supreme Court agreed to review a request from TikTok and Byte Dance to block the law.

Xinhua

Last major medical facility shuts down in northern Gaza after Israeli attack – WHO

MOSCOW December 28

The last major medical facility in the northern Gaza Strip, Kamal Adwan Hospital, has ceased its operation after the Israel Defence Forces' (IDF) raid destroyed the key departments, the World Health Organization (WHO) said on Saturday.

"This morning's [December 27] raid on Kamal Adwan Hospital has put this last major health facility in North #Gaza out of service. Initial reports indicate that some key departments were severely burnt and destroyed during the raid," the WHO said in a statement on X.

At least 60 health workers and 25 patients in critical condition, including those on ventilators, remain in the hospital, while the patients in moderate to severe condition were forced to evacuate to the destroyed and non-functional Indonesian Hospital, the statement read. "WHO is deeply concerned for their safety," the organization added.



This past Thursday, about 50 people were killed in Israeli strikes on a building near the Kamal Adwan Hospital in northern Gaza, Hussam Abu Safia, the director of the hospital, said.

Sputnik

US, UK intelligence services preparing terrorist attacks against Russian military bases in Syria

MOSCOW December 28

The Russian foreign intelligence service (SVR) stated that the US and the UK intelligence services are preparing terrorist attacks against Russian military bases in Syria.

Washington and London are preparing terrorist attacks against Russian military bases in Syria, the press bureau of the Russian Foreign Intelligence Service has stated.

IS* field commanders have received attack drones to carry out attacks on Russian military bases in Syria, according to the SVR.

The outgoing US administration and the British leadership want to prevent the stabilization of the situation in Syria, the press bureau of the Russian Foreign Intelligence Service reported.

"According to information received by the SVR, the outgoing US administration and the British leadership, with the overthrow of Syrian President Bashar al-Assad, are aiming to prevent the stabilization of the situation in this country. More broadly, they aim to maintain a state of chaos in the Middle East," the report says.

Sputnik

19 Pakistani soldiers, 3 Afghan civilians killed in clashes between Afghan, Pakistani border forces

KABUL December 28

Heavy clashes erupted between Afghan and Pakistani border forces at border crossing points, killing 19 Pakistani soldiers and three Afghan civilians, local media reported on Saturday.

The fierce clashes are ongoing in eastern Afghanistan's Khost and Paktia provinces bordering Pakistan, TOLOnews reported, quoting a source from the Ministry of National Defence.

Afghan border forces have set on fire several Pakistani military posts in the Ali Shir district of Khost province and captured two Pakistani posts in the Dand-e-Patan district of Paktia province, it said.

Three Afghan civilians lost their lives due to mortar shells fired by Pakistani soldiers in the Dand-e-Patan district, the source added.

The clashes took place following airstrikes carried out by Pakistani troops in Paktika province on Tuesday night that killed 51 people, including women and children.

Xinhua

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

English Grammar in Use (Intermediate Level)

Unit 19

Present tenses (I am doing / I do) for the future

B *Present simple* (**I do**) with a future meaning

We use the present simple when we talk about timetables and programmes (for example, transport or cinema times):

- I have to go. My train **leaves** at 11.30.
- What time **does** the film **start** tonight?
- The meeting **is** at nine o’clock tomorrow.

You can use the present simple to talk about people if their plans are fixed like a timetable:

- I **start** my new job on Monday.
- What time **do** you **finish** work tomorrow?

But the continuous is more usual for other personal arrangements:

- What time **are** you **meeting** Kate tomorrow? (not do you meet)

Compare:

Present continuous

- What time **are** you **arriving**?
- **I’m going** to the cinema this evening.

Present simple

- What time **does** the train **arrive**?
- The film **starts** at 8.15.

When you talk about appointments, lessons, exams etc., you can use **I have** or **I’ve got:**

- **I have** an exam next week. *or* **I’ve got** an exam next week.

I’m going to — Units 20, 23 will — Units 21–22 Present simple after **when** and if — **Unit 25**

Exercises



ANNA

19.1 Ask Anna about her holiday plans.

1 (where / go?) Where are you going?	Scotland.
2 (how long / go for?)	Ten days.
3 (when / leave?)	Next Friday.
4 (go / alone?)	No, with a friend.
5 (travel / by car?).....	No, by train.
6 (where / stay?) .....,	In a hotel.

19.2 Complete the sentences.

1 Steve isn’t playing (not / play) football on Saturday. He’s hurt his leg.
2 .....(We / have) a party next week. We’ve invited all our friends.
3 .....(I / not / work) tomorrow. It’s a public holiday.
4 .....(I / leave) now. I’ve come to say goodbye.
5 ‘What time .....(you / go) out this evening?’ ‘Seven o’clock.’
6 .....(Laura / not / come) to the party tomorrow. She isn’t well.
7 I love New York. .....(I / go) there soon.
8 Ben can’t meet us on Monday. .....(He / work) late.

19.3 Have you arranged to do anything at these times? Write sentences about yourself.

1 (this evening) I’m not doing anything this evening.
2 (tomorrow morning) I .....
3 (tomorrow evening) I .....
4 (next Sunday) I .....
5 (another day or time) .....

Raymond Murphy

အမေရိကန်နဲ့တရုတ်ပူးပေါင်းပြီး ယူကရိန်းအရေးနဲ့အရှေ့အလယ်ပိုင်းအရေးတို့ကို ဖြေရှင်းလိုက်မယ်ဆိုရင်ဖြင့်



ဒေါ်နယ်ထရမ့်က ၂၀၂၅ ခုနှစ်မှာ အမေရိကန်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုတော့မယ်။ တရုတ်နိုင်ငံကလည်း ရှီကျင့်ဖျင်လက်အောက်မှာ ပိုမိုတိုးတက်ဖွံ့ဖြိုးလာတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အပြင် ကမ္ဘာပေါ်မှာလွှမ်းမိုးမှုလည်းတဖြည်းဖြည်းရရှိလာနေပါတယ်။ ဒေါ်နယ်ထရမ့်က ကိုယ်ကျိုးစီးပွားကြည့်မှုနဲ့ပတ်သက်လာရင် နာမည်ကြီးသလို ရှီကျင့်ဖျင်ရဲ့တရုတ်အစိုးရဆိုတာကလည်း ညှိနှိုင်းဆွေးနွေးမှုတွေလုပ်တဲ့နေရာမှာ နေရာတစ်ခုကိုရရှိထားတာပါ။ တကယ်လို့များ သူတို့နှစ်နိုင်ငံပူးပေါင်းလိုက်မယ်ဆိုရင်ဖြင့် အထူးသဖြင့် အရှေ့အလယ်ပိုင်းဒေသနဲ့ ရုရှား-ယူကရိန်းပဋိပက္ခမှာပူးပေါင်းဆောင်ရွက်မှုတွေလုပ်လိုက်မယ်ဆိုရင် ဘယ်လိုမျိုးရလဒ်တွေထွက်ပေါ်လာမလဲဆိုတာကသိပ်ကိုမျှော်လင့်ကြည့်လို့ကောင်းတဲ့အရာတစ်ခုဖြစ်ပါတယ်။ ဒီတော့ သူတို့သာပူးပေါင်းလိုက်မယ်ဆိုရင် ထွက်ပေါ်လာနိုင်တဲ့ရလဒ်တွေကို ကျွန်တော်တို့ကြည့်ကြည့်လိုက်ရအောင်။

အမေရိကန်နဲ့တရုတ်နိုင်ငံတို့ကြားဆက်ဆံရေးဟာ ပြိုင်ဘက်အနေနဲ့သာနာမည်ကျော်ကြားနေတာဖြစ်ပါတယ်။ ပြီးတော့ တစ်ဦးနဲ့တစ်ဦးလည်းအပြန်အလှန်ယုံကြည်မှုအားနည်းနေသလို ပြင်းထန်လှတဲ့ပြိုင်ဆိုင်မှုတွေနဲ့အတူ ရှေ့ဆက်လှမ်းနေကြတဲ့နိုင်ငံများဖြစ်တယ်လို့ အများအမြင်မှာတွေ့ရမှာပါ။ သေချာတဲ့အရာတစ်ခုက တရုတ်နိုင်ငံရဲ့ တိုးတက်မှုမှန်သမျှကို အမေရိကန်က သူတို့အတွက်ခြိမ်းခြောက်မှုအဖြစ်မှတ်ယူထားနေတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရရင် သူတို့နှစ်နိုင်ငံကြားမှာ ပူးပေါင်းဆောင်ရွက်နိုင်မယ့်အလားအလာ စိုးစဉ်းမျှမရှိတာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီတစ်ခေါက်သမ္မတဖြစ်လာမယ့်ထရမ့်အနေနဲ့ တချို့နေရာတွေမှာအပြုသဘောဆောင်တဲ့မှတ်ချက်တွေကို ပြောဆိုလာတာတွေ့ရပါတယ်။

ဥပမာအားဖြင့်ပြောရရင် မကြာသေးမီကပဲ အမေရိကန်နဲ့တရုတ်နိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ကမ္ဘာကြီးရဲ့ပြဿနာမှန်သမျှကို ဖြေရှင်းနိုင်လိမ့်မယ်၊ ဒီလိုဖြေရှင်းနိုင်ဖို့အတွက်လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်တယ်လို့ ထရမ့်ကပြောထားတာတွေ့ရပါတယ်။ ဒီလိုမျိုးပြောဆိုလာတာဟာ သူတို့နှစ်နိုင်ငံကြား ဘယ်လိုမျိုးမတူညီမှုတွေနဲ့ ကွဲပြားမှုတွေရှိနေလင့်ကစား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ကမ္ဘာ့ပြဿနာအားလုံးကိုဖြေရှင်းနိုင်မယ်ဆိုတဲ့အချက်ကတော့ အမှန်တရားဖြစ်နေပါတယ်။ ဘာကြောင့်လဲဆိုရင် ယနေ့ကြုံတွေ့နေရတဲ့ကမ္ဘာ့ပြဿနာတွေအားလုံးကို အမေရိကန်တစ်နိုင်ငံတည်းမဖြေရှင်းနိုင်သလို တရုတ်တစ်နိုင်ငံတည်းနဲ့လည်း မဖြေရှင်းနိုင်လို့ဖြစ်ပါတယ်။ အကြောင်းရင်းကတော့ သူတို့အနေနဲ့ ဩဇာလွှမ်းမိုးနိုင်မှုနယ်ပယ်ကကွာခြားနေလို့ပါ။ အဲဒီလိုမျိုး သူတို့နှစ်ဦးပူးပေါင်းပြီးဖြေရှင်းနိုင်မယ့်ပြဿနာတွေထဲမှာ ယူကရိန်းပဋိပက္ခအဆုံးသတ်စေရေးကူညီပေးနိုင်မှုနဲ့ အရှေ့အလယ်ပိုင်းမှာ ငြိမ်းချမ်းမှုရရှိစေရေးအတွက် အားဖြည့်ပေးနိုင်မှုတို့ပါဝင်ပါတယ်။

ယူကရိန်းပဋိပက္ခဖြစ်ပေါ်မှုဟာ ဥရောပဒေသတစ်ခုလုံးကို မတည်မငြိမ်မှုတွေဖြစ်ပေါ်စေခဲ့သလို ကမ္ဘာ့စွမ်းအင်ထောက်ပံ့မှုကွင်းဆက်တွေကိုလည်း ပျက်စီးသွားစေပါတယ်။ ဒါ့အပြင် စားနပ်ရိက္ခာဖူလုံမှုအပေါ် လည်း ကြီးစွာသောသက်ရောက်မှုကိုဖြစ်ပေါ်စေပြန်ပါတယ်။ ဒီအချိန်မှာ အမေရိကန်က ယူကရိန်းပဋိပက္ခကိုအဆုံးသတ်စေနိုင်ခဲ့မယ်ဆိုရင် ဥရောပအပေါ်မှာ သူ့ရဲ့ခေါင်းဆောင်မှုက ဆက်လက်ခိုင်မာလာစေမှာပါ။ တရုတ်နိုင်ငံအတွက်ဆိုရင်တော့ ယူကရိန်းပဋိပက္ခချုပ်ငြိမ်းခြင်းဟာ ဥရောပနဲ့တရုတ်နိုင်ငံတို့ကြားစီးပွားရေးအရဆက်ဆံရေးကို သေချာစိတ်ချမှုရှိစေမှာ ဖြစ်တဲ့အပြင် ရုရှားနိုင်ငံနဲ့မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးကိုလည်း ထိန်းသိမ်းပြီးသားဖြစ်စေမှာပါ။

ယူကရိန်းပဋိပက္ခက အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်လက်ထက်မှာ ပိုမိုကြီးထွားလာတာပါ။ ဒီလိုဖြစ်ပေါ်မှုကို ဒေါ်နယ်ထရမ့်က လုံးဝမကြိုက်ပါဘူး။ ဒါကိုလည်း လူသိရှင်ကြားပြောထားပြီးသားပါ။ ဒီနေရာမှာတော့ ထရမ့်ရဲ့နိုင်ငံခြားရေးမူဝါဒက ယူကရိန်းပဋိပက္ခကိုဖြေရှင်းခြင်းကြောင့်ရရှိလာနိုင်တဲ့ ရှီကျင့်ဖျင်ရဲ့အကျိုးစီးပွားနဲ့လည်း ကိုက်ညီနေတဲ့အတွက် ထရမ့်နဲ့ရှီကျင့်ဖျင်တို့အနေနဲ့ ယူကရိန်းပဋိပက္ခကို ဖြေရှင်းနိုင်စေဖို့ ပူးပေါင်းဆောင်ရွက်မှုတွေလုပ်နိုင်တယ်လို့ဆိုရခြင်းဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ ရုရှားနိုင်ငံနဲ့သာမက ယူကရိန်းနိုင်ငံနဲ့ပါ ကုန်သွယ်ရေးကိုခိုင်မာအောင်တည်ဆောက်ထားနိုင်တာပါ။ ဒီအတွက်တရုတ်နိုင်ငံက ရုရှားနိုင်ငံနဲ့ ယူကရိန်းနိုင်ငံတို့ကြား ပဋိပက္ခပြေလည်ရေးအတွက် အဓိကကျတဲ့အခန်းကဏ္ဍကနေပါဝင်နိုင်တဲ့ အခြေအနေရှိနေပါတယ်။ ဒါကြောင့် ထရမ့်နဲ့ရှီကျင့်ဖျင်တို့အတူပူးပေါင်းမယ်၊ သူတို့ရဲ့ကိုယ်စီလွှမ်းမိုးမှုတွေကိုအသုံးပြုမယ်ဆိုရင် ငြိမ်းချမ်းရေးဆိုတာက မဝေးတဲ့အနာဂတ်တစ်ခုဖြစ်လာမှာ အမှန်ပါပဲ။

နောက်တစ်ချက်က အရှေ့အလယ်ပိုင်းအရေးပါ။ အရှေ့အလယ်ပိုင်းအရေးက ဆီးရီးယားနဲ့ယီမင်တို့ကြား လက်ရှိဖြစ်ပွားနေတဲ့ပဋိပက္ခများမှသည် ဒေသတွင်းအင်အားကြီးနိုင်ငံများကြားဖြစ်ပေါ်နေတဲ့တင်းမာမှုများကြောင့် မတည်ငြိမ်မှုများစွာနဲ့ရင်ဆိုင်နေတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်များအတွင်းမှာ တရုတ်နိုင်ငံက အရှေ့အလယ်ပိုင်းမှာ သံတမန်ရေးအရ အင်အားတည်ဆောက်လာနိုင်တာကိုတွေ့ရှိရပါတယ်။ အထင်ရှားဆုံးကတော့ ဆော်ဒီအာရေဗျနဲ့ အီရန်တို့ကြား ပြန်လည်ချစ်ကြည်ရေးဖြစ်ပေါ်လာအောင် ကြားကနေဖန်တီးပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ထရမ့်အနေနဲ့ကလည်း သူ့ရဲ့ပထမအကြိမ်သမ္မတသက်တမ်းတုန်းက အရှေ့အလယ်ပိုင်းအရေးနဲ့ပတ်သက်ပြီး အောဘရာဟမ်သဘောတူညီချက်ရရှိအောင် စွမ်းဆောင်ထားနိုင်သူပါ။

အရှေ့အလယ်ပိုင်းအရေးတင်းမာမှုတွေပြေလျော့စေဖို့အတွက် အဓိကကျတဲ့ဇာတ်ဆောင်နိုင်ငံတွေရှိပါတယ်။ အဲဒီဇာတ်ဆောင်နိုင်ငံတွေဆိုတာကလည်း ထရမ့်တို့၊ ရှီကျင့်ဖျင်တို့နဲ့ ချစ်ကြည်ရင်းနှီးတဲ့ဆက်ဆံရေးကို တည်ဆောက်ထားနိုင်တာတွေ့ရပါတယ်။ တကယ်လို့များ အရှေ့အလယ်ပိုင်းအရေးသာတည်ငြိမ်သွားမယ်ဆိုရင် အမေရိကန်အတွက်သာမက တရုတ်နိုင်ငံအတွက်လည်း များစွာအကျိုးရှိစေမှာပါ။ အဲဒီအကျိုးကျေးဇူးတွေထဲမှာ စွမ်းအင်ဖူလုံမှုကိုသေချာစေမှု၊ အမေရိကန်ရဲ့စစ်ရေးအရပါဝင်မှုကိုလျှော့ချနိုင်မှု၊ တရုတ်နိုင်ငံအတွက်ဆိုရင် သူ့ရဲ့မဟာစီမံကိန်းဖြစ်တဲ့ ခါးပတ်ကွင်းနဲ့လမ်းကြောင်းစီမံကိန်းကြီးကို အနှောင့်အယှက်မရှိ အကောင်အထည်ဖော်နိုင်မှုစတဲ့ကောင်းကျိုးများစွာကိုရရှိစေမှာဖြစ်ပါတယ်။ အဲဒီလိုကောင်းကျိုးတွေရရှိဖို့ဆိုတာကလည်း အမေရိကန်နဲ့တရုတ်တို့ကြား ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် သာဖြစ်နိုင်တာပါ။ အထက်မှာပြောခဲ့သလိုမျိုးပေါ့။

ယူကရိန်းပဋိပက္ခအဆုံးသတ်ခြင်း၊ အရှေ့အလယ်ပိုင်းမှာတည်ငြိမ်အေးချမ်းခြင်းတို့က စစ်တုရင်ခုံပေါ်က ပထဝီနိုင်ငံရေးရွှေ့ကွက်တစ်ခုထက် ပိုပါတယ်။ စစ်တုရင်ခုံပေါ်က အကွက်လေးတစ်ကွက်ရွှေ့လိုက်ခြင်းကြောင့် အနိုင်အရှုံးကိုရင်ဆိုင်ရတာက ပြိုင်ဘက်နှစ်ဦးသာဖြစ်ပေမယ့် ပထဝီနိုင်ငံရေးမှာတစ်ကွက်အရွှေ့မှားသွားရင်တော့ ကမ္ဘာနဲ့ချီပြီးအရှုံးကိုရင်ဆိုင်ရမှာပါ။

ဒါပေမဲ့လည်း ဒီအချိန်မှာ အဲဒီလိုမျိုးနှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှုဖြစ်ပေါ်လာစေဖို့ဆိုရင် သူတို့နှစ်နိုင်ငံကြားမှာ အပြန်အလှန်ယုံကြည်မှုက အခရာကျတဲ့နေရာကနေပါဝင်နေပါတယ်။ ဒါ့အပြင် ကိုယ်စီပြည်တွင်းဖိအားတွေကိုလည်း ရင်ဆိုင်ရနိုင်ပါတယ်။ ဒါကြောင့် ထရမ့်နဲ့ရှီကျင့်ဖျင်တို့က ပူးပေါင်းဆောင်ရွက်မှုတွေလုပ်ဆောင်လိုတယ်ဆိုရင် သံတမန်ရေးနဲ့ပြည်တွင်းနိုင်ငံရေးတို့ကို ဟန်ချက်ညီအောင်ဆောင်ရွက်ဖို့လိုအပ်မှာဖြစ်ပါတယ်။

ထရမ့်နဲ့ရှီကျင့်ဖျင်တို့ကြား အဲဒီလိုမျိုးပူးပေါင်းဆောင်ရွက်မှုရရှိနိုင်ဖို့အတွက် အချိန်အားဖြင့်လေးနှစ်ရရှိပါတယ်။ ထရမ့်ရဲ့သမ္မတသက်တမ်းတစ်ခုစာပေါ့။ အဲဒီလေးနှစ်အတွင်း ထရမ့်ရဲ့ရှီကျင့်ဖျင်တို့ကြားမှာ ပူးပေါင်းဆောင်ရွက်မှုတွေရှိလာလိမ့်မယ်လို့လည်း မျှော်မှန်းရပါတယ်။ ဒါ့အပြင် ထရမ့်နဲ့ရှီကျင့်ဖျင်တို့အနေနဲ့ မတူကွဲပြားမှုတွေကိုဘေးချိတ်ပြီး တူညီတဲ့အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်ကြမှာလားဆိုတာကို တစ်ကမ္ဘာလုံးကစောင့်ကြည့်နေကြတာပါ။

ဒါကြောင့် ထရမ့်နဲ့ရှီကျင့်ဖျင်တို့ကြားမှာ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ယူကရိန်းပဋိပက္ခနဲ့အရှေ့အလယ်ပိုင်းအရေးတို့က ပြေလည်မှုတွေရရှိပြီး ကမ္ဘာကြီးကလည်း ငြိမ်းချမ်းမှုဆီကို မလွဲမသွေဦးတည်သွားမှာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

Ref: SCMP

ထက်မြတ်

ဟိုပုံးမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ ကျောက္ကချားကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၄၀၃ ဦးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုး/အကြောရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီးနောက် ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့သွားရောက်၍ ကျောင်းထိုင်ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး နမ်းဟုတ်ဘုန်းတော်ကြီးကျောင်းအတွင်းရှိ ရှေးဟောင်းသမိုင်းဝင်ပစ္စည်းပြခန်းအား လှည့်လည်ကြည့်ရှုသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မဟာဓမ္မိကာရာမတိုက်၊ မိတ္ထီလာကျောင်းရှိ သံဃာတော် ၁၇၅ ပါးနှင့် ဒေသခံပြည်သူ ၁၃၀ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချို/သွေးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစစ်ဆေးပေးခြင်း၊ ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီး၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၈

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက ဆေးရုံဝင်းအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်း၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။



ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်အပါအဝင် မြို့နယ်(၁၇) မြို့နယ်တို့၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက အခြေခံပညာကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

(၂၈-၁၂-၂၀၂၄) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၂၈၀,၀၀၀)ကျပ်ဖြစ်**သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၈

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

(မိုး/၈လ)

ညအပူချိန်လျော့နည်းခဲ့သောစခန်းများ၏ ၂၈-၁၂-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

မြို့အမည်	ဒီဂရီ ဆဲလ်စီးယက်	ဒီဂရီ ဖာရင်ဟိုက်
ဟားခါးမြို့	၄.၀	၃၉.၂
နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း)	၅.၆	၄၂.၁
တီးတိန်မြို့	၆.၀	၄၂.၈
မြစ်ကြီးနားမြို့	၆.၄	၄၃.၅
ပူတာအိုမြို့	၆.၈	၄၄.၂
ပြင်ဦးလွင်မြို့	၇.၀	၄၄.၆

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် ပြခန်းများခင်းကျင်းပြသနိုင်ရေးဆောင်ရွက်နေမှုကို ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၂၈

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် နေပြည်တော်ကောင်စီဝင်ဗိုလ်မှူးကြီးရဲမိုး၊ ဦးဇေယျာလင်းတို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပမည့် ပုဗ္ဗသီရိမြို့နယ်ရှိ တပေါင်းကွင်းသို့ ရောက်ရှိပြီး MSME ထုတ်ကုန်ပစ္စည်းများခင်းကျင်းပြသနိုင်ရန် ပြခန်းများ တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ဝန်ကြီးဌာနပြခန်းများ၊ ရိုးရာအစားအစာဆိုင်ခန်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ MSME ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလုပ်ငန်းနှင့်ကုန်ထုတ်သမဝါယမပြခန်းများကို အချိန်မီပြီးစီးရေးအတွက် တာဝန်ပေးအပ်ထားသည့် ဆပ်ကော်မတီမှ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်၊ အချိန်ဇယားများရေးဆွဲ၍ စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီအနေဖြင့် MSME ထုတ်ကုန်ပြပွဲကို နှစ်ကြိမ်ကျင်းပပြီးသည့် အတွေ့အကြုံများရှိပြီးဖြစ်၍ လိုအပ်ချက်များရှိပါက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးစေလိုကြောင်း၊ ယခင်ကျင်းပခဲ့သည့် ပြပွဲများ၏ အားသာချက်များကို ပိုမိုကောင်းမွန်အောင်နှင့် အားနည်းချက်များကိုဖြည့်ဆည်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို MSME လုပ်ငန်းများ အောင်မြင်စေရန်နှင့် ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိစေရန်၊ ပြည်တွင်း / ပြည်ပအဖွဲ့အစည်းများ ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊ MSME လုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရန်တို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်၍ လုပ်ငန်းတာဝန်များကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်များက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခင်ကျင်းပခဲ့သည့် ပြပွဲများနှင့်ပတ်သက်သည့် အချက်အလက်များကိုလည်း ထောက်ပံ့ပေးသွားဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက MSME ထုတ်ကုန်ပစ္စည်းများခင်းကျင်းပြသနိုင်ရန် ပြခန်းများတည်ဆောက်ရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

ရန်ကုန်-ပုသိမ်လမ်းတစ်လျှောက်ရှိ လမ်းနှင့်တံတားလုပ်ငန်းများ ထိန်းသိမ်းပြုပြင်ခြင်းနှင့် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ဒုတိယဝန်ကြီး ဦးဝင်းဖေ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-ပုသိမ်လမ်းတစ်လျှောက်ရှိ လမ်းနှင့်တံတားလုပ်ငန်းများ ထိန်းသိမ်းပြုပြင်ခြင်းနှင့် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို စစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ရန်ကုန်-ပုသိမ်လမ်း မိုင်တိုင်အမှတ်(၂၁/၂)နှင့်(၂၁/၅)အကြား မယ်ဇလီတံတား ချဉ်းကပ်လမ်းတည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည့်ဗိုလ်မြတ်ထွန်းတံတားရှင်းလင်းဆောင်သို့ရောက်ရှိရာ ရန်ကုန်-ပုသိမ်လမ်း အရှည် ၉၅ မိုင် ၆ ဖာလုံအား လမ်းအထူးအဖွဲ့(၂၀)၊ လမ်းအထူးအဖွဲ့(၂၁)၊ ပုသိမ်ခရိုင်၊ ကျုံပျော်ခရိုင်၊ မအူပင်ခရိုင် လမ်းဦးစီးဌာနတို့မှ အဖွဲ့ငါးဖွဲ့ဖြင့် ထိန်းသိမ်းပြုပြင်ခြင်းနှင့် မိုင်တိုင်အမှတ်(၁၀၅/၅)မှ(၁၀၈/၄)အတွင်း အဆင့်မြှင့်တင်ခြင်းဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးကောင်းမွန်စေရေး၊ လမ်းလုပ်ငန်းများကို မိုးမကုန်မီ အမြန်ပြီးပြတ်စေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ကန်ကြီးထောင့်မြို့နယ်အတွင်းရှိရန်ကုန်-ပုသိမ်လမ်းမှ ဆပ်ကွင်း-ကညွတ်ကုန်း - ရေလယ်ကွင်းလမ်း - ကျောက်ချောလမ်း ၁ မိုင် ခင်းခြင်းလုပ်ငန်းခွင်သို့ရောက်ရှိပြီးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ရန်ကုန်-ပုသိမ်လမ်းပေါ်ရှိ အပင်နှစ်ဆယ်တံတား အရှည်ပေ ၂၂၀ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး၊ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာအချိန်မီပြီးစီးစေရေး၊ သတ်မှတ် Design အတိုင်းဖြစ်စေရေးနှင့်တံတားတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးပါက ၂၀၂၅ ခုနှစ် မတ်လမကုန်မီ AC ကတ္တရာခင်းနိုင်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၁၇.၄	/	၃၁.၄
ရန်ကုန်	၂၁.၄	/	၃၅.၄
မန္တလေး	၁၇.၄	/	၃၀.၄

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီသော သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆောင်ရွက်နိုင်ရေးဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂၈

(၅၇) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန စုဝေးဆောင်ခန်းမ၌ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီသော သီးနှံစိုက်ပျိုးထုတ်လုပ်မှုခေါင်းစဉ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာတင်ထွဋ်က တောင်သူကြီးများအနေဖြင့် ရာသီဥတုပြောင်းလဲသည့်ဖြစ်စဉ်များကြောင့် ပြောင်းလဲစိုက်ပျိုးသင့်သည့် သီးနှံမျိုးနှင့် စိုက်စနစ်များကိုလည်း မျက်ခြည်မပြတ်အောင် ပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ဒေါက်တာအောင်ကျော်သူက ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီသော သီးနှံစိုက်ပျိုးထုတ်လုပ်မှုခေါင်းစဉ်ဖြင့်ဆွေးနွေးရာ မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးဂေဟဇုန်များ၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများသောဒေသများ၊ မြန်မာနိုင်ငံတွင်ကျရောက်ခဲ့သော မုန်တိုင်းများ၊ ရေကြီးမှုနှင့် ခြောက်သွေ့မှုဖြစ်စဉ်များ၊ ရာသီဥတုပြောင်းလဲမှု၊ ရာသီဥတုနှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ၊ ရာသီဥတုနှင့် လိုက်လျောညီသော သီးနှံစိုက်ပျိုးထုတ်လုပ်မှုပုံစံတို့ကို ဆွေးနွေးတင်ပြပြီး တောင်သူများ မေးမြန်းမှုကို အသေးစိတ်ဖြေကြားဆွေးနွေးပြီး ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးကာ လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆွေးနွေးသည်။

ယနေ့ကျင်းပသည့် (၅၇) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ စိုက်ပျိုးရေး သုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ သုတေသီများ၊ စိုက်ပျိုးပညာပေးပညာရှင်များ၊ ဒက္ခိဏာသီရိမြို့နယ်မှ တောင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူများက Zoom Point ၄၄ Point မှ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၅၀၀)



၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာသင်းသင်းအေး
ပါမောက္ခ (ဌာနမှူး)
သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ အထောက်အကူဖြစ်စေဖို့ မြန်မာ့သမိုင်းနှင့် ကမ္ဘာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပေးသွားမှာဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူများအနေနဲ့ စာမေးပွဲအတွက် အထောက်အကူဖြစ်စေမည့် သမိုင်းအချက်အလက်များကို အကောင်းဆုံးပြင်ဆင်နိုင်မည်လို့ ယုံကြည်ပါတယ်။

ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းသင်ခန်းစာမှာ ကိုလိုနီခေတ်မှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်အထိ ခေတ်အဆက်ဆက်ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ စီးပွားရေးစနစ်နှင့် စီးပွားရေးပုံစံပြောင်းလဲမှုများ၊ လူမှုရေးပြောင်းလဲမှုများကို လေ့လာသင်ကြားရမှာဖြစ်တယ်။ ကိုလိုနီခေတ် အုပ်ချုပ်ရေးစနစ်များကို လေ့လာတဲ့အခါ ပထမအင်္ဂလိပ် - မြန်မာစစ် (၁၈၂၄-၁၈၂၆) အပြီး အင်္ဂလိပ်တို့ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ ဒုတိယအင်္ဂလိပ် - မြန်မာစစ် (၁၈၅၂-၁၈၅၃) အပြီး အင်္ဂလိပ်တို့ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်နဲ့ တတိယ အင်္ဂလိပ် - မြန်မာစစ် (၁၈၈၅) အပြီး အင်္ဂလိပ်တို့ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်တို့ကို လေ့လာကြရမှာဖြစ်တယ်။ မြန်မာနိုင်ငံဟာ အင်္ဂလိပ်တို့ရဲ့ ကျူးကျော်စစ်ပွဲကို ၃ ကြိမ်ရင်ဆိုင်ခဲ့ရတယ်။ ပထမ အင်္ဂလိပ် - မြန်မာစစ်ပွဲအပြီးမှာ တနင်္သာရီနှင့်ရခိုင်ကို အင်္ဂလိပ်တို့က သိမ်းယူခဲ့ပြီး ကုမ္ပဏီကတစ်ဆင့်အုပ်ချုပ်တဲ့ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ ဒုတိယ အင်္ဂလိပ် - မြန်မာစစ်အပြီးတွင် ပဲခူးနယ်ကို ထပ်မံသိမ်းယူခဲ့တဲ့အတွက် အောက်မြန်မာနိုင်ငံတစ်ခုလုံးဟာ အင်္ဂလိပ်တို့လက်အောက်သို့ ကျရောက်ခဲ့ရပါတယ်။ အင်္ဂလိပ်တို့က တနင်္သာရီ၊ ရခိုင်နှင့် အောက်မြန်မာပြည် (ပဲခူးနယ်)တို့ကိုပေါင်းပြီး ဗြိတိသျှဘားမားလို့ခေါ်တွင်ခဲ့တယ်။ ဗြိတိသျှဘားမားကို အုပ်ချုပ်ဖို့ ကုမ္ပဏီအုပ်ချုပ်ရေးကနေ အင်္ဂလိပ်အစိုးရအုပ်ချုပ်တဲ့ မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့တယ်။

မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးဟာ အိန္ဒိယဘုရင်ခံချုပ်ကို တာဝန်ခံပြီး အုပ်ချုပ်ရတဲ့စနစ်ဖြစ်တယ်။ မဟာဝန်ရှင်တော်မင်းကြီးဟာ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အခွန်ကောက်ခံရေးအာဏာ စတဲ့အာဏာသုံးရပ်ကို တစ်ဦးတည်းကျင့်သုံးနိုင်တယ်။ ဒါပေမဲ့ သူ့မှာ ဥပဒေပြုပိုင်ခွင့်အာဏာမရှိတဲ့အတွက် လိုအပ်တဲ့ အက်ဥပဒေ၊ စည်းမျဉ်းဥပဒေတွေကို အိန္ဒိယဘုရင်ခံချုပ်က ပြဋ္ဌာန်းပေးရတယ်။ မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးဟာ အရာရှိအဆင့်ဆင့်ကို လုပ်ပိုင်ခွင့်အာဏာနဲ့ တာဝန်များ တိကျစွာသတ်မှတ်ပေးထားတဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၁၈၈၆ ခုနှစ်မှ ၁၈၉၇ ခုနှစ်အထိ ၁၀ နှစ်ကြာမြင့်တယ်။ ၁၈၉၇ ခုနှစ်မှာ မြန်မာနိုင်ငံကို ဗြိတိသျှပိုင် အိန္ဒိယအင်ပါယာရဲ့ ပြည်နယ်တစ်ခုအဖြစ် ထည့်သွင်းခဲ့ပြီးနောက် မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးအဆင့်ကနေ ဒုတိယဘုရင်ခံအုပ်ချုပ်ရေးအဆင့်သို့ တိုးမြှင့်အုပ်ချုပ်ခဲ့တယ်။

ဒုတိယဘုရင်ခံအုပ်ချုပ်ရေးစနစ်မှာ ဘုရင်ခံဟာ မြန်မာနိုင်ငံအတွက် ဥပဒေပြုကောင်စီဖွဲ့စည်းခွင့်ရရှိတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံဟာ အိန္ဒိယနိုင်ငံရဲ့အစိတ်အပိုင်းတစ်ခုဖြစ်တဲ့အတွက် အိန္ဒိယမှာအုပ်ချုပ်ရေးဆိုင်ရာ အပြောင်းအလဲဖြစ်တိုင်း မြန်မာနိုင်ငံအပေါ် သက်ရောက်မှုရှိတယ်ဆိုတာသိထားရမယ်။ အင်္ဂလိပ်အစိုးရဟာ ၁၉၁၉ ခုနှစ်မှာ အိန္ဒိယနိုင်ငံအတွက် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ဖို့ ဥပဒေပြဋ္ဌာန်းပေးခဲ့တယ်။ ဒါပေမဲ့ မြန်မာနိုင်ငံကို ချန်လှပ်ထားခဲ့တယ်။ ဒါကြောင့် မြန်မာနိုင်ငံကိုလည်း အုပ်ချုပ်ရေးစနစ်တိုးမြှင့်ပေးဖို့ မြန်မာပြည်သူတွေက အပြင်းအထန် တောင်းဆိုကြတဲ့အတွက် အင်္ဂလိပ်အစိုးရက ၁၉၂၁ မြန်မာနိုင်ငံ ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေးအက်ဥပဒေအရ ဒိုင်အာခီအုပ်ချုပ်ရေးပေးခဲ့တယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိ ကြာမြင့်ခဲ့တယ်။ ဒီသင်ခန်းစာမှာ ဒိုင်အာခီအုပ်ချုပ်ရေးပေါ်ပေါက်လာပုံနဲ့ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို သေချာသိထားသင့်တယ်။

အင်္ဂလိပ်တို့ဟာ ဒိုင်အာခီအုပ်ချုပ်ရေးချမှတ်စဉ်ကတည်းက ၁၀ နှစ်ကာလပြီးရင် မြန်မာပြည်ရဲ့ အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲပေးမယ်လို့ကတိပေးခဲ့တယ်။ ဒါကြောင့် အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရေးနဲ့ပတ်သက်ပြီး စုံစမ်းဖို့ ၁၉၂၇ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့မှာ ဆာဂျွန်ဆိုင်မွန်ခေါင်းဆောင်တဲ့ ကော်မရှင်ကိုဖွဲ့စည်းခဲ့တယ်။ အဲဒီကော်မရှင်ရဲ့ အစီရင်ခံစာနဲ့ အကြံပေးချက်များအရ ၁၉၃၁ ခုနှစ်မှာ လန်ဒန်မှာ သီးခြားစုံညီအစည်းအဝေးကျင်းပခဲ့တယ်။ အစည်းအဝေးမှာ ခွဲရေးကို လိုလားသူများနဲ့ တွဲရေးကို လိုလားသူများဆိုပြီး အုပ်စုများကွဲပြားလာတဲ့အတွက် ခွဲရေးတွဲရေးပြဿနာကို ဆုံးဖြတ်ဖို့ အထူးရွေးကောက်ပွဲ ကျင်းပပေးခဲ့တယ်။ ရွေးကောက်ပွဲမှာ တွဲရေးကို ထောက်ခံတဲ့ဘက်က အနိုင်ရရှိခဲ့တယ်။ ဒါပေမဲ့ ဒီပြဿနာကို မြန်မာတို့ အပြီးအပြတ်ဆုံးဖြတ်နိုင်ခြင်းမရှိနိုင်ဟုဆိုပြီး အင်္ဂလိပ်ပါလီမန်အထက်လွှတ်တော်က အဖွဲ့ဝင် ၁၆ ဦးပါဝင်တဲ့ တွဲဖက်ကော်မတီကို တာဝန်ပေးခဲ့တယ်။ ကော်မတီအစီရင်ခံစာနှင့် အကြံပေးချက်များအရ အင်္ဂလိပ်အစိုးရဟာ ၁၉၃၅ မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်မှုအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ဇွာ ဌာနအုပ်ချုပ်ရေးကို အကောင်အထည်ဖော်ခဲ့တယ်။

ဇွာ ဌာနအုပ်ချုပ်ရေးဟာ ၁၉၃၇ ခုနှစ်ကနေ ၁၉၄၁ ခုနှစ်အထိ ကြာမြင့်ခဲ့တယ်။ ဇွာ ဌာနအုပ်ချုပ်ရေးကို လေ့လာတဲ့အခါ ဆိုင်မွန်ကော်မရှင်ပေါ်ပေါက်လာပုံ၊ လန်ဒန်မှာကျင်းပတဲ့ သီးခြားစုံညီအစည်းအဝေး၊ ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှု အက်ဥပဒေပေါ်ပေါက်လာပုံ၊ ဇွာ ဌာနအုပ်ချုပ်ရေးမှာ ဘုရင်ခံ စီရင်အုပ်ချုပ်ခွင့်ရတဲ့ ဌာနများနဲ့ ပြည်သူ့ကိုယ်စားလှယ်အမတ်များ အုပ်ချုပ်ခွင့်ရတဲ့ဌာနများ၊ ဇွာ ဌာနအုပ်ချုပ်ရေးရဲ့ ဖွဲ့စည်းပုံအကြောင်းတွေကို သီးခြားလေ့လာထားသင့်တယ်။

ကိုလိုနီခေတ် အုပ်ချုပ်ရေးစနစ်ပြောင်းလဲလာမှုများကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ် စီးပွားရေးစနစ်နဲ့ လူမှုရေးပြောင်းလဲမှုတွေကို လေ့လာကြရမှာဖြစ်တယ်။ ကိုလိုနီခေတ်ရဲ့အဓိကစီးပွားရေးလုပ်ငန်းတွေကတော့ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်း၊ သစ်လုပ်ငန်း၊ ရေနံလုပ်ငန်း၊ သတ္တုနှင့် သယံဇာတလုပ်ငန်းများဖြစ်ကြတယ်။

ကိုလိုနီခေတ်မှာ စီးပွားရေးလုပ်ငန်းကြီးများကို ကိုလိုနီအစိုးရနဲ့ နိုင်ငံခြားသားအရင်းရှင်တို့က ပိုင်ဆိုင်ကြတယ်။ မြန်မာ့ဆန်စပါးရောင်းဝယ်ရေးမှာ ဘူလင်ဂျာပူးလ်အမည်နဲ့ ကုမ္ပဏီ ၄ ခုကလည်းကောင်း၊ မြန်မာ့သစ်ထုတ်လုပ်ရေးလုပ်ငန်းကို ဘုံဘေဘားမား ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီကလည်းကောင်း၊ မြန်မာ့ရေနံလုပ်ငန်းကို ဘီအိုစီကုမ္ပဏီကလည်းကောင်း၊ ပြည်တွင်းရေကြောင်းသွားလာရေးနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဇရာဝတီဖလိုတီလာကုမ္ပဏီကလည်းကောင်း၊ လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားခဲ့တယ်ဆိုတာလည်း သိထားရပါမယ်။ ကိုလိုနီခေတ်မှာ အရင်းရှင် စီးပွားရေးစနစ်နဲ့အတူ နိုင်ငံခြားသားအရင်းရှင်များ၊ အလုပ်သမားများ မြန်မာနိုင်ငံကိုရောက်ရှိလာတဲ့အတွက် မြန်မာ့လူမှုအဖွဲ့အစည်းဟာ ပဒေသရာဇ်စနစ်ကိုအခြေခံတဲ့ လူနေမှုစနစ်ကနေ အရင်းရှင်စီးပွားရေးစနစ်ကို အခြေခံတဲ့ လူနေမှုစနစ်သို့ တဖြည်းဖြည်းပြောင်းလဲလာခဲ့တယ်။ ကိုလိုနီခေတ်မှာ အင်္ဂလိပ်အစိုးရဟာ လယ်ယာလုပ်ငန်းများ တိုးချဲ့လာခြင်းနဲ့အတူ ပြောင်းလဲသွားတဲ့ တောင်သူလယ်သမားများရဲ့ ဘဝအခြေအနေများကိုလည်းသိထားရမယ်။ ကိုလိုနီခေတ်မှာ လယ်ယာလုပ်ငန်းသာမက စက်မှုလုပ်ငန်းများတိုးချဲ့လာတဲ့အတွက် ပြည်ပမှအလုပ်သမားများကို ခေါ်ယူခဲ့တယ်။ အလုပ်သမားများအနက် စက်မှုလုပ်ငန်းများမှာ လုပ်ကိုင်တဲ့အလုပ်သမားများရဲ့ဘဝအခြေက ပိုပြီးဆိုးရွားတယ်။ အထူးသဖြင့် ရေနံမြေအလုပ်သမားများဟာ အရင်းရှင်များရဲ့ လက်ဝါးကြီးအုပ် အမြတ်ထုတ်သည့်ဒဏ်ကို ဆိုးဝါးစွာခံကြရတယ်။ ၁၉၃၀ ပြည့်နှစ်မှာ ကြုံတွေ့ရသော ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် အလုပ်သမားများရဲ့ဘဝဟာ ပိုမိုဆိုးရွားလာခဲ့တယ်ဆိုတာကိုလည်း လေ့လာထားရမယ်။

အင်္ဂလိပ်အစိုးရဟာ ကိုလိုနီအုပ်ချုပ်ရေးကို အထောက်အပံ့ဖြစ်စေတဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်ခဲ့ပြီး စက်မှုလက်မှုသင်တန်းကျောင်းများအပါအဝင် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ ကျောင်းများကိုလည်း ဖွင့်လှစ်ပေးခဲ့တယ်။ ၁၉၂၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံရဲ့ ပထမဆုံးတက္ကသိုလ်အဖြစ် ရန်ကုန်တက္ကသိုလ် ပေါ်ပေါက်လာတယ် ဆိုတာလည်းသိထားရမယ်။ ကိုလိုနီခေတ်မှာ ကျန်းမာရေးဌာနဖွဲ့စည်းပုံကိုပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အုပ်ချုပ်ရေးလုပ်ငန်းများနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့တယ်။ ဒါပေမဲ့ ကျေးလက်တောရွာနေပြည်သူများဟာ မြန်မာဆေးဝါးများနဲ့ တိုင်းရင်းဆေးဆရာများကိုသာ မှီခိုအားထားနေကြရပြီး မြို့နေလူထုကတော့ အနောက်တိုင်းဆေးပညာနဲ့ ထိထိရောမှုများလာတယ်။ ဆေးရုံများကို အားကိုးလာကြတယ်။ ဒါကြောင့် ရန်ကုန်၊ မန္တလေးနဲ့ အခြားခရိုင်မြို့ကြီးများမှာ ဆေးရုံများဖွင့်လှစ်နိုင်ခဲ့တယ်။ လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံ၏အုပ်ချုပ်ရေးပြောင်းလဲမှု(၁၉၄၈-၁၉၆၂) ကိုလေ့လာရာမှာ ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ကာလဟာ အိမ်စောင့်အစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ်အထိကာလဟာ ပြည်ထောင်စု (ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ကာလဖြစ်တယ်ဆိုတာသိထားရမယ်။

၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ် ကာလအတွင်း ဖဆပလအစိုးရဟာ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အုပ်ချုပ်တယ်။ ပထမဦးဆုံးအစိုးရအဖွဲ့ကို ဝန်ကြီးဌာန ၁၉ ခုနဲ့ ဖွဲ့စည်းခဲ့တယ်။ ဖဆပလခေတ်မှာ ပြည်သူ့လွှတ်တော်နဲ့ လူမျိုးစုလွှတ်တော်ဆိုပြီး လွှတ်တော် ၂ ရပ်ရှိတယ်။ လွှတ်တော် ၂ ရပ်ပေါင်းကို ပြည်ထောင်စုပါလီမန်လို့ခေါ်တယ်။ ပြည်ထောင်စုပါလီမန်မှာ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများရှိတယ်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်ထောင်စုပုံစံပေါ်လွင်စေဖို့ ပြည်နယ်များကို ဖွဲ့စည်းထားရှိတယ်။ ဝန်ကြီးဌာနအလိုက် ဝန်ကြီးဌာနရုံးများဖွဲ့စည်းထားရှိပြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီး၊ အတွင်းဝန်၊ တိုင်းမင်းကြီး၊ ခရိုင်ဝန်ခေါ် အရေးပိုင်၊ နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင်နှင့် လက်ထောက်မြို့ပိုင်တို့ဟာ စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်များကို အဆင့်ဆင့်ဆောင်ရွက်ကြရတယ်။

ဖဆပလအစိုးရဟာ ၁၉၅၂ ခုနှစ်မှာ ပြည်တော်သာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပြီး ၁၉၅၃ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးစီမံကိန်းဟာ ကျေးရွာကိုအခြေပြုတဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်တယ်ဆိုတာကိုလည်း သိထားရမယ်။ မြန်မာ့သမိုင်းမှာ ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရတာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ်လေးရပ်၊ အိမ်စောင့်အစိုးရရဲ့ အုပ်ချုပ်ရေးစနစ် ဒါမှမဟုတ် ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။ မြန်မာ့သမိုင်းမှာ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ်အထိကာလဟာ ပြည်ထောင်စု (ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ကာလဖြစ်တယ်။ ပထစအစိုးရရဲ့ အုပ်ချုပ်ရေးပုံစံကတော့ ယခင်ဖဆပလအစိုးရရဲ့ အုပ်ချုပ်ရေးပုံစံကိုပဲ အခြေခံထားတယ်ဆိုတာသိထားရမယ်။ ပြည်ထောင်စု (ပထစ) အစိုးရလက်ထက်အတွင်း နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်လာတဲ့အတွက် တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာစေတယ်။ မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် စီးပွားရေး၊ လူမှုရေးပြောင်းလဲလာတဲ့ အခြေအနေတွေကိုလည်း သီးခြားကဏ္ဍအလိုက် လေ့လာသင့်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ကာလကို တော်လှန်ရေးကောင်စီခေတ်လို့ခေါ်တယ်။ ဒီသင်ခန်းစာမှာ တော်လှန်ရေးကောင်စီပေါ်ပေါက်လာပုံ၊ တော်လှန်ရေးကောင်စီခေတ်မှာပြောင်းလဲကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ တရားစီရင်ရေးစနစ်တွေအကြောင်းကို လေ့လာထားဖို့လိုတယ်။ တော်လှန်ရေးကောင်စီဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာပြဋ္ဌာန်းပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် အမြဲတေပါတီကို စတင်တည်ထောင်ခဲ့တယ်ဆိုတာလည်းသိထားရမယ်။ တော်လှန်ရေးကောင်စီက ဝါဒသဘောထားကြေညာချက်ထုတ်ပြန်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံမှာ အရင်းရှင်စီးပွားရေးစနစ်ကို ဖျက်သိမ်းပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်မှာဖြစ်ကြောင်း ကြေညာခဲ့တယ်။ ပြည်သူပိုင်ကဏ္ဍကိုကျယ်ပြန့်လာအောင်ဆောင်ရွက်ခဲ့တယ်။ ကုန်သွယ်ရေးလုပ်ငန်း၊ သမဝါယမလုပ်ငန်းနဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ဆိုရှယ်လစ်စီးပွားရေးမူဝါဒနဲ့အညီ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ခဲ့တယ်။ တော်လှန်ရေးကောင်စီဟာ ဆိုရှယ်လစ်စနစ်နှင့်ကိုက်ညီပြီး အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုတဲ့ ပညာရေးမူဝါဒ အသစ်များချမှတ်ခဲ့တယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့တယ်။ စာတတ်မြောက်ရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်နဲ့ဆောင်ရွက်ခဲ့တဲ့အတွက် ၁၉၇၁ ခုနှစ်မှာ မိုဟာမက်ရီဇာပါလဗီဆုကိုလည်းရရှိခဲ့တယ်။

စာမျက်နှာ ၂၆ သို့ ○

○ စာမျက်နှာ ၂၅ မှအဆက်

တော်လှန်ရေးကောင်စီဟာ ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို စီမံကိန်း ချမှတ်ဆောင်ရွက်ခဲ့တယ်။ ဆေးပညာနှီးနှောဖလှယ်ပွဲများ ကျင်းပပေးတယ်။ တိုင်းရင်းဆေးပညာပြန့်ပွားလာရေးအတွက်ဆောင်ရွက်ပေးတယ်။ ကျေးလက်ကျန်းမာရေးဌာနတွေကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့တယ်။ အားကစားကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင်နဲ့ဆောင်ရွက်ဖို့ မူဝါဒချမှတ် အကောင်အထည်ဖော်ပေးခဲ့တယ် ဆိုတဲ့ တော်လှန်ရေးကောင်စီခေတ်ရဲ့ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေကိုသိထားဖို့လိုတယ်။

၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိကာလဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ဖြစ်တယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့တယ်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အမည်မှာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖြစ်တယ်။ ဒီသင်ခန်းစာမှာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြောင်းလဲလာသော အုပ်ချုပ်ရေးစနစ်၊ ကျင့်သုံးခဲ့သော ဆိုရှယ်လစ်စီးပွားရေးပုံစံနဲ့ မြန်မာ့ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၏ ပြောင်းလဲမှုများကို လေ့လာထားဖို့လိုတယ်။

ဒါ့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများ လက်ထက်အုပ်ချုပ်ရေးစနစ်ပြောင်းလဲလာပုံ၊ စီးပွားရေးစနစ်ကို ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ပြောင်းလဲလာပုံ၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားပညာရည်မြင့်မားရေးနှစ် ၃၀ စီမံကိန်းကို ချမှတ်ခဲ့ပုံ၊ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ကြားနိုင်ရေး (Education for All) အတွက် အခြေခံပညာကျောင်းများကို ကျေးရွာများနှင့် နယ်စပ်ဒေသများတွင် တိုးမြှင့်ဖွင့်လှစ်ခဲ့ပုံ စတာတွေကိုလည်းသိထားရမယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့သမိုင်းသင်ခန်းစာမှာ အခန်း ၄ ခန်း ပါဝင်တယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် ပြောင်းလဲလာသော ကမ္ဘာ့အနေအထား၊ ကမ္ဘာ့စီးပွားရေး၊ ပြောင်းလဲလာသော နည်းပညာများနဲ့စီးပွားရေးပုံသဏ္ဌာန်များကြောင့် ဖြစ်ပေါ်လာသောကမ္ဘာ့ပြဿနာများ၊ တရုတ်နိုင်ငံနှင့်စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုများကို လေ့လာရမှာဖြစ်တယ်။ ပထမဦးစွာ ဒုတိယကမ္ဘာစစ်ပြီးကာလ ပြောင်းလဲလာသော ကမ္ဘာ့အနေအထားသင်ခန်းစာကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့အနေအထားသင်ခန်းစာမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းများဆိုပြီးပါရှိတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အကြောင်းကို လေ့လာတဲ့အခါမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးဖွဲ့စည်းပုံနဲ့ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းဆိုင်ရာ အမျိုးအစားအလိုက် အေဂျင်စီများ၊ ကုလသမဂ္ဂရဲ့ အဓိကလုပ်ငန်းကြီး ၅ ရပ်နဲ့ ယင်းတို့ရဲ့ ဆောင်ရွက်ချက်များကို ကဏ္ဍအလိုက်လေ့လာသင့်တယ်။ ဒေသဆိုင်ရာ အဖွဲ့အစည်းများအကြောင်းကို လေ့လာတဲ့အခါမှာ နေတိုး၊ အီးယူ၊ အာဆီယံ၊ အေပက်၊ ဘင်းမ်စတက်နဲ့ ဂျီအမ်အက်စ် စတဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းများပေါ်ပေါက်လာပုံနဲ့ အဲဒီအဖွဲ့အစည်းများရဲ့ ဆောင်ရွက်ချက်တွေကိုသိဖို့ သေသေချာချာ ပိုင်းခြားလေ့လာထားသင့်တယ်။

ကမ္ဘာ့နိုင်ငံရေးနှင့်ကမ္ဘာ့စီးပွားရေးဟာ အပြန်အလှန်ဆက်စပ်အကျိုးပြုနေတယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် နိုင်ငံတကာအဖွဲ့အစည်းများနဲ့ အတူ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများလည်း ပေါ်ပေါက်လာတယ်။ ဒုတိယကမ္ဘာစစ်အပြီး ပေါ်ပေါက်လာတဲ့ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများထဲက ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ (အန်းတက်)၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဘရစ်(စ်)နဲ့ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွေဟာ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ပြီးနောက် တိုးတက်လာသောနည်းပညာများ၊ နည်းပညာကိုအခြေပြု၍ ပြောင်းလဲလာသောရင်းနှီးမြှုပ်နှံမှုပုံစံများ၊ ကုန်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ပြောင်းလဲလာပုံ၊ နိုင်ငံတကာကုန်သွယ်ရေးရဲ့အရေးပါပုံ စတဲ့အကြောင်းတွေကိုလည်း သိထားရမယ်။ တိုးတက်လာသောနည်းပညာဟာ လူသားတို့အပေါ် ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိတယ်ဆိုတာကို သိနားလည်ရမယ်။ ကမ္ဘာ့ရာသီဥတုဟာ ၁၉ ရာစုနှောင်းပိုင်း စက်မှုတော်လှန်ရေးပေါ်ပေါက်လာပြီးနောက် သိသာစွာပြောင်းလဲမှုများ ဖြစ်ပေါ်လာတယ်။

ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် သဘာဝအလျောက် သော်လည်းကောင်း၊ လူသားတို့ပြုမူဆောင်ရွက်ချက်ကြောင့်သော်လည်းကောင်း ဖြစ်ပေါ်တယ်။ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဟာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများနှင့် ရင်ဆိုင်လာရပြီး ကမ္ဘာ့လူသားများ၏ ကျန်းမာရေးအပေါ် စိန်ခေါ်မှုများဖြစ်စေတယ်။ ဒါကြောင့် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး ဆောင်ရွက်ချက်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်ချက်များ၊ ရာသီဥတုဆိုင်ရာပြဿနာများကြောင့် လူသားတို့၏ ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများကို သိရှိထားဖို့လိုတယ်။

ကမ္ဘာ့သမိုင်းကို လေ့လာရာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသော ကမ္ဘာ့နိုင်ငံများအနက် တရုတ်နိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုတွေဟာ အရေးပါတဲ့အတွက် တစ်နိုင်ငံချင်း လေ့လာသင့်တယ်။

တရုတ်နိုင်ငံအကြောင်းကို လေ့လာတဲ့အခါ တရုတ်နိုင်ငံထူထောင်ခြင်း၊ ခေတ်အဆက်ဆက် နိုင်ငံခေါင်းဆောင်များက ချမှတ်ဆောင်ရွက်ခဲ့သော မူဝါဒများနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ၊ တိုနှိုက်ရောင်ဖိန်၏ပြုပြင်ပြောင်းလဲမှုများ၊ ပြည်တွင်းပြည်ပ စိန်ခေါ်မှုများကို လေ့လာသိရှိဖို့လိုအပ်တယ်။ ပြည်တွင်းပြည်ပစိန်ခေါ်မှုများကိုလေ့လာတဲ့အခါ တရုတ်နိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ လူဦးရေဆိုင်ရာ စိန်ခေါ်မှုများအပြင် တရုတ်နိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ရပ်ဝန်းနှင့် လမ်းအစီအစဉ် ဘီအာအိုင် (BRI-Belt and Road Initiative) ကို လည်းသိဖို့လိုအပ်တယ်။ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

စင်ကာပူနိုင်ငံအကြောင်းကို လေ့လာတဲ့အခါ စင်ကာပူနိုင်ငံထူထောင်ခြင်း၊ စင်ကာပူနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ရာတွင် အဓိက ဦးဆောင်ခဲ့သော ပီအေပီပါတီနဲ့ နိုင်ငံခေါင်းဆောင်များရဲ့ အခန်းကဏ္ဍ၊ နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်းဟာ စင်ကာပူနိုင်ငံရဲ့ စီးပွားရေးနဲ့လူမှုရေးတို့အပေါ် စိန်ခေါ်မှုများဖြစ်ပေါ်စေကြောင်းကိုလည်း သိထားဖို့လိုအပ်တယ်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်မေးခွန်းဟာ ၂၀၂၄ ခုနှစ် မေးခွန်းနဲ့ပုံစံအတူတူပဲဖြစ်ပါတယ်။ မေးခွန်းမှာ ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ သင်ခန်းစာတစ်ခုစီမှ အဓိကမှတ်သားသင့်သောအချက်များကို နားလည်သိရှိမှုရှိ မရှိ စစ်ဆေးသည့် မှတ်စုတိုမေးခွန်းများ၊ သမိုင်းအကြောင်းအရာတစ်ခုစီ၏ အခြေခံအကြောင်းရင်းများနှင့် အကျိုးသက်ရောက်မှုများ မည်သို့ဆက်စပ်နေသည်ကို လေ့လာဆန်းစစ်ပြီး ဝေဖန်သုံးသပ်ရသော မေးခွန်းရှည်များပါဝင်တယ်။

မေးခွန်းမှာ အပိုင်း (က)၊ အပိုင်း (ခ)၊ အပိုင်း (ဂ) ဆိုပြီးအပိုင်းသုံးပိုင်းပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်းသုံးပိုင်းလုံးကိုဖြေဆိုရမှာဖြစ်တယ်။ မေးခွန်းရဲ့ အပိုင်းတစ်ပိုင်းစီတိုင်းဟာ သင်ရိုးတစ်ခုလုံး လွှမ်းခြုံအောင်မေးထားတဲ့မေးခွန်းများဖြစ်တယ်။ မေးခွန်းလွှာဟာ စာမျက်နှာ စုစုပေါင်း ၄ မျက်နှာပါရှိမှာဖြစ်တယ်။

မေးခွန်းအပိုင်း(က)ကတော့ ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး နံပါတ် ၁(က) နှင့် ၁(ခ) ဆိုပြီးပါရှိမှာဖြစ်ပါတယ်။ နံပါတ် ၁ (က) မေးခွန်းဟာ အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင်ရေးပါဟူ၍ဖြစ်ပါတယ်။ ပုဒ်ခွဲ နံပါတ် (၁) မှ (၁၅) အထိ စုစုပေါင်း (၁၅) ပုဒ် ပါဝင်တယ်။ မြန်မာ့သမိုင်းမှ (၈) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၇) ပုဒ် ပါရှိမှာဖြစ်ပါတယ်။ တစ်ပုဒ်၏ ရမှတ်ကတော့ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ် (၁၅) မှတ် ဖြစ်ပါတယ်။

မေးခွန်းအပိုင်း (က) ၏ နံပါတ် ၁(ခ) မှာ အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသောအဖြေ (က)၊(ခ)၊(ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင်ရေးပါဟူ၍ ဖြစ်ပါတယ်။ ပုဒ်ခွဲ (၁) မှ (၁၅) ထိပါဝင်ပြီး မြန်မာ့သမိုင်းမှ (၇) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၈) ပုဒ် စုစုပေါင်း (၁၅) ပုဒ် ပါရှိမှာဖြစ်ပါတယ်။ တစ်ပုဒ်၏ ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ် (၁၅) မှတ်ဖြစ်ပါတယ်။

မေးခွန်းအပိုင်း (ခ) မှာ အောက်ပါတို့အနက်မှ ခြောက်ပုဒ်ကိုမှတ်စုတိုရေးပါဖြစ်ပါတယ်။ မေးခွန်းနံပါတ် (က)မှ (ဇ)အထိရှိပြီး မြန်မာ့သမိုင်း (၄) ပုဒ်နှင့် ကမ္ဘာ့သမိုင်း (၄) ပုဒ်တို့ပါဝင်တယ်။ အဲဒီ (၈)ပုဒ်ထဲက နှစ်သက်ရာ(၆)ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရမှတ်ဟာ (၅) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်(၃၀)မှတ်ဖြစ်ပါတယ်။

မေးခွန်းအပိုင်း (ဂ) သည် အောက်ပါမေးခွန်းတို့ကိုဖြေဆိုပါဖြစ်တယ်။ အပိုင်း (ဂ)ရဲ့ နံပါတ် (၁) မေးခွန်းကတော့ မြန်မာ့သမိုင်းမေးခွန်းဖြစ်ပြီး မေးခွန်း ၂ ပုဒ်အနက် ကြိုက်နှစ်သက်ရာ တစ်ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ အဲဒီမေးခွန်းအတွက် ရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။ အပိုင်း (ဂ)ရဲ့ နံပါတ် (၂) မေးခွန်းကတော့ ကမ္ဘာ့သမိုင်းမေးခွန်းဖြစ်ပြီး မေးခွန်း ၂ ပုဒ်အနက် ကြိုက်နှစ်သက်ရာတစ်ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ အဲဒီမေးခွန်းအတွက် ရမှတ်မှာ (၂၀) ဖြစ်တယ်။ ဒါကြောင့် အပိုင်း (ဂ) ရဲ့ စုစုပေါင်းရမှတ်မှာ (၄၀) မှတ်ဖြစ်တယ်။

၂၀၂၅ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် သမိုင်းဘာသာရပ်မေးခွန်းဟာ ပြဋ္ဌာန်းစာအုပ်တစ်ခုလုံးကို လွှမ်းခြုံမေးထားတာဖြစ်တဲ့အတွက်ကြောင့်ကျောင်းသား၊ကျောင်းသူများအနေနဲ့ သင်ခန်းစာတစ်စိတ်တစ်ပိုင်းကိုသာ လေ့လာ၊ ကျက်မှတ်ခြင်းမျိုးမပြုလုပ်ဘဲ ပြဋ္ဌာန်းစာအုပ်ပါသင်ခန်းစာများကို စုံလင်စွာလေ့လာဖို့ အလွန်အရေးကြီးပါတယ်။

သမိုင်းကိုလေ့လာတဲ့အခါ သင်ခန်းစာတိုင်းမှာပါတဲ့ အကြောင်းအရာအချက်အလက်များနဲ့ သင်ခန်းစာတစ်ခုနဲ့တစ်ခု သမိုင်းစဉ်ဆက်စပ်မှုကို နားလည်ဖို့အထူးလိုအပ်ပါတယ်။ စာမေးပွဲဖြေဆိုရာမှာလည်း မေးခွန်းကို သေချာဖတ်ရှုပြီး မေးထားတဲ့မေးခွန်းနှင့် သက်ဆိုင်တဲ့ အကြောင်းအရာများကိုသာ ဖြေဆိုရမှာဖြစ်ပါတယ်။ သင်ခန်းစာများကို အစအဆုံးကောင်းမွန်စွာ ပြင်ဆင်ထားခြင်းဖြင့် မေးခွန်းများကို အခက်အခဲမရှိဘဲ ဖြေဆိုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျောင်းသား၊ ကျောင်းသူများအားလုံး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကောင်းမွန်အောင်မြင်စွာဖြေဆိုနိုင်ကြပါစေ။ ။

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများကျင်းပ

ကဝ ဒီဇင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး ကဝမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာလ ၂၇ ရက် နံနက်ပိုင်းတွင် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများ ကျင်းပကြောင်း သိရသည်။

အားကစားပြိုင်ပွဲများတွင် မူလတန်းမှ အထက်တန်းထိ အတန်းအလိုက် ကျောင်းသား၊ ကျောင်းသူများက မီတာ (၁၀၀) အပြေး၊ အာလူးကောက်၊ အိတ်စွပ်၊ ဆန်ကောရွက်၊ ဘောလုံး၊ ဘော်လီဘော၊ ခြင်းလုံး စသည့် အားကစားနည်းမျိုးစုံတို့အား ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများအား ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အားကစားဝါသနာပါလာကာ ကိုယ်ကာယကျန်းမာကြံခိုင်၍ ဘက်စုံထူးချွန်သော ကျောင်းသား၊ ကျောင်းသူများ ဖြစ်လာစေရန် အတွက်ရည်ရွယ်၍ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၁၀)



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၁၂-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၀၁၀	၃၁၂၀	၃၀၉၀	၃၀၂၅	၃၁၃၀	၃၁၄၅	၃၁၆၀	၃၀၈၀	၄၇၈၅	၃၃၇၅	၃၀၉၅	၃၁၀၀	၃၁၇၀	၃၁၃၅	၃၁၅၅	၃၄၁၀	၃၉၀၀
95 Ron	၃၁၂၀	၃၂၃၀	၃၂၀၀	၃၁၃၅	၃၂၄၀	၃၂၅၅	၃၂၇၀	၃၁၉၀	၄၇၆၀	၃၄၈၅	၃၂၀၅	၃၂၁၀	၃၂၈၀	၃၂၄၅	၃၂၆၅	၃၂၂၀	၄၀၅၀
HSD (500 ppm)	၂၆၃၅	၂၇၅၀	၂၇၁၅	၂၆၅၀	၂၇၄၅	၂၇၇၀	၂၇၉၀	၂၇၀၅	-	၃၀၀၀	၂၇၂၅	၂၇၂၅	၂၇၉၅	၂၇၆၀	၂၇၈၀	၃၀၄၀	၃၉၀၀
HSD (50 ppm)	၃၂၆၀	၃၃၀၅	၃၃၄၀	၃၂၇၅	၃၃၈၀	၃၃၉၅	၃၄၁၅	၃၃၃၀	၄၈၃၀	၃၆၂၅	၃၃၅၀	၃၃၅၀	၃၄၂၀	၃၃၈၅	၃၄၀၅	၃၆၆၅	-
HSD (10 ppm)	၃၂၆၀	၃၃၀၅	၃၃၄၀	၃၂၇၅	၃၃၈၀	၃၃၉၅	၃၄၁၅	၃၃၃၀	-	၃၆၂၅	၃၃၅၀	၃၃၅၀	၃၄၂၀	၃၃၈၅	၃၄၀၅	၃၆၆၅	-

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၇၂၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၈၁၉	၂၉၂၉
95 Ron	၂၉၄၆	၃၀၃၈
HSD (500 ppm)	၂၄၇၈	၂၅၁၇
HSD (50 ppm)	၃၀၈၃	၃၁၇၄
HSD (10 ppm)	၃၀၈၃	၃၁၇၄

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



ABL APP is now AVAILABLE in both MM and ENG versions!

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲမှ (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်တွင် ဆေးနှင့်ဆေးပစ္စည်း၊ စက်ပစ္စည်း၊ ပုံနှိပ်ပစ္စည်းများကို အောက်ပါအတိုင်းသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် (၁)နှစ်တာကာလငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ပါသည်။

(က) ရန်ကုန်ဆေးသိုလှောင်ရုံများမှ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ သယ်ယူပို့ဆောင်ပေးခြင်း၊

(ခ) နေပြည်တော်ဆေးသိုလှောင်ရုံများမှ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ သယ်ယူပို့ဆောင်ပေးခြင်း။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၄၃၁၀၈၅၅/၀၆၇၃၄၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါအမှတ် - Tender.21.Transport.YGN(2024-2025)
- Tender.21.2.Transport.NPW(2024-2025)

တင်ဒါစတင်သည့်ရက် - ၂၇-၁၂-၂၀၂၄ ရက်နေ့

တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် - ၁၄-၁-၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ပျောက်ဆုံးကြောင်း
သိန်းမြင့်(ဘ)ဦးဒဂိါး ၁၂/လမန(နိုင်) ၀၃၈၂၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၄၀၉၃၀၆၁၁

ပျောက်ဆုံးကြောင်း
ကျော်စိုးဝင်း(ဘ)ဦးအောင်ဌေး ၁၂/ဗတထ(နိုင်)၀၀၄၄၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 399771)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၇၃၃၉၇၂၂

ပျောက်ဆုံးကြောင်း
နွယ်နီလင်း(ဘ)ဦးခင်တီ ၁၂/ဗဟန(နိုင်) ၁၁၃၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 388973)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၉၁၁၆၆

ပျောက်ဆုံးကြောင်း
ခင်ဖုန်းတင့်(ဘ)ဦးကြီးမြင့် ၁၂/အလန(နိုင်) ၀၁၆၆၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၆၉၄၆၃၀၃

ပျောက်ဆုံးကြောင်း
ဂိုဘင်ဒါ(ဘ)ဒေဝါနန်း ၇/ဖမန(နိုင်) ၁၈၇၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၆၀၆၀၃၀၆၆

ပျောက်ဆုံးကြောင်း
ခင်မျိုးနွယ်(ဘ)ဦးကျော်သာ ၁၂/မဂဒ(နိုင်) ၁၈၉၆၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း
ခင်မောင်ညွှန့်(ဘ)ဦးဖိုးသိန်း ၁၁/မဥန(နိုင်) ၀၆၈၈၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၇၉၈၆၉

ပျောက်ဆုံးကြောင်း
အင်းစိန်မြို့နယ်၊ စဉ့်ငူလမ်းနေ မသဲသဲဦး(ဘ)ဦးတင်ဦး ၁၂/အစန(နိုင်) ၂၃၂၂၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 166089)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၀၇၅၀၇၁

အလိမ္မာစာမှာရှိ

ပျောက်ဆုံးကြောင်း
ခင်ခင်သန်း(ဘ)ဦးမောင်သောင်းတင် ၁၁/မဥန(နိုင်)၁၄၅၆၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၇၇၇

ပျောက်ဆုံးကြောင်း
စိုးညီညီ(ဘ)ဦးစိုးညွှန့် ၁၂/လသန(နိုင်)၀၂၁၉၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 930028)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၁၅၀၃၃၀

ပျောက်ဆုံးကြောင်း
မြတ်မြတ်စိုး(ဘ)ဦးတင်ဦး ၁၂/သဃက(နိုင်)၀၄၀၉၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၀၁၉၈၁၅

သစ်တောမှန်လျှင် အသုံးဝင်
အစဉ်ထာဝရ ထိန်းသိမ်းကြ

ပျောက်ဆုံးကြောင်း
စောချစ်စမ်းမောင်(ဘ)ဦးပုစွန် ၃/လဘန(နိုင်)၀၆၁၂၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 820625)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း
နန်းမူမူဘန်း(ဘ)ဦးသောမတ်စ်ဘန်း ၃/ဘအန(နိုင်)၀၂၆၄၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 473518)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း
သုဇန(ဘ)ဦးတင်ဦး ၁၀/မဒန(နိုင်) ၀၀၁၆၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၆၀၉၁၂၀၁

ပျောက်ဆုံးကြောင်း
ခင်စီ(ဘ)ဦးကျင်စိန် ၁၂/အစန(နိုင်) ၀၉၀၈၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၁၆၃၀၆၆

ပျောက်ဆုံးကြောင်း
သန်းမြင့်(ဘ)ဦးတင်လှ ၁၂/အစန(နိုင်) ၀၉၀၈၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၁၆၃၀၈၀၆

ပျောက်ဆုံးကြောင်း
မင်းသုခ(ဘ)ဦးမင်းညီညီလေး ၁၂/ကမတ(နိုင်)၀၇၉၀၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 669658)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၆၁၇၃၀၇

ပျောက်ဆုံးကြောင်း
သိန်းမြင့်(ဘ)ဦးဒဂိါး ၁၂/လမန(နိုင်) ၀၃၈၂၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၄၀၉၃၀၆၁၁

ပျောက်ဆုံးကြောင်း
အိဇာလီ(ဘ)ဦးချစ်သန်း ၁၄/ဓနဖ(နိုင်) ၂၁၂၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 434889)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၇၃၂၃၇၅၅

ပျောက်ဆုံးကြောင်း
တိကွိဒ္ဒြိယ(ဘ)ဦးတင်လှ ၁၄/အဂပ(နိုင်) ၀၀၆၆၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၆၂၀၅၅

ပျောက်ဆုံးကြောင်း
ဇာခြည်လင်း(ဘ)ဦးမောင်ခွန့် ၇/ပတန(နိုင်) ၁၁၀၆၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 070834)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၀၅၃၂၅၀

ပျောက်ဆုံးကြောင်း
စိန်လင်း(ဘ)ဦးအောင်ကြည် ၉/သစန(နိုင်) ၁၆၇၂၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၅၉၀၅၅၉

ပျောက်ဆုံးကြောင်း
သိန်ဂိုဝင်း(ဘ)လျောင်ချောင်ဟီး(ခ)ဦးမောင်ကို ၁၂/ပတတ(နိုင်)၀၁၉၉၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၉၆၈၀၆

ပျောက်ဆုံးကြောင်း
အောင်ထွန်း(ဘ)ဦးကျော်စိန် ၁၂/သကတ(နိုင်)၂၃၉၁၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၉၁၁၀၂၈၅

ပျောက်ဆုံးကြောင်း
မေန္တယ်ဦး(ဘ)အောင်အောင်ကို ၁၂/မဂတ(နိုင်)၀၉၁၀၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 611694)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၂၆၆၀၆၆

ပျောက်ဆုံးကြောင်း
သဘင်ဒါ(ဘ)ဒေဝါနန်း ၇/ဖမန(နိုင်) ၁၈၇၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း
သန်းစိုးအောင်(ဘ)ဦးစိန်မောင် ၁၄/ဇလန(နိုင်)၁၂၂၀၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၇၅၅၇၄

ပျောက်ဆုံးကြောင်း
ခင်မောင်ညွှန့်(ဘ)ဦးဖိုးသိန်း ၁၁/မဥန(နိုင်) ၀၆၈၈၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၇၉၈၆၉

ပျောက်ဆုံးကြောင်း
လှိုင်မိုး(ဘ)ဦးခင်မောင်ဝင်း ၁၂/ခရန(နိုင်) ၁၉၁၀၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 436410)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း
ဓမ္မယ်ဦး(ဘ)ဦးဘုန်းဘုန်း ၁၂/ဗဟန(နိုင်) ၀၉၁၀၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 070834)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၆၁၇၃၀၇

ပျောက်ဆုံးကြောင်း
ဇော်ဝင်းထွန်း(ဘ)ဦးမောင်ဝင်းမြင့် ၁၂/ဗဟန(နိုင်) ၁၁၃၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 388973)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၉၁၁၆၆

ပျောက်ဆုံးကြောင်း
ကျော်စိုးဝင်း(ဘ)ဦးအောင်ဌေး ၁၂/ဗတထ(နိုင်)၀၀၄၄၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 399771)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၇၃၃၉၇၂၂

ပျောက်ဆုံးကြောင်း
ဂိုဘင်ဒါ(ဘ)ဒေဝါနန်း ၇/ဖမန(နိုင်) ၁၈၇၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၆၀၆၀၃၀၆၆

ပျောက်ဆုံးကြောင်း
ခင်မျိုးနွယ်(ဘ)ဦးကျော်သာ ၁၂/မဂဒ(နိုင်) ၁၈၉၆၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း
ခင်မောင်ညွှန့်(ဘ)ဦးဖိုးသိန်း ၁၁/မဥန(နိုင်) ၀၆၈၈၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၇၉၈၆၉

Globe Soccer Awards တစ်နှစ်တာအကောင်းဆုံးဆုပေးပွဲတွင် ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်ကစားသမား ဗင်နီစီးယက်စ် ဆုနှစ်ဆုဆွတ်ခူးနိုင်



ဒူဘိုင်း ဒီဇင်ဘာ ၂၈

ဒူဘိုင်းအားကစားကောင်စီမှ ပေးအပ်ချီးမြှင့်သည့် Globe Soccer Awards တစ်နှစ်တာအကောင်းဆုံးဆုပေးပွဲတွင် ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်ကစားသမား ဗင်နီစီးယက်စ်က တစ်နှစ်တာအကောင်းဆုံးအမျိုးသားကစားသမားဆုနှင့် တစ်နှစ်တာအကောင်းဆုံးတိုက်စစ်ကစားသမားဆု နှစ်ဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဒူဘိုင်းအားကစားကောင်စီမှ Globe Soccer Awards တစ်နှစ်တာအကောင်းဆုံးဆုပေးပွဲအခမ်းအနားတွင်ပေးအပ်သည့်ဆုများကို ဆန်ခါတင်စာရင်းရွေးချယ်ပြီး ပရိသတ်များထံ ဆန္ဒမဲကောက်ယူကာ ပေးအပ်ချီးမြှင့်ခြင်းဖြစ်ပြီး ဗင်နီစီးယက်စ်သည် ဆန်ခါတင်စာရင်းတွင် ကာဗာဂျယ်၊ ဘယ်လင်ဟမ်၊ အမ်ဘာတ်ပီ၊ တိုနီခရူးစ်၊ ဂရစ်ဇ်မန်း၊ ဂရိုကာရက်ဇ်၊ ဟာလန်း၊ ဟယ်ရီကိန်း၊ ယာမယ်၊ လီဝန်ဒေါစကီး၊ လွတ်မန်း၊ မာတီနက်ဇ်၊ မက်ဆီ၊ စီရော်နယ်ဒို့တို့နှင့် အတူပါဝင်လာခဲ့ပြီးနောက် ပြိုင်ဘက်များကိုကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဗင်နီစီးယက်စ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ရီးယဲလ်မက်ဒရစ်အသင်း စပိန်လာလီဂါဖလားနှင့် ချန်ပီယံလိဂ်ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကကစားသမားအဖြစ်ပါဝင်ခဲ့ပြီးနောက် Ballon D'or ဆုနှင့်လွဲချော်ခဲ့ရသော်လည်း ဖီဖာတစ်နှစ်တာအကောင်းဆုံး အမျိုးသားကစားသမားဆုကိုရရှိခဲ့သည့်အပြင် ယခုအခါတွင်လည်း Globe Soccer Awards တစ်နှစ်တာအကောင်းဆုံးဆုပေးပွဲတွင် ဆုနှစ်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

Globe Soccer Awards တစ်နှစ်တာအကောင်းဆုံးဆုပေးပွဲတွင် တခြားဆုများအဖြစ် တစ်နှစ်တာလူငယ်အကောင်းဆုံးကစားသမားဆုကို ဘာစီလိုနာအသင်းမှ ယာမယ်၊ တစ်နှစ်တာအကောင်းဆုံးအမျိုးသားနည်းပြဆုကို ရီးယဲလ်မက်ဒရစ်အသင်းမှ နည်းပြ အန်ဆယ်လော့တီ၊ တစ်နှစ်တာအကောင်းဆုံးအသင်းဆုကို ရီးယဲလ်မက်ဒရစ်အသင်း၊ တစ်နှစ်တာအကောင်းဆုံးအရှေ့အလယ်ပိုင်းဒေသ ကစားသမားဆုနှင့် ထာဝရသွင်ဂိုးအများဆုံးကစားသမားဆုကို အယ်နာဆာအသင်းမှ စီရော်နယ်ဒို၊ တစ်နှစ်တာအကောင်းဆုံးကွင်းလယ်ကစားသမားဆုကို ရီးယဲလ်မက်ဒရစ်အသင်းမှ ဘယ်လင်ဟမ်တို့က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref;Globe Soccer.com

မန်ယူအသင်းသမိုင်းတစ်လျှောက် ပွဲဦးထွက် ၁၀ ပွဲတွင် ငါးပွဲရှုံးနိမ့်သည့် နည်းပြအဖြစ် အမိုရင်မှတ်တမ်းဝင်

မန်ချက်စတာ ဒီဇင်ဘာ ၂၈

မန်ယူအသင်းနည်းပြအမိုရင်သည် မန်ယူအသင်းသမိုင်းတစ်လျှောက် ပွဲဦးထွက် ၁၀ ပွဲတွင် ငါးပွဲရှုံးနိမ့်သည့် ပထမဆုံးနည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

နည်းပြအမိုရင်သည် မန်ယူအသင်းကို ပြီးခဲ့သည့် နိုဝင်ဘာလ ၂၄ ရက်က အစ်ဂုစ်ချ်အသင်းနှင့်ပွဲစဉ်ကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အဖွင့်ပွဲစဉ်တွင်ပင် သရေရလဒ်ထွက်ပေါ်ခဲ့ကာ ယူရိုပါလိဂ်ပြိုင်ပွဲတွင် နှစ်ပွဲအနိုင်ရရှိခဲ့သော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် မန်စီးတီးအသင်းနှင့်အဲဗာတန်အသင်း နှစ်သင်းကိုသာအနိုင်ရရှိခဲ့ကာ အာဆင်နယ်အသင်း၊ နော်တင်ဟမ်အသင်း၊ စပါးအသင်း၊ ဘုန်းမောက်စ်အသင်းနှင့် ဝုဗ်အသင်းတို့ကိုရှုံးနိမ့်ပြီးနောက် ပွဲဦးထွက် ၁၀ ပွဲတွင် ငါးပွဲရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီတွင် ရလဒ်များဆက်တိုက်ဆိုးရွားနေသည့်အတွက် နည်းပြတန်ဟတ်ကို ထုတ်ပယ်ပြီးနောက် နည်းပြသစ်အဖြစ် အမိုရင်ကို ခန့်အပ်ခဲ့သော်လည်း အသင်းအနေဖြင့် ရလဒ်များကောင်းမွန်လာခြင်းမရှိဘဲ ရုန်းကန်နေရပြီး ရမှတ် ၂၂ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၁၄)နေရာ၌သာ ရပ်တည်လျက်ရှိကြောင်း သိရသည်။

Ref;Fotmob

IFFHS ၏ တစ်နှစ်တာနေရာလိုက်အကောင်းဆုံးကစားသမားစာရင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းမှ ကစားသမား ငါးဦးအထိပါဝင်

မက်ဒရစ် ဒီဇင်ဘာ ၂၈

အပြည်ပြည်ဆိုင်ရာဘောလုံးသမိုင်းနှင့် စာရင်းအင်းအဖွဲ့ချုပ်(International Federation of Football History & Statistics-IFFHS)၏ တစ်နှစ်တာနေရာလိုက်အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းမှ ကစားသမား ငါးဦးအထိ ပါဝင်လာကြောင်း သိရသည်။

IFFHS က နှစ်စဉ်တစ်နှစ်တာနေရာလိုက်အကောင်းဆုံးကစားသမား ၁၁ ဦး ရွေးချယ်ပေးအပ်ချီးမြှင့်ပြီး ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့်ပြီးခဲ့သည့်ဘောလုံးရာသီက စပိန်လာလီဂါဖလားနှင့် ချန်ပီယံလိဂ်ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ကစားသမားအများစုပါဝင်လာခြင်းဖြစ်သည်။

IFFHS က တစ်နှစ်တာနေရာလိုက်အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းကို ၄-၃-၃ ပုံစံဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဂိုးသမားနေရာ၌ ကမ္ဘာ့အကောင်းဆုံးဂိုးသမားဆုရရှိထားသည့် အက်စ်တွန်ဗီလာအသင်းမှ မာတီနက်ဇ်ပါဝင်လာပြီး ခံစစ်ကစားသမား လေးဦးနေရာ၌ ဘိုင်ယန်မြူးနစ်အသင်းမှ အဖွန်ဆိုဒေးဗီး၊ ရီးယဲလ်မက်ဒရစ်အသင်းမှ ကာဗာဂျယ်နှင့် ရူဒီဂါ၊ မန်စီးတီးအသင်းမှ ဒီယက်ဇ်တို့ပါဝင်လာသည်။

အလားတူ ကွင်းလယ်ကစားသမား သုံးဦးနေရာ၌ ရီးယဲလ်မက်ဒရစ်အသင်း ကစားသမားဟောင်း တိုနီခရူးစ်၊ ရီးယဲလ်မက်ဒရစ်အသင်းမှ ဘယ်လင်ဟမ်နှင့် Ballon D'or ဆုဆွတ်ခူးနိုင်သည့် မန်စီးတီးအသင်းမှ ကွင်းလယ်ကစားသမား ရိုဒရီ၊ တိုက်စစ်ကစားသမားသုံးဦးနေရာ၌ ဖီဖာတစ်နှစ်တာအကောင်းဆုံးကစားသမားဆုရရှိသည့် ရီးယဲလ်မက်ဒရစ်အသင်းမှ ဗင်နီစီးယက်စ်၊ ဘာစီလိုနာအသင်းမှ လူငယ်တိုက်စစ်ကစားသမား ယာမယ်နှင့်မန်စီးတီးအသင်းမှ ဟာလန်းတို့ပါဝင်လာကြောင်း သိရသည်။

Ref;IFFHS.Com

ဘာစီလိုနာအသင်းက ကွင်းလယ်ကစားသမား အိုလ်မိုကို အသင်းကစားသမားစာရင်းမှတ်ပုံတင်သွင်းရန် အယူခံဝင်သော်လည်း ပယ်ချခံရ

ဘာစီလိုနာ ဒီဇင်ဘာ ၂၈


ဘာစီလိုနာအသင်းက ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက လိုက်ပဇစ်အသင်းမှ ခေါ်ယူထားသည့် ကွင်းလယ်ကစားသမား အိုလ်မိုကို အသင်းကစားသမားစာရင်းမှတ်ပုံတင်သွင်းရန် အယူခံဝင်သော်လည်း ပယ်ချခံရသည့်အတွက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွတ်ရဖွယ်ရှိကြောင်း သိရသည်။

အိုလ်မိုသည် ပြီးခဲ့သည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သော်လည်း အသင်းကစားသမားစာရင်းမှတ်ပုံတင်ရန် အခက်အခဲများကြောင့် ယခုဘောလုံးရာသီအစပိုင်းပွဲစဉ်များကို လွဲချော်ခဲ့ရပြီး ပွဲစဉ်(၃)မှသာ စတင်ပါဝင်နိုင်ခဲ့သူဖြစ်သည်။


ဘာစီလိုနာအသင်းသည် အသင်းဘဏ္ဍာရေးအကျပ်အတည်းများကြောင့် အသင်းကစားသမားစာရင်းမှတ်ပုံတင်သွင်းရန်အခက်အခဲများရှိခဲ့ပြီး ပထမရာသီဝက်အတွက်သာ ကစားသမားစာရင်းမှတ်ပုံတင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းက လက်ရှိအချိန်ထိ အသင်းဘဏ္ဍာရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသောကြောင့် အိုလ်မိုကို အသင်းကစားသမားစာရင်းမှတ်ပုံတင်သွင်းရန် ခက်ခဲနေသည့်အတွက် ကစားသမားစာရင်းမှတ်ပုံတင်သွင်းနိုင်ရန် စီးပွားရေးတရားခုံရုံးထံ အယူခံဝင်သော်လည်း ပယ်ချခံရသောကြောင့် ဒီဇင်ဘာလ ၃၀ ရက်မတိုင်မီ ဖြေရှင်းနိုင်ခြင်းမရှိပါက အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွတ်ရမည်ဖြစ်ကြောင်း သိရသည်။

Ref;Fabrizio Romano



တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ





မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဒီဇင်ဘာ ၂၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာလ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan AD Van မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေး၊ မြို့ဟောင်းဘူတာ၌ ရန်ကုန်-မန္တလေးအဆန်ရထားပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၀၀၈၀၀) ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ အကျော်၊ စဉ့်ကိုင်ကတ္တားဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၅၆၀၀) နှင့် အဆိုပါပစ္စည်းများကို လည်းကောင်း၊ ပလိပ်မြို့၊ Max ဆီဆိုင်အနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၇) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၈၉၆၀၇၅၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျောက်ဆည်မြို့၊ မြို့ရှောင်လမ်း၊ ရွှေသိမ်တော်ဘုရားအနီး၌ မော်တော်ယာဉ် (၁) စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၁၄၆၀၉၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Cheng Long Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၆၆၄၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၄၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၉၆၄၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၀၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၈) လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၉၀၈၃၆၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၇၁၈၃၆၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာလ ၂၇ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၄)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ်၈၂၅၅၂၈၀၀)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် တရားဝင်ဆောင်ရွက်သည့် လုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ရောင်းချမှု၊ တင်သွင်းမှု စသည်များလျော့ကျလာစေပြီး အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်မှုနှင့် အခွန်ပေးဆောင်နိုင်မှုကျဆင်းခြင်းများကိုဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၂၈

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာလ ၂၇ ရက်နေ့တွင်အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “AungThan Dine” Facebook အကောင့်နှင့် “aungthandine7” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက် နေ အောင်သံဒိုင်(ခ)သံဒိုင်ကျော်အား ည ၈ နာရီ ၅ မိနစ်တွင် အင်းစိန်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သီလကျေးရွာ၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပုံပိုးရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၄ သန်းဖြင့် ဆောင်ရွက်သည့် အရှည်ပေ ၇၆၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းသစ်ကို ဖွင့်လှစ်စဉ်။

တင်ဆန်းဦး

❐ ကျောဖုံးမှအဆက်

ယင်းနေ့ ည ၁၁ နာရီအချိန် တာမွေမြို့နယ်၊ ဖိုးစိန်လမ်းမပေါ်တွင် မြတ်သူအား စိတ်ပြောင်းဆေးဝါး Happy Water ၁၂၉ ဂရမ်နှင့်လည်းကောင်း၊ ၎င်းနေထိုင်သည့် ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်ရှိ နေအိမ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၆ ဒသမ ၁၂၅ ကီလို၊ ကက်တမင်း ၉၅၀ ဂရမ်နှင့် အက်တက်စီဆေးပြား ၂၄၀ ပြားတို့အားလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဒီဇင်ဘာလ ၂၃ ရက်နေ့ ည ၈ နာရီခွဲအချိန် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ (၆၁)ရပ်ကွက်တွင် ၄ားရမ်းနေထိုင်သည့် မလေးရှားနိုင်ငံသား Mr. Lee Kok Sun အား စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၇၅ ဂရမ်၊ အက်တက်စီဆေးပြား ၄၅၀ ပြား၊ Happy-5 ဆေးပြား ၆၀၀ ပြား၊ အမှုန့်ကြိတ်စက် ၁ လုံး၊ အိတ်ပိတ်စက် ၁ လုံး၊ ထုပ်ပိုးခွံ ၅၀၀ လုံး၊ Happy Water ရောစပ်ရာတွင် အသုံးပြုသည့် စတော်ဘယ်ရီ အရသာမှုန့် ၈၀၀ ဂရမ်၊ လိမ္မော်အရသာမှုန့် ၇၀၀ ဂရမ်တို့နှင့်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၂၇၈၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၆ ဒသမ ၄၉၂၅ ကီလို၊ ကက်တမင်း ၁ ဒသမ ၀၅၂ ကီလို၊ အက်တက်စီဆေးပြား ၆၉၀ ပြား၊ စိတ်ကြွဆေးပြား ၄၀၀ ပြားနှင့် Happy-5 ဆေးပြား ၆၀၀ ပြား၊ အမှုန့်ကြိတ်စက် ၁ လုံး၊ အိတ်ပိတ်စက် ၁ လုံး၊ ထုပ်ပိုးခွံ ၅၀၀ လုံး၊ Happy Water ဖျော်စပ်ရာတွင် အသုံးပြုသည့် စတော်ဘယ်ရီအရသာမှုန့် ၈၀၀ ဂရမ်နှင့် လိမ္မော်အရသာမှုန့် ၇၀၀ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းတို့သည် စိတ်ပြောင်းဆေးဝါးများအား ရောစပ်၍ ရန်ကုန်မြို့ပေါ်ရှိ KTV/ BAR/ CLUB နှင့် စားသောက်ဆိုင်များတွင် လူငယ်များအား ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

လူတိုင်းကျန်းမာကြံခိုင်သောဘဝကိုပိုင်ဆိုင်နိုင်စေဖို့ ကိုယ်လက်လှုပ်ရှားကစားကြပါစို့

"ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ဦးနှောက်တွင်းရှိ မှတ်ဉာဏ်နှင့်ဆိုင်သော ဦးနှောက်အစိတ်အပိုင်းများကြီးထွားလာသောကြောင့် မှတ်ဉာဏ်ပိုမိုကောင်းမွန်လာစေသည်။ ဦးနှောက်တွင်းသွေးလည်ပတ်မှုကောင်းမွန်ခြင်း၊ ဦးနှောက်ဖွံ့ဖြိုးမှုဆိုင်ရာဟော်မုန်းများ ထွက်လာခြင်းကြောင့် ဦးနှောက်၏လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာ. . ."

လူသားတိုင်းအနေဖြင့် ကျန်းမာကြံခိုင်သောဘဝကို ပိုင်ဆိုင်နိုင်စေရန် အားကစားလှုပ်ရှားမှုကို အချိန်ပေးပြုလုပ်သင့်သကဲ့သို့ မိမိတို့ နေ့စဉ်နေထိုင်မှုဘဝတွင်လည်း သွက်လက်စွာလှုပ်ရှားလုပ်ကိုင်သွားလာကြရန်လိုသည်။ အချိန်ကြာမြင့်စွာတီဗွီကြည့်ရင်း အသင့်စားအစာများစားသောက်ခြင်း၊ ဖုန်း၊ ကွန်ပျူတာများကြည့်ရှုချိန်များခြင်း၊ လုပ်ငန်းခွင်တွင်ထိုင်၍ အလုပ်လုပ်ချိန်များခြင်းသည် မိမိကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ လုပ်ငန်းခွင်၌ အထိုင်များသူများအနေဖြင့် ပုံမှန်ကိုယ်လက်လှုပ်ရှားကစားခြင်းကို အချိန်ပေးပြုလုပ်သင့်သည်။ ဘော်လီဘော၊ ဘောလုံး၊ ကြက်တောင်၊ တင်းနစ် စသောအားကစားများသာမက လမ်းလျှောက်၊ ရေကူး၊ စက်ဘီးစီး၊ ပြေးခြင်း၊ အားကစားကလပ်များတွင် ပါဝင်ကခုန်ခြင်း၊ gym ကစားခြင်း စသောကိုယ်လက်လှုပ်ရှားမှုများသည် ကျန်းမာရေးကို များစွာအထောက်အကူပြုစေနိုင်သည့်အပြင် အရွယ်မတိုင်မီသေဆုံးမှုကိုလည်း သိသာစွာလျှော့ချနိုင်သည်ကို တွေ့ရသည်။

ပုံမှန်ကိုယ်လက်လှုပ်ရှားကစားခြင်းသည် အရိုးအဆစ်များနှင့် ကြွက်သားများကို သန်မာစေရုံသာမက အရိုးပါးရောဂါနှင့် တချို့သော အဆစ်ရောင်ရောဂါများကိုပါ သက်သာစေနိုင်သည်။ လေ့ကျင့်ခန်းများပြုလုပ်ခြင်းသည် ကြီးထွားမှုကိုအားပေးသည့်ဟော်မုန်း (Growth hormone)၊ အဆီဓာတ်ကို ထိန်းညှိပေးသည့်ဟော်မုန်း(Insulin)တို့ ပိုမိုထွက်လာခြင်းကြောင့် ခန္ဓာကိုယ်ရှိကြွက်သားများ ပိုမိုသန်မာလာစေသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများတွင် ကြွက်သားအားလျော့နည်းလာပြီး အရိုးအဆစ်များ မခိုင်မာခြင်းကြောင့် မကြာခဏလဲကျတတ်ခြင်းကိုလည်း ထိုက်သင့်သည့် ကိုယ်လက်လှုပ်ရှားမှုဆောင်ရွက်ခြင်းဖြင့် ဟန်ချက်ပိုမိုထိန်းလာနိုင်ကာ လုပ်ဆောင်နိုင်စွမ်းတိုးတက်လာမည်ဖြစ်သည်။ နေ့စဉ် ခန္ဓာကိုယ်တွင်းနှင့် အရေပြားရှိ ဆဲလ်လေးများသည် ဓာတ်တိုးစွမ်းအင်များကြောင့် ပျက်စီးနေကြရသည်။ ထို့ကြောင့် ပုံမှန်ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းဆောင်ရွက်ခြင်းဖြင့် ဓာတ်တိုးတိုက်ခိုက်မှုကိုလျှော့ချပြီး အရွယ်မတိုင်မီ အိုမင်းခြင်းကိုသာမက အရေပြားရောဂါများကိုပါ သက်သာစေကြောင်း တွေ့ရှိရသည်။

ကိုယ်လက်လှုပ်ရှားကစားခြင်း၏ ခန္ဓာကိုယ်ကြံခိုင်မှုအပေါ် အကြီးမားဆုံးသက်ရောက်မှုမှာ ခန္ဓာကိုယ်တွင်းရှိ နှလုံးနှင့်သွေးလည်ပတ်မှုစနစ်ပြောင်းလဲကောင်းမွန်ခြင်းဖြစ်သည်။ သွေးနီဥ၊ အောက်ဆီဂျင်နှင့် အစာအာဟာရများကို ခန္ဓာကိုယ်အနှံ့ပို့ဆောင်ပေးခြင်းဖြင့် ကျန်းမာရေးကို များစွာအထောက်အကူပြုနိုင်သည်။ သွေးတိုး၊ နှလုံး၊ ဆီးချို၊ လေဖြတ်ရောဂါ၊ သွေးတွင်းအဆီများခြင်း၊ အဝလွန်ခြင်းနှင့် ကင်ဆာရောဂါများမဖြစ်ပွားရန်နှင့် ဖြစ်ပွားပြီးနောက်ပိုင်း ပြန်လည်ကောင်းမွန်အောင် ကုသရာတွင်လည်း အထောက်အပံ့ဖြစ်စေကြောင်း တွေ့ရသည်။ ကိုယ်လက်လှုပ်ရှားကစားခြင်းသည် သွေးပေါင်ချေးသည့်အပြင် သွေးတွင်းမြင့်တက်နေသော အချို့ဓာတ်၊ အဆီဓာတ်များလျော့ကျကာ ခန္ဓာကိုယ်အချိုးအစားကိုထိန်းပေးနိုင်ပြီး ကိုယ်အလေးချိန်လျှော့ချပေးနိုင်သည်။ ထို့ပြင် ကိုယ်ခံစွမ်းအားစနစ်ကို မြှင့်တင်ပေးနိုင်သဖြင့် ရောဂါပိုးကူးစက်ခြင်းကိုလည်း လျော့နည်းစေနိုင်သည်။

လေ့ကျင့်ခန်းများပြုလုပ်ခြင်းဖြင့် ဦးနှောက်နှင့် အာရုံကြောတို့ပြန်မှုစနစ်ပြောင်းလဲသွားခြင်းသည် ကြွက်သားများအတွင်းရှိ သကြားဓာတ်နှင့် အဆီဓာတ်ဇီဝဖြစ်စဉ်များကို ထိန်းညှိပေးကြောင်း တွေ့ရှိရသည်။ ကြွက်သားထုသာမက အာရုံကြောနှင့် ကြွက်သားအဆက်များ ခိုင်မာလာသောကြောင့် တုံ့ပြန်မှုများ ပိုမိုတိကျလာသည်။ သုတေသနပြုချက်များအရ လေ့ကျင့်ခန်းများ ပုံမှန်လုပ်ဆောင်ခြင်းဖြင့် ဦးနှောက်အတွင်းပိုင်းနေရာ basal ganglia တွင် ပြောင်းလဲမှုများဖြစ်ပေါ်ကာ ဆုံးဖြတ်နိုင်စွမ်းအားများ တိုးတက်လာသည်။ ထို့ပြင် ဦးနှောက်အတွင်း BDNF ဓာတ်များတက်လာစေပြီး Dopaminergic neurons များ၏သက်တမ်းများ ပိုကြာရှည်လာစေသည်။ ဒိုပါမင်းဓာတ်သည် မှတ်ဉာဏ်ပြန်လည်ဖော်ထုတ်ရာတွင် အရေးပါသကဲ့သို့ မှန်ကန်စွာဆုံးဖြတ်ချက်ချနိုင်ရေးနှင့် ကိုယ်လက်လှုပ်ရှားမှု လျင်မြန်သွက်လက်စေရေးအတွက် အထောက်အကူပြုသည်။

ပုံမှန်ကိုယ်လက်လှုပ်ရှားပြုလုပ်ခြင်းဖြင့်ပင် အိပ်စက်ရန်လွယ်ကူလာပြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်စေနိုင်သည်။ အိပ်စက်ရန်ခက်ခဲသော သက်ကြီးရွယ်အိုများ၊ သက်ကြီးသတိမေ့ရောဂါခံစားနေရသူများ၊ စိတ်ဖိစီးမှုကြောင့် ကောင်းစွာမအိပ်နိုင်သော လူငယ်၊ လူလတ်ပိုင်းများအတွက် ကောင်းစွာအကျိုးပြုနိုင်သည်။ ကောင်းစွာအိပ်ပျော်သဖြင့် လူငယ်၊ လူလတ်ပိုင်းများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်လာစေနိုင်သကဲ့သို့ သက်ကြီးရွယ်အိုများ၏ နေ့စဉ်နေထိုင်မှုဘဝကို ပိုမိုကောင်းမွန်လာနိုင်မည်။ သို့ရာတွင် အိပ်ရာဝင်ခါနီး ပြင်းထန်စွာလေ့ကျင့်ခန်းများပြုလုပ်ခြင်းကို ရှောင်ကြဉ်ရမည်။

ပုံမှန်ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်သောအခါ ဦးနှောက်အတွင်း သွေးလည်ပတ်မှုကောင်းစေရုံသာမက ဦးနှောက်တွင်း၌ serotonin၊ dopamine၊ norepinephrine စသော ဟော်မုန်းဓာတ်များ ထွက်လာသဖြင့် စိတ်ဖိစီးမှုကိုလျှော့ချပေးကာ စိတ်ဓာတ်တက်ကြွပျော်ရွှင်စေနိုင်သည်။ သုတေသနပြုလုပ်ချက်များအရ ဦးနှောက်အစိတ်အပိုင်း တစ်ခုဖြစ်သော hypothalamus အတွင်း ထိန်းညှိရေးစနစ်များ ပြောင်းလဲသွားသောကြောင့် စိတ်ဖိစီးမှုဖြစ်စေသည့်ဟော်မုန်းများ လျော့ကျသွားသည်။ လေ့ကျင့်ခန်းကို ၁၀ မိနစ်မှ မိနစ် ၃၀ အထိ ပြုလုပ်ခြင်းဖြင့်ပင် စိတ်ဓာတ်တက်ကြွလန်းဆန်းစေနိုင်သည်ဟု ပညာရှင်များကဆိုကြသည်။ ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် စိတ်ပူပန်သောကများခြင်းနှင့် စိတ်ကျရောဂါဖြစ်ခြင်းကို သက်သာစေနိုင်သည့်အပြင် နာကျင်မှုဝေဒနာများ ခံနိုင်ရည်ပိုရှိလာနိုင်သည်။ ဆေးသုတေသနစာတမ်းများအရ အမြဲတမ်းတက်ကြွလှုပ်ရှားနေသူများ၊ ပုံမှန်လှုပ်ရှားအားကစားဆောင်ရွက်နေသူများတွင် လှုပ်ရှားမှုများရပ်တန့်လိုက်ချိန် ၌ စိတ်ကျရောဂါ၊ စိတ်ပူပန်မှုများ ခံစားကြရကြောင်း သိရှိရသည်။

ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ဦးနှောက်တွင်းရှိ မှတ်ဉာဏ်နှင့်ဆိုင်သော ဦးနှောက်အစိတ်အပိုင်းများကြီးထွားလာသောကြောင့် မှတ်ဉာဏ်ပိုမိုကောင်းမွန်လာစေသည်။ ဦးနှောက်တွင်းသွေးလည်ပတ်မှုကောင်းမွန်ခြင်း၊ ဦးနှောက်ဖွံ့ဖြိုးမှုဆိုင်ရာဟော်မုန်းများ ထွက်လာခြင်းကြောင့် ဦးနှောက်၏လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများတွင် အသက်အရွယ်ကြောင့် ဦးနှောက်ကျုံ့လာခြင်းကို လျှော့ချပေးနိုင်သဖြင့် အယ်လ်ဇိုင်းမားကဲ့သို့သော သက်ကြီးသတိမေ့ရောဂါများတွင် ကုထုံးတစ်ခုဖြစ်လာခဲ့သည်။

ကိုယ်လက်လှုပ်ရှားကစားခြင်းကို တစ်ပတ်လျှင် (တစ်နေ့နာရီဝက်ဖြင့် တစ်ပတ်ငါးကြိမ်) ထိုက်သင့်သလောက် ပြင်းထန်စွာဆောင်ရွက်ပေးခြင်းဖြင့်ပင် သက်ရှည်ကျန်းမာခြင်းကို အထောက်အကူပြုနိုင်ကြောင်း တွေ့ရှိရသည်။ နေ့စဉ် ခပ်သွက်သွက်လမ်းလျှောက်ပေးခြင်းသည် အလွယ်တကူလုပ်ဆောင်နိုင်သော ငွေကြေးအကုန်အကျမရှိသည့် အကောင်းဆုံးကိုယ်လက်လှုပ်ရှားအားကစားနည်းပင်ဖြစ်သည်။ အရွယ်မတိုင်မီသေဆုံးခြင်းကို အသက် ၆၀ နှစ်အောက်များက တစ်နေ့လျှင် ခြေလှမ်း ၈၀၀၀-၁၀၀၀၀ ခန့်လျှောက်ခြင်းဖြင့် သိသာစွာလျှော့ချနိုင်သကဲ့သို့ အသက် ၆၀ နှစ်အထက်ကိုလည်း ခြေလှမ်း ၆၀၀၀-၈၀၀၀ ကြားလျှောက်ခြင်းဖြင့် သက်ရှည်ကျန်းမာနိုင်မည်ဟု ဖော်ပြခဲ့ကြသည်။

အနှစ်ချုပ်ရသော် ကိုယ်လက်လှုပ်ရှားကစားခြင်းများပြုလုပ်ခြင်းသည် သက်ရှည်ကျန်းမာစေနိုင်သည်သာမက ပျော်ရွှင်ချမ်းမြေ့သော နေ့စဉ်လူနေမှုဘဝကို ရရှိစေနိုင်ခြင်း၊ နုပျိုလှပစေနိုင်ခြင်းတို့ကြောင့် ကိုယ်လက်လှုပ်ရှားကစားခြင်းကို တတ်နိုင်သမျှပုံမှန်ပြုလုပ်ကြရမည်။ ကိုယ်လက်လှုပ်ရှားကစားရာတွင် အန္တရာယ်မရှိသောအားကစားအထောက်အကူပြုကိရိယာများအသုံးပြုခြင်း၊ အားကစားမပြုလုပ်မီ သွေးပူလေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ရေများများသောက်ခြင်း၊ မောပန်းနွမ်းနယ်မူးဝေလာပါက ချက်ချင်းရပ်လိုက်ခြင်း၊ ရာသီဥတုပူပြင်းလွန်းချိန်တွင် မပြုလုပ်ခြင်းတို့ကို လိုက်နာဆောင်ရွက်သင့်သည်။ မိမိအသက်အရွယ်၊ ကျန်းမာရေးအခြေအနေနှင့်ကိုက်ညီသည့် သင့်တော်ရာ၊ မိမိနှစ်သက်ရာ ကိုယ်လက်လှုပ်ရှားကစားခြင်းကို နေ့စဉ်ပုံမှန်ပြုလုပ်ခြင်းဖြင့် ကျန်းမာကြံခိုင်သောဘဝများကို ပိုင်ဆိုင်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဒေါက်တာဥမ္မာစော



ရန်ကုန်တိုင်းဒေသကြီး တရားလွတ်တော် တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့် သင်တန်းအမှတ်စဉ်(၂/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာလ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး တရားလွတ်တော်အစည်းအဝေးခန်းမ (အပေါ်ထပ်) ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးတရားလွတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်နှင့် တရားလွတ်တော်တရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြစဉ်။ ချမ်းမြေ

မိသားစုဝင်ငွေတိုးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သဝန်းတောကျေးရွာအုပ်စုသုံးအိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဒီဇင်ဘာလ ၂၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးနှင့်တာဝန်ရှိသူများသည် သုံးအိမ်ကျေးရွာရှိ အသင်းသား၊ အသင်းသူများမှ စီမံကိန်းလည်ပတ်ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

မောင်ခိုင်

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်



ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ

မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ခမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ



➢ ဗန္ဓုမန်းသူ
09-254781060

➢ ပါရမီ(YBS)
09-459448201



➢ မန္တလေးအစ်ခြေနှိုက်
09-426500153



➢ ဇော်ဝင်
09-423333250



➢ ပါရမီတက္ကစီ
01-3643641



➢ ကုန်စည်
09-440619258

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း



အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုကို ဖြင့်

ရန်ကုန်၊ကျောက်တံခါး၊ပဲန္နယ်ကုန်း၊ဖြူး၊နေပြည်တော်၊ သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊ ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါဇီတို့တွင်လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။

ဖုန်း။ ၀၁-၀၁-၅၃၆၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉

သဘာဝအစစ်ကို အရသာထူး ဒိတ်ကျွင်ကြည်နူး ....

ဒဂုံ

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ဒွေဒီဦး



ဒွေဒီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။



Black Tea



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh

နဲ့ ဖြည့်စွမ်းထား ...



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ **မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက် ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည့် ပထဝီဝင် မြေအနေအထားကို ပိုင်ဆိုင်ထားရှိ. . .**

❖ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန် အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန်လို. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

ရန်ကုန်မြို့ပေါ်တွင် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချသူ မြန်မာနိုင်ငံသား ၂ ဦးနှင့် မလေးရှားနိုင်ငံသား ၁ ဦးတို့အား ငွေကျပ်သိန်း ၂၇၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၈

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာလ ၂၂ ရက်နေ့ ည ၁၀ နာရီအချိန် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်းမပေါ်တွင်စိတ်ပြောင်းဆေးဝါးများ ဖြန့်ဖြူးရောင်းချကြောင်း သတင်းရရှိထားသူ လှဦး(ခ)လှမျိုးအား TOYOTA MARK X မော်တော်ယာဉ်တစ်စီးနှင့်အတူတွေ့ရှိ၍ ရှာဖွေခဲ့ရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၂၃၈ ဒဿမ ၅ ဂရမ်၊ ကက်တမင်း ၂၇ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ပြားတို့အား ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ **စာမျက်နှာ ၂၉ ကော်လံ ၁** ❐



ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ယင်းမာပင်မြို့နယ်၌ ကြက်သွန်နီ ၁၁၂၂ ဧက စိုက်ပျိုးပြီးစီး၊ ကြက်သွန်နီကို ယခင်ကထက် ပိုမိုတိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဒေသတွင်း စားသုံးမှုဖူလုံစေပြီး ကုန်ဈေးနှုန်းတည်ငြိမ်စေမည်ဖြစ်

ယင်းမာပင် ဒီဇင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်၌ ကြက်သွန်နီဧက ၉၂၀၀ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ယင်းမာပင်မြို့နယ်၌ ၆၀၇ ဧကနှင့်ဆားလင်းကြီးမြို့နယ်၌ ၅၄၅ ဧက စုစုပေါင်း ၁၁၂၂ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ်-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ယင်းမာပင်ခရိုင်၌ ကြက်သွန်နီစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်၌ ၃၁၀၅ ဧက၊ ကနီမြို့နယ်၌ ဧက ၄၇၀၊ ဆားလင်းကြီးမြို့နယ်၌ ၃၅၂၅ ဧကနှင့်ပုလဲမြို့နယ်၌ ၂၁၀၀ ဧကတို့ဖြစ်သည်။

ယင်းမာပင်ခရိုင်အတွင်းရှိ ကြက်သွန်နီစိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ **စာမျက်နှာ ၁၄ ကော်လံ ၁** ❖



၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများပါရှိ

၂၀၂၅ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင် စာမေးပွဲအတွက် စာမေးပွဲအထောက်အကူပြု သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို စာမျက်နှာ ၂၅ တွင် ဖော်ပြပါရှိပါသည်။

တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

စာ - ၂၉ သို့

